
www.burmeseclassic.com



# သင်နှင့်တကွ အပေါင်းပါများသို့ သာရန်

www.burmeseclassic.com

www.burmeseclassic.com

[illegible]

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို
နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော
ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ
ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း
ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှအတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍
စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကိုဖန်တီးနိုင်မှုစွမ်းအားသည်
နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက် (၄) ရပ်**

တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ
အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# မာတိကာ


ရွေးချယ်တင်ဆက်မှု-၁
သင်နှင့်တကွ အပေါင်းပါများ သိသာရန် 9

ရွေးချယ်တင်ဆက်မှု-၂
မိုးမိသွားတဲ့အိပ်မက် 19

ရွေးချယ်တင်ဆက်မှု-၃
လက်နှိပ်စက် 29

ရွေးချယ်တင်ဆက်မှု-၄
ဘတ်(စ်)ကား 39

ရွေးချယ်တင်ဆက်မှု-၅
ဂျိုကာ 49

ရွေးချယ်တင်ဆက်မှု-၆
မြို့ပတ်ရထားအကြောင်းစာစီစာကုံး 57

ရွေးချယ်တင်ဆက်မှု-၇
စကားလုံးများရဲ့ဆင်ဖိုနီ 63

ရွေးချယ်တင်ဆက်မှု-၈
လက်ယာခြမ်းအပေါ်အံသွား 73

ရွေးချယ်တင်ဆက်မှု-၉
လက်ထိဘော 81

ရွေးချယ်တင်ဆက်မှု-၁၀
လေးလံနေသော ဦးခေါင်းတစ်လုံး၏လားရာ 93

ရွေးချယ်တင်ဆက်မှု-၁၁
ဂမ္ဘီရဆပ်ကပ် 101

ရွေးချယ်တင်ဆက်မှု-၁၂
သရုပ်ဆောင်ကောင်းတဲ့ပုံပြင် 111

ရွေးချယ်တင်ဆက်မှု-၁၃
နားနားပြီးပြောသော်လည်း ဆာဝင်ကြောမထိ၍ အသိပင်မရှိ 121


www.burmeseclassic.com

www.burmeseclassic.com




စာမူခွင့်ပြုအမှတ် ၅၀၀၄၁၅၀၃၀၉ မျက်နှာဖုံးခွင့်ပြုအမှတ် ၅၀၀၃၈၅၀၃၀၉ ဖြင့်
ဦးနိုင်မျိုးထွန်း(အင်ပါယာစာပေ)၊တိုက်–၂၁၊ အခန်း–၁၁၊
ဦးဝိစာရလမ်း၊ စီးပွားကူးသန်းဝန်ထမ်းအိမ်ယာ၊ ဒဂုံမြို့သစ်မြောက်ပိုင်းမှ ထုတ်ဝေပြီး
ဦးကျော်ဟင်း(ရွှေခြသေ့ပုံနှိပ်တိုက်)၊ ၃၁လမ်း၊ပန်းဆိုးတန်းနှင့်
ဦးမြင့်ဝေ(ကံသာပုံနှိပ်တိုက်)တို့တွင် ရိုက်နှိပ်သည်။
အထူးသဖြင့် မျက်နှာဖုံးကို မောင်နီးက သရုပ်ဖော်ပြီး လူဇော်သစ်က ဒီဇိုင်းဆင်ကာ
ပယ်စိုး တွင် စာအုပ်ချုပ်၍
၂၀၀၉ ခုနှစ်၊ ဧပြီလ အတွင်း ပထမအကြိမ် အဖြစ်
အုပ်ရေ ၅၀၀၊ တန်ဖိုး ၁၇၀၀ ကျပ်ဖြင့်
ပရိသတ်လက်ဝယ်ရောက်ရှိအောင် အမှတပြင်း ကြိုးပမ်းခဲ့ရသည်။

DREAM DEALER
dreamdealer@gmail.com
09 50 02368, 09 20 27842
အမှတ်(၂၆/၂၈)၊အောင်သိဒ္ဓိ(၆)လမ်း၊မြောက်ဒဂုံမှ
တစ်ပြည်လုံးအတိုင်းအတာအထိ ဖြန့်ချိသည်



အမှတ်မထင် ပြောဖြစ်တဲ့ အမှတ်တရစကား

# ဘာ့သ်ဒေး ဖော်တီတူး

စာရေးသက် နှစ်ဆယ်၊ လူသက်လေးဆယ် အမှတ်တရအဖြစ် (၂၀၀၇)ကတည်းက တစ်ခုခု ထူးထူးခြားခြားလေး လုပ်ချင်နေခဲ့တာ ကြာပါပြီ။ ဒါပေမယ့် ... ဘာလုပ်ရင်ကောင်းမလဲဆိုတာကိုတော့ ... ခပ်လွယ်လွယ် စဉ်းစားမရခဲ့ဘူး။

ငယ်ငယ်က မက်ခဲ့ဖူးတဲ့ ခပ်ကြောင်ကြောင် အိပ်မက်တစ်ခုထဲက ဆန္ဒတစ်ခုကတော့ မွေးနေ့လေးဆယ်မှာ စာဖတ်ပရိသတ်နဲ့ တိုက်ရိုက်ထိတွေ့ပြီး ပရိသတ် လောလောလတ်လတ် ဖတ်ချင်မယ့် ဝတ္ထုမျိုးကို တစ်ထိုင်တည်း ချရေးပေးတာမျိုးပေါ့။ (ပရိဂုဏ်တာ) အကြီးကြီးမှာ တစ်ကြောင်းချင်း ပေါ်လာမယ့် ဝတ္ထုစာသားတွေကို လိုက်ဖတ်နေတဲ့ ပရိသတ်က မကြိုက်တဲ့ စကားလုံး၊ စာကြောင်း တွေ့တွေ့ရင် ချက်ချင်းအော်ပြီး ပြင်ခိုင်းတာမျိုး၊ စာရိုက်နေသူ ကျွန်တော်ကလည်း ချက်ချင်း ပြောင်းလဲပြင်ဆင်တာမျိုး ... စတဲ့ ပရိသတ်နဲ့ ကျွန်တော် **ဝတ္ထုတိုအနုပညာတစ်ခုကို အတူတကွ ပူးပေါင်းဖန်တီးတဲ့ အစီအစဉ်မျိုးပါ**။ နေရာနဲ့ အချိန်သာ အဆင်ပြေမယ်ဆိုရင် လုံးချင်းတစ်အုပ်ကိုတောင် တစ်ပတ်၊ ဆယ်ရက်လောက်နဲ့ ဖန်တီးလို့ ရနိုင်ပါသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ပူးပေါင်းဖန်တီးထားတဲ့ အနုပညာကို သတင်းစာ ဂျာနယ်တွေက နေ့အလိုက် ပြီးသမျှကို တခမ်းတနား ဖေါ်ပြလို့၊ ရေဒီယိုတွေက ဝမ်းပန်းတသာ ထုတ်လွှင့်လို့ ...။ ကျွန်တော့်အိပ်မက်သာ တကယ်ဖြစ်ခဲ့မယ်ဆိုရင်တော့ အတော့်ကို ရင်ခုန်ဖွယ်ကောင်းလှမယ့် အစီအစဉ်ပါ။

ဒါပေမယ့် ... အိပ်မက်တွေကို လက်တွေ့တည်ဆောက်ဖို့ ခက်ခဲလှသလို မွေးနေ့လေးဆယ်အမှတ်တရအဖြစ် **မျှော်စင်ကျွန်းက အကောင်းစား မွေးနေ့ညှ့်ခံပွဲတွေ၊ တန်ဖိုးကြီးအလှူဒါနနဲ့ တစ်ကိုယ်တော် လိုက်ဖ်ရှိုးဖျော်ဖြေမှုတွေ ...** ဘာတစ်ခုမှ မလုပ်နိုင်တော့တဲ့ အခါမှာတော့ ကျွန်တော်ဟာ ကျွန်တော် ရေးခဲ့ဖူးသမျှ ဝတ္ထုတိုတွေထဲက ကောင်းနိုးရာရာတွေကိုပဲ မွေးနေ့အမှတ်တရအဖြစ် စုစည်း ထုတ်ဝေလိုက်ပါတယ်။

ဒီစာအုပ်ထဲမှာ ကျွန်တော့်ရဲ့အတ္တကို ထင်းခနဲ တွေ့မြင်နိုင်မှာဖြစ်သလို ခပ်တုံးတုံး ခလေ့စရိုက်တွေကိုလည်း သတိပြုမိနိုင်ပါလိမ့်မယ်။ ဘဝကို ခပ်ညံ့ညံ့လူတစ်ယောက်အဖြစ် ဖြတ်သန်းဖို့ အစီအစဉ် မရှိခဲ့သူ ကျွန်တော်ဟာ ခပ်တော်တော် ခပ်ထက်ထက် လူတစ်ယောက်လည်း ဖြစ်မလာခဲ့ပါဘူး။ ဒါကြောင့် ကျွန်တော် လုပ်နိုင်သမျှထဲကပဲ ကောင်းနိုးရာရာလေးတွေကို ရွေးချယ်တင်ဆက်လိုက်ပါတယ်။

မူလအစီအစဉ်က ဝတ္ထုတိုင်းရဲ့ရှေ့မှာ ကျွန်တော် လေးစားတဲ့ ဆရာတွေရဲ့ မှတ်ချက်၊ သုံးသပ်ချက်လေးတွေ ထည့်ပေးဖို့ပါ။ ဝတ္ထုတိုတစ်ပုဒ်ကို မဖတ်ခင် အဲဒီဝတ္ထုတိုနဲ့ပတ်သက်တဲ့ ခြေဆင်းသုံးသပ်ချက်အတောလေးကို ဖတ်ရရင် စာဖတ်သူတွေအတွက် ပိုပြီးအကျိုးရှိနိုင်မယ်လို့ ထင်မြင်မိလို့ပါ။ ဒါပေမယ့် ဆရာတွေအားလုံးဆီက သုံးသပ်ချက်တွေကို တစ်ပြိုင်တည်း အချိန်မီ ရရှိနိုင်ဖို့ ခက်ခဲလှတဲ့အတွက် မထည့်ဖြစ်တော့ပါဘူး။ နောက်နောင် ဝတ္ထုတိုစုစည်းမှုအသစ် စီစဉ်ဖြစ်ရင်တော့ ကြိုးစားကြည့်ဦးမယ်။





ကျွန်တော်ရဲ့ အနုပညာသက်နှစ်ဆယ်၊ မွေးနေ့လေးဆယ်ဖြတ်သန်းမှုအမှတ်တရအဖြစ် ယခုစာအုပ် (သင်နှင့်တကွ အပေါင်းပါများသိသာရန်)အပြင် **ကဗျာစာအုပ် (ဖြောင့်ချက်)ကိုလည်း စီစဉ်ထားပါသေးတယ်။** ယခုစာအုပ်ကို 'ကဗျာဟန် ဝတ္ထုတိုများ' လို့ အမည်ပေးမယ်ဆိုရင် ဖြောင့်ချက်ကဗျာစာအုပ်ကိုတော့ 'ဝတ္ထုဟန်ကဗျာများ' လို့ သတ်မှတ်ရပါလိမ့်မယ်။ အဲဒီစာအုပ်ကိုလည်း မဖြစ်မနေဖတ်ကြည့်ပေးကြဖို့ တိုက်တွန်းလိုက်ရပါတယ်။

**P.S** မွေးနေ့လေးဆယ်အစီအစဉ်အဖြစ်
ကျွန်တော့်အသက်လေးဆယ်(၂၀၀၇)ကတည်းက ထွက်ရှိဖို့ပါ။
အကြောင်းကြောင်းကြောင့် ယခုမှထုတ်ဝေလိုက်ရပါတယ်။

လေးစားစွာဖြင့်
သင်၏ချစ်လှစွာသော
**နေနော်**
၊ ၀၃ . ၀၃ . ၀၉ ၊



www.burmeseclassic.com

www.burmeseclassic.com



42 BIRTHDAY MEMORANDUM OF

ရွေးချယ်တင်ဆက်မှု - ၁

# သင်နှင့်တကွ အပေါင်းပါများ သိသာရန်

DREAM 9 DEALER

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



လောကမှာတွဲမစားကောင်းတဲ့အရာတွေရှိသလို
အတူတကွ ယှဉ်တွဲမထားကောင်းတဲ့အရာတွေလည်း ရှိတယ်ဆိုရင်
သူနဲ့ကျွန်တော်ရှေ့ဆုံးကပါပါလိမ့်မယ်
ကျွန်တော်တို့နှစ်ယောက်ဟာ ဝါဒရေးရာမှာတော့ သုံးနဲ့လေးပါပဲ
ဒါနဲ့တောင်ကမ္ဘာလောကကြီးရဲ့ထောင့်ကျဉ်းလေးတစ်ထောင့်မှာ





၁။

'ဘယ်လိုလဲ၊ နေကောင်းတယ် မဟုတ်လား။ မင်းရည်းစားကောင်လေးနဲ့ကော မကြာခဏ စိတ်ကောက်ကြတုန်းပဲလား'

အဲဒီလို စကားစလိုက်တယ်ဆိုရင်ပဲ သူ့မျက်ခုံးတွေ ဆက်ခနဲတွန့်ကွေးသွားကြပြီး မလိုအပ်ဘဲ အသံကျယ်ကျယ်နဲ့ ဟက်ခနဲ ရယ်ချလိုက်တယ်။ ပြီး တော့ကျွန်တော့်လက်မောင်းကို လှမ်းရိုက်ရင်း 'ရှင်ဟာလေ အရင်အတိုင်းပဲ' တဲ့။

ဒါပဲပေါ့။ ဒါဇင်ဝက်သာသာ နှစ်သက္ကရာဇ်တွေက လူတစ်ယောက်ကို ထူးထူးခြားခြား ဘယ်လောက်များပြောင်းလဲသွားစေမှာမို့လို့လဲ။ သူတောင်မှ ခန္ဓာကိုယ်မှာ အဆီတွေ နည်းနည်းတိုးပြီး ခေါင်းပေါ်ကဆံပင်တွေ နည်းနည်း တိုသွားတာကလွဲရင် လေယူလေသိမ်းနဲ့ ဟန်ပန်အမူအရာက အရင်အတိုင်းပဲမဟုတ်လား။

သူဟာ ကျွန်တော့်အတွက် စိတ်ဝင်တစားလှန်ကြည့်ချင်စရာ ကောင်းပေမယ့် ဘယ်တုန်းကမှ အပိုင်ဝယ်သိမ်းချင်စရာကောင်းလောက်အောင် မစွဲဆောင်နိုင်ခဲ့တဲ့ စာအုပ်တစ်အုပ်နဲ့တူတဲ့ မိန်းမပါ။ ဟာ အင်း မဟုတ်သေးဘူး။ ကျွန်တော်ကိုယ်တိုင်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



မသိမ်းချင်ခဲ့တာပါ။ ဒီလိုစာအုပ်မျိုးဟာ ဧည့်ခန်းမှာ တကူးတက နေရာပေး စင်ရိုက်ပြီး တင်ထားရမယ့်စာအုပ်မျိုးလို့ သတ်မှတ်ခဲ့မိတာ မဟုတ်လား။

'ယူအက်စ် ရောက်တုန်းက လီဗိုင်းဘောင်းဘီတွေတွေ့တော့ ရှင့်ကို သတိရသေးတယ်။ ရှင် ဂျင်းဘောင်းဘီတွေ ဝတ်တုန်းပဲလား'

'စွဲစွဲမြဲမြဲပေါ့။ စိတ်အလိုမကျတဲ့အခါ ကောင်မလေးတွေရဲ့မျက်နှာကို စီးကရက်မီးခိုးနဲ့ မှုတ်ထုတ်တဲ့အကျင့်ကိုလည်း ပြင်လို့မရသေးဘူးလေ'

'ယုံပါတယ်၊ ဒါနဲ့ ရှင့်အကြောကောက်ကလေးနဲ့ကော အဆင်ပြေရဲ့လား'

'ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာပါပဲ။ ကိုယ့်သားတောင် ဒုတိယတန်း ရောက်ပြီလေ'

'အို ...'

ကျွန်တော် သိတာပေါ့။

ပျက်ယွင်းသွားတဲ့ သူ့မျက်နှာက တစ်ခုခုကို ရှုံးနိမ့်သွားသလိုမျိုး၊ တစ်စုံတစ်ရာအတွက် မနာလိုဖြစ်သွားသလိုမျိုး ခံစားသွားရတယ်ဆိုတာ။

မတွေ့တာကြာလို့ လက်ရည်တက်လာမလားမှတ်ပါတယ်။ သူ ဘာမှ မတိုးတက်သေးပါလား။ ပါမောက္ခတစ်ယောက် အရှုံးပေးရလောက်မယ့် အသိပညာတွေနောက်ကို တကောက်ကောက် လိုက်ခဲ့ပေမယ့် စိတ်ခံစားမှုကတော့ တက္ကသိုလ်ကျောင်းသူအဆင့်မှာပဲ ရှိနေပါသေးလား။ ပြောတော့ဖြင့် ရှေ့က ဦးဆောင်ချင်သတဲ့။ ခေါင်းဆောင်မှုပေးမယ့် မိန်းမကခံစားမှုကျ အလယ်တန်းတောင် မအောင်သေးပါလား။

သူ ဘာဖြစ်လို့ ခုလို ဖြစ်နေရတာလဲ။

ကျွန်တော်သိတာပေါ့။ အဲဒီအကြောင်းတွေပြောချင်လို့ ဒီဝတ္ထုကို ခုလို ဇာတ်ဝင်ခန်းမျိုးနဲ့ စဖွင့်လိုက်တာပါ။ အချိန်ကာလတွေကို အခွေတစ်ခွေ နောက်ပြန်ရစ်သလို ရစ်လို့ ရမယ်ဆိုရင် လွန်ခဲ့တဲ့ဆယ်စုနှစ်တစ်စုစာ ကာလတွေကို မြင်ယောင်ကြည့်လိုက်ပါ။ အဲဒီတုန်းက ကျွန်တော်တို့နှစ်ယောက် စတွေ့ခဲ့ကြတာပေါ့။

၂။

လောကမှာ တွဲမစားကောင်းတဲ့အရာတွေရှိသလို အတူတကွ ယှဉ်တွဲ မထားကောင်းတဲ့အရာတွေလည်းရှိတယ်ဆိုရင် သူနဲ့ ကျွန်တော် ရှေ့ဆုံးက ပါပါလိမ့်မယ်။ ကျွန်တော်တို့နှစ်ယောက်ဟာ ဝါဒရေးရာမှာတော့ သုံးနဲ့လေးပါပဲ။ ဒါနဲ့တောင် ကမ္ဘာလောကကြီးရဲ့ ထောင့်ကျဉ်းလေးတစ်ထောင့်မှာ လာရောက်တွေ့ဆုံစေခဲ့တဲ့ ကံကြမ္မာရဲ့ မခိုးမခန့်နိုင်မှုကို ကျွန်တော်ကတော့ တအံ့တဩ ရယ်မောခဲ့မိပါရဲ့။





ပညာကို ငန်းငန်းတက်ကိုးကွယ်ပြီး မာနတွေကို ဟိုး ကောင်းကင်ထက်မှာ ချိတ်ထားချင်တဲ့ မိန်းမတစ်ယောက်နဲ့မှ ကျွန်တော့်ဖူးစာကလည်း တိုက်တိုက်ဆိုင်ဆိုင် လာဆုံရတယ်လို့။

သူဟာ လူတွေအားလုံး ပညာတတ် မဖြစ်တာကို မချင့်မရဲ ဖြစ်နေတတ်သလို လူငယ်တွေ လက်ဖက်ရည်ဆိုင်ထိုင်တာကိုလည်း အလဟဿ အချိန်ဖြုန်းမှုတစ်ခုလို့ ယူဆနေတတ်သူပါ။ ကျွန်တော့်ကိုလည်း ပညာရပ်ဆိုင်ရာစာအုပ်တွေကို ဝါးစားသလို ဖတ်ခိုင်းတော့တာပဲ။ သူနဲ့ မတည့်တဲ့ထဲမှာ အဲဒီကိစ္စတွေလည်း ရှေ့ဆုံးကပါပါတယ်။

'ဟော့ မေးနေတယ်လေ ကျွန်မပေးထားတဲ့ စာအုပ်ဖတ်ပြီးသွားပြီလား'

'ဖတ်နေပါတယ်၊ အချိန်တန်တော့ ပြီးသွားမှာပေါ့'

'အခု ဘယ်အခန်း ရောက်ပြီလဲ'

'ချာပတာဝမ်း'

'ဘုရားရေ ဒီလောက် ရက်တွေကြာနေတာတောင် အခန်းတစ်က မတက်သေးဘူးလား၊ တစ်နေ့ကို နှစ်ခန်း သုံးခန်းကျအောင်တော့ ဖတ်မှပေါ့ရှင်၊ ဒီပုံနဲ့သာဆို ဝတ်မှုန်မျိုးပွားမှုပညာအကြောင်း ရှင် ဘယ်တော့ နားလည်မှာလဲ'

'အချိန်တန်တော့ သူ့အလိုလို ဖြစ်သွားမှာပေါ့ အမျိုးသမီးရဲ့၊ ဘာဖြစ်လို့ ဒီလောက်တောင် လောနေရတာလဲ၊ ဘာလဲ ကမ္ဘာကြီးက မနက်ဖြန် ပျက်တော့မှာတဲ့လား၊ ပြီးတော့ အဲ့ဒီပညာရပ်တွေကို နားမလည်တော့ကော လောကကြီးမှာ နေလို့မရတော့ဘူးတဲ့လား'

'ဟယ် ရိုင်းလိုက်တာ'

အဲဒါပါပဲ။ အဲဒီမှာ စတွေ့တာပါပဲ။

သူက ပညာတတ် စကားပြောလေ ကျွန်တော်က ရွဲ့လေနဲ့ မုန့်လုံးစက္ကူကပ်ကြဲတော့တာပဲ။ သူက ဂျာမန်စကားပြောတက်ကြဖို့ အဖော်စပ်တယ်။ ကျွန်တော်က အဘိဓမ္မာသင်တန်းမှာ နှစ်ယောက်စာ စာရင်းပေးတယ်၊ သူက ပတ်ဝန်းကျင် ထိန်းသိမ်းရေးအကြောင်းပြောတယ်၊ ကျွန်တော်က တစ်ခါသုံးတူ လုပ်တဲ့ စက်အကြောင်းရှင်းပြတယ်။ အဲဒီတော့ ရှင်ဟာ တော်လှန်ပုန်ကန်ချင်စိတ်အပြည့်ရှိတဲ့ ဘိုဟီးမီးယန်းလို့ သူ ကျွန်တော့်ကို စွပ်စွဲတော့တာပဲ။

ကျွန်တော်ဟာ ပညာတတ်ဆန့်ကျင်ရေးသမားမဟုတ်ပဲ ပညာကို မြတ်နိုးသူဖြစ်ပေမယ့် လိုအပ်တာထက် ရှေ့တန်းတင်လွန်းတာကိုသာ ယားကျိကျိ ဖြစ်တတ်သူပါ။ ကမ္ဘာကြီးလည်ပတ်နေတာဟာ အသိပညာအတတ်ပညာတွေကြောင့် မဟုတ်ပါဘူးလို့ ကျွန်တော်ပြောတော့ သူက ဒါဆိုရင် ဘာကြောင့်လဲလို့ မေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



'သဘာဝတရားကြောင့်ပေါ့၊ ပညာတွေ မိုးပျံအောင်တတ်ပါစေ၊ သဘာဝတရားကိုတော့ ဘယ်သူမှကျော်လွှားလို့ မရဘူး၊ သဘာဝရဲ့ အကန့်အသတ်ထဲမှာသာ ရှင်သန်ကြရတာ။ လူဆိုတာ အချိန်တန် အရွယ်ရောက်ရင် ရည်းစားထားမယ်၊ အိမ်ထောင်ပြုမယ်၊ မျိုးဆက်ပြန့်ပွားမယ်၊ အဲဒီအတွက် ဘယ်သူမှ ကိန်းဘရစ်က ဘွဲ့တစ်ခုရစရာ မလိုဘူး။ ဘာသာစကားလေးမျိုး တတ်စရာမလိုဘူး၊ ဝတ်မှုန်မျိုးပွားပညာကို နားလည်စရာ မလိုဘူး'

'ဒါပေမဲ့ ဘဝဆိုတာ အိမ်ထောင်သားမွေးကိစ္စနဲ့တင် ပြီးတာ မဟုတ်ဘူးလေ၊ လောကကြီး တိုးတက်ရာ တိုးတက်ကြောင်းအတွက် တခြားကိစ္စတွေ လုပ်စရာ ရှိသေးတယ်။ အဲဒီအတွက် လူတိုင်း ပညာ မတတ်သင့်ဘူးလား'

'တတ်သင့်တာပေါ့၊ တတ်ရင် ကောင်းတာပေါ့၊ ဒါပေမဲ့ လူတွေအားလုံး တစ်တန်းတစ်စားတည်း ပညာတတ်ဖို့ဆိုတာကတော့ ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ လူတွေကို တန်းတူညီဖို့ဆိုတာမျိုး မတွေးသင့်ဘူး၊ အထူးသဖြင့် မင်းလို ဗုဒ္ဓဘာသာ မြန်မာအမျိုးသမီးက ပိုပြီး မတွေးသင့်ဘူး၊ အဲဒီအတွေးမျိုး လီနင်လည်း တွေးဖူးတယ်၊ စတာလင်လည်း တွေးဖူးတယ်၊ ဒါပေမဲ့ မဖြစ်နိုင်ဘူး'

သူက တန်းညီလို့ မရတောင် လူတိုင်းပညာတတ်ဖြစ်အောင် လေ့ကျင့်သင်ကြားလို့ရတယ်လို့ ယုံကြည်နေပြန်တယ်။ သူ အဲလိုယုံတာကို အပြစ်တော့ မဆိုသာဘူး၊ ဘာလို့ဆို ကျွန်တော်နဲ့တွေ့တဲ့ အချိန်မျိုးတွေမှာတောင် အိတ်ဆောင် အဘိဓာန်ကိုယူလာပြီး စကားလုံးဆယ်လုံးရအောင် ကျက်နေတတ်လို့ပါ။ ဒါပေမဲ့ ပါရမီ မပါရင် တစ်နေ့ကို နာရီနှစ်ဆယ် လေ့ကျင့်သင်ကြားပါစေ။ အိုင်းစတိုင်းမဖြစ်နိုင်သလို တိုက်ဂါးဝုဒ်နဲ့ ဒေးဗစ်ဘက်ဟမ်း လည်း မဖြစ်နိုင်ပါဘူး။

ပြီးတော့ အိမ်ထောင်ရေးဆိုတာ ပါလီမန်အမတ် ရွေးတာမဟုတ်သလို တက္ကသိုလ်ဂုဏ်ထူးဆောင် နာယကခန့်ထားတာလည်း မဟုတ်တဲ့အတွက် ဘွဲ့တွေ တစ်ဒါဇင်လောက်ရလည်း အိမ်ထောင်ရေးသာယာမယ်လို့ အာမ မခံနိုင်ကြောင်း ကျွန်တော် ရှင်းပြတော့ သူက ခပ်ဟဟ ရယ်ပါတယ်။

'ဘယ်သူက အိမ်ထောင်ရေးအကြောင်းကို ပြောနေလို့လဲ'

'မင်း အိမ်ထောင် မပြုတော့ဘူးလား'

'ကျွန်မ စဉ်းစားဦးမယ်'

သူက အနိုင်ပိုင်း လိုက်နိုင်သူတစ်ယောက်လို တစ်ဝိုင်းလုံး ဆွဲစားလိုက်နိုင်သူတစ်ယောက်လို ပမာမခန့် ပြုံးပါတယ်။ ဒါပေမဲ့ သူမနိုင်ပါဘူး။ သူ ဒီလို ရိုက်ချလိမ့်မယ်ဆိုတာကို ကျွန်တော် ကြိုမျှော်လင့်ထားမိလို့ပါ။

'အချိန်ကုန်ခံပြီး စဉ်းစားမနေပါနဲ့၊ မင်း အိမ်ထောင်မပြုရဲပါဘူး၊ အဲဒါကို ကိုယ့်ရဲ့တစ်နှစ်စာလုပ်ခနဲ့ ပုံလောင်းရဲတယ်၊ မင်း ဘယ်တော့မှ အိမ်ထောင်ပြုဖြစ်မှာ မဟုတ်ဘူး၊ ဘာဖြစ်လို့လဲ သိလား၊ မင်း ကြောက်နေလို့ပေါ့၊ အဘက်ဘက်က အောင်မြင်နေတဲ့ မိန်းမတစ်ယောက်ဟာ အိမ်ထောင်ရေးကျမှ အဖျားရှုံးပြီး ကျဆုံးသွားမှာ စိုးလို့ပေါ့။ အဲဒီစွန့်စားမှု (ရစ်–စ်ခ်)ကို မင်းဘယ်တော့မှ ယူရဲမှာ မဟုတ်ဘူး၊ ဒါပေမဲ့ တစ်ချိန်တည်းမှာပဲ မင်းဟာ အများသူငါလို ကိုယ့်အိုးကိုယ့်အိမ် ကိုယ့်မိသားစုနဲ့ နေချင်တဲ့စိတ်နဲ့ တစ်သက်လုံး ကျိန်စာမိသွားရလိမ့်မယ်။ ကိုယ်ပြောတာ ယုံ'

သူဟာ မျက်နှာတစ်ခုလုံး နီရဲသွားပြီး ခပ်တိုးတိုး ကျိန်ဆဲလိုက်တယ်။ ပြီးမှ ကမန်းကတန်း မေးပါတယ်။ ရှင် ဘာဖြစ်လို့ အဲဒီလောက် သေချာနေရတာလဲ တဲ့။ ကျွန်တော် ရိုးရိုးလေး ဖြေလိုက်တယ်။

'ကိုယ်ဟာ မင်းရဲ့စိတ်ကို ဖတ်နိုင်နေလို့ပေါ့။ မင်းဘာသာ ဘွဲ့တွေ ဘယ်လောက် ယူထား ယူထား ကိုယ်ဟာ သဘာဝအတန်းပညာမှာ အမြဲတမ်း မင်းထက် တစ်တန်းကြီးတယ်။ အဲဒါကိုတော့ မယုံမရှိနဲ့'

အဲဒီနောက်ပိုင်း ကျွန်တော်တို့နှစ်ယောက်ဟာ တဖြည်းဖြည်း အတွေ့ကျဲသွားကြသလို အသည်းတွေလည်း ပိုမာခဲ့ကြတယ်။ သူက သင်တန်းတွေ တစ်ခုပြီးတစ်ခု တက်ပြီး ကျွန်တော်ကတော့ ကောင်မလေးတွေ တစ်ယောက်ပြီးတစ်ယောက် တွဲဖြစ်ခဲ့တယ်။ ကျွန်တော့်ဘေးမှာ ကျွန်တော့်ရဲ့ စီးကရက်ငွေ့ ရှူခွင့်ရတဲ့သူတွေထဲမှာ သူ့လို ပညာတတ်မိန်းမတစ်ယောက်မှ မပါစေခဲ့ဘူး။ တော်ရုံတန်ရုံဘွဲ့တစ်ဘွဲ့ဆို တော်ရောပေါ့။ မလိုအပ်ဘဲ အမြီးတွေ ရှည်စရာ မလိုပါဘူး။

ကျွန်တော့်အမြင်တော့ ထက်မြက်ပြီး ပညာတတ်လွန်းတဲ့ မိန်းမတွေဟာ တံခါးခြောက်ပေါက် ကားကြီးတွေလိုပဲ။ တီဗွီပါတယ်၊ ရေခဲသေတ္တာပါတယ်၊ အစည်းအဝေးတောင် ကျင်းပလို့ရတယ်ဆိုတဲ့ ကာဒီလက်ကားကြီးတွေလို မျိုးပေါ့။ အပိုဆာဒါးတွေနဲ့ မလိုအပ်ဘဲ လေးလံနေတယ်လို့ ကျွန်တော်တော့ ထင်တာပဲ၊ ကားတစ်စီးဟာ ပေါ့ပေါ့ပါးပါး မောင်းနှင်လို့ရမယ်၊ သက်သောင့်သက်သာစီးနင်းလို့ရမယ်ဆို တော်ပြီပေါ့၊ ဘာလို့ အကျယ်ချဲ့နေမှာလဲ။







www.burmeseclassic.com

www.burmeseclassic.com



တစ်ခုတော့ ရှိတာပေါ့။ သူဟာ ကိုဖီအာနန်တို့ ဘန်ကီမွန်းတို့ရဲ့နေရာကို ချိန်ရွယ်နေတယ်ဆိုရင်လည်း ဘွဲ့တွေ တစ်ခုပြီးတစ်ခု ထပ်ယူပါစေပေါ့။ ကျွန်တော်ကတော့ ကျွန်တော့်အပေါ်နားလည်တဲ့ ကောင်မလေးကိုပဲ လက်ထပ်ယူခဲ့ပါတယ်။ ကျွန်တော်တို့ လက်ထပ်ပွဲကို သူ ရောက်မလာပါဘူး။ သူ Ph.D ရတဲ့ ဂုဏ်ပြုဧည့်ခံပွဲကိုလည်း ကျွန်တော် မသွားရောက်ဖြစ်ခဲ့ဘူး။

နှစ်တွေ တစ်နှံတစ်လျား မဟုတ်ပေမယ့် ကျွန်တော့် ဒိုင်ယာရီမှတ်တမ်းခုနှစ်အုပ်လောက်မှာ သူပါဝင်ခွင့်မရဘဲ ခုမှ တိုက်တိုက်ဆိုင်ဆိုင် လာရောက်ဆုံစည်းကြတာပါ။ သူ့ခန္ဓာကိုယ်မှာ အသားတွေ နည်းနည်းတိုးပြီး သူ့မျက်နှာမှာ ရင့်ကျက်မှုတွေ ပိုပြီး ပြည့်စုံလာပေမယ့် ကျွန်တော်သိတဲ့ သူဟာ ထူးထူးခြားခြား မပြောင်းလဲသေးပါဘူး။ အရင်ကလိုပဲ ဆံပင်တိုတိုနဲ့ သွက်လက်ပေါ့ပါးပြီး ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိပုံ အပြည့်နဲ့ပေါ့။

ပြောရရင် ကာဒီလက် ဆိုတဲ့ အမှတ်တံဆိပ်ကို အဝေးကတောင် ထင်းခနဲ မြင်နိုင်ပါတယ်ဆိုတဲ့ ဟန်ပန်နဲ့ပါ။ သူ့ကို စာအုပ်တစ်အုပ်လို သဘော ထားခဲ့တဲ့ ကျွန်တော်ဟာ အဆုံးထိဖတ်ဖို့ စိုးရွံ့ခဲ့တာများလားလို့တောင် ကိုယ့်ကိုယ်ကိုယ် ဇဝေဇဝါ ဖြစ်လာစေခဲ့ပါသေးတယ်။

၃။

'စီးကရက်ကို ဟိုဘက် လှည့်သောက်စမ်းပါ။ ဖြစ်နိုင်ရင် မသောက်ဘဲ မီးသတ်လိုက်တော့၊ ဒါနဲ့ ပြောစမ်းပါဦး ရှင့်သားက ရှင်နဲ့ တူရဲ့လား'

'အင်း same chip ပေါ့။ တစ်ပုံတည်းပဲ'

'ဒါဆို ကျွန်မ ဗေဒင်ဟောလိုက်မယ်၊ ရှင့်လိုပဲ သူပုန်စိတ်အပြည့်နဲ့ ဂျစ်ကန်ကန်လေး ဖြစ်ရမယ်၊ ဘယ့်နှယ်လဲ'

'အင်း ဖြစ်နိုင်ပါတယ်'

'ဒါနဲ့ ရှင် ကျွန်မကို စကားကြွေးဆပ်စရာ တစ်ခုရှိသေးတယ်နော်၊ ရှင်ဟာ သဘာဝအတန်းပညာမှာ ကျွန်မထက် အမြဲ တစ်တန်းကြီးခဲ့တယ် ဆိုတာလေ၊ အဲဒါကို ရှင်းစမ်းပါဦး'

သူ မမေ့သေးပါလား။ ဒါမှမဟုတ် ခုမှ ကောက်ကာငင်ကာ သတိရသွားရတာများလား။ ဆိုပါစို့ ကျွန်တော့်မှာ သားလေးတစ်ယောက် ရှိတယ်ဆိုတာကို သိသွားပြီး မခံချင်ဖြစ်ရင်းနဲ့ ဖြစ်ဖြစ်ပေါ့။ ဘာကြောင့်ပဲ ဖြစ်ဖြစ် အဲဒီမေးခွန်းကို မေးလာဖော်ရတဲ့အတွက်တော့ ကျွန်တော် ဝမ်းသာရပါတယ်။





'ကိုယ် ပြောခဲ့ဖူးသလိုပါပဲ။ လူဆိုတာ သဘာဝနဲ့အတူ လိုက်လံကြီးပြင်းရတယ်။ ကျောင်းပြေးသင့်တဲ့ အရွယ်မှာ ကျောင်းပြေးပြီး အလုပ်လုပ်သင့်တဲ့အရွယ်မှာ အလုပ်လုပ်ရမယ်၊ အိမ်ထောင်ပြုသင့်တဲ့ အရွယ်၊ မျိုးဆက်ပြန့်ပွားသင့်တဲ့ အရွယ်တွေမှာလည်း လိုအပ်ချက်အတိုင်း ပြုမူရမယ်၊ ဒါမှ ကြီးပြင်းရင့်ကျက်တယ်လို့ ခေါ်တယ်'

'ဒါဖြင့် ကျွန်မက မရင့်ကျက်သေးဘူးပေါ့'

'အမှန်ပဲ၊ မင်း ကိုယ့်လို ရင့်ကျက်ဖို့ အဆင့်နှစ်ဆင့်လောက် လိုနေသေးတယ်၊ မင်းရဲ့လက်အောက်က အမျိုးသမီးလေးတစ်ယောက် မီးဖွားခွင့် ယူတာကို မင်း အပြည့်အဝ လိုက်လျောနားလည်ပေးနိုင်ဖို့အတွက် မင်းကိုယ်တိုင် အဲဒီအဆင့်ကို ကျော်ဖြတ်ပြီးမှ ဖြစ်နိုင်မယ်၊ စာအုပ်တွေ ဖတ်ပြီး ခံစားလို့ရပါတယ်လို့တော့ လာမပြောနဲ့၊ အဲဒါက အတုအယောင်ပဲ၊ လူ့ဘဝကို အပြည့်အဝ နားလည်ဖို့ အိမ်ထောင်သည်ဘဝကို မဖြတ်သန်းဘူးဘဲ ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ မင်းဘာသာ ပညာတွေ ဘယ်လောက်တတ်တတ် လူပီသတဲ့ အစစ်အမှန် ခံစားမှုဆိုတာ ကကယ့်လောကရဲ့ အတွေ့အကြုံတွေကသာ ပေးနိုင်တာ၊ ကိုယ်ထင်တယ်လေ၊ လူ့မျိုးနွယ်မိသားစုတစ်စုကို ဦးဆောင်မယ့်သူဟာ အပျိုကြီး လူပျိုကြီးများ ဖြစ်လို့ကတော့ အဲဒီမိသားစုဟာ အပြည့်အဝတိုးတက်မှုကို ဘယ်တော့မှ မရနိုင်ဘူး'

'ကျွန်မ မယုံဘူး'

'မင်း ယုံမှာ မဟုတ်ဘူးဆိုတာ ကိုယ် သိတယ်၊ မင်းကိုယ်တိုင် အိမ်ထောင်သည်ဘဝကို မရောက်မချင်း ဘယ်တော့မှ လက်ခံမှာ မဟုတ်ဘူး၊ မင်း အိမ်ထောင်သည် ဖြစ်လာတော့မှသာ တစ်ချိန်တုန်းက မာနထားခဲ့တာတွေ၊ မလိုအပ်ဘဲ အရေပြားပါးခဲ့တာတွေဟာ အလကားပါလားဆိုတာ သဘောပေါက်လာလိမ့်မယ်၊ အဲဒီကျမှသာ လူတွေ ပြောပြောနေတဲ့ လူ့ဘဝဆိုတာ ဒါပါလားလို့ နားလည်လာလိမ့်မယ်'

သူ့မျက်နှာကို ကြည့်ရုံနဲ့ ကျွန်တော့်စကားတွေအပေါ် သူအပြည့်အဝ လက်မခံနိုင်ဘူးဆိုတာ သိသာလှပါတယ်။ ခု လက်မခံလည်း တစ်ချိန်ချိန် တော့ သူ လက်ခံလာမှာပါ။ ဒါပေမဲ့ အဲဒီတစ်ချိန်ချိန်ကို သူကြုံနိုင်ပါ့မလား။ ခုဆို သူနဲ့ကျွန်တော့်ကြားက အသိအမြင်ကွာဟမှုဟာ အတော့်ကို ကြီးမားနေခဲ့ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဘဲဒီလို ကြီးမားသွားရတာဟာ ကျွန်တော်က ရပ်ကျန်ခဲ့ပြီး သူက သွားနေလို့လား။ ဒါမှမဟုတ် သူ ကျန်ရစ်ခဲ့ပြီး ကျွန်တော်က သွားနေလို့လား။ အဲဒါကိုရော သူ တွေးမိပါ့မလား။

တအောင့်ကြာတော့ ကျွန်တော်တို့နှစ်ယောက် နှုတ်ဆက်ပြီး လမ်းခွဲခဲ့ကြတယ်။ အတော်ဝေးဝေးရောက်မှ လှည့်ကြည့်တော့ သူ့ကို မှုန်ပျပျပဲ တွေ့မြင်ရပါတော့တယ်။

ထက်မြက်ပြီး ပညာတတ်သူတစ်ယောက်ရဲ့ မျိုးဆက်သွေးတွေ လူ့လောကကြီးထဲ ပေါက်ဖွားလာခဲ့ရင်ဖြင့် အတော့်ကို အကျိုးရှိမှာပါ။ သူ့ရဲ့ အိမ်ထောင်ဖက်ဟာ သူ့လို ပညာတတ်တစ်ယောက်ဖြစ်ခဲ့ရင် ကောင်းပါတယ်။ တကယ်လို့ ပညာမတတ်လည်း အကြောင်းတော့ မဟုတ်ပါဘူး။ ရှုံးမှာကိုကြောက်ပြီး မကစားဘဲနေရင် ကစားဝိုင်းအပြင်ဘက်ကို ရောက်မှန်းမသိရောက်သွားတတ်ကြောင်း သူ့ကို ကျွန်တော် ရှင်းပြချင်ပါသေးတယ်။ ။

ဒီဇင်ဘာ - ၂၀၀၈ ( သရဖူ )





→ ရွေးချယ်တင်ဆက်မှု - ၂

# မိုးမိသွားတဲ့ အိပ်မက်



www.burmeseclassic.com

www.burmeseclassic.com



# ပြဿနာမှာ ပါးစပ်ထဲမှမိုးရေများအား
# ထွေးထုတ်လိုက်မိသလား
# မြိုချလိုက်မိသလား

စ ဉ် း စ း မ ရ ခြ င် း ဖြ စ် ပါ သ ည်





၁။

ထိုနေ့သည် သင့်ပြက္ခဒိန်၌ နေ့ရာသီ၏ဗုဒ္ဓဟူးနေ့ ဖြစ်နိုင်၏။

သစ်ရွက်တွေကြွေကာ၊ လေထန်သော အေးမြသည့် နေ့တစ်နေ့ ဖြစ်နိုင်၏။

မိုးလင်းကတည်းက သွားတိုက်ဆေးကုန်ကာ၊ သွားပွတ်တံနှင့် ရန်ဖြစ်ခဲ့ရပြီး သင့်ကွန်ပျူတာနှင့် တစ်နေ့လုံး အဆင်မပြေသော ပြဿဒါးနေ့တစ်နေ့ ဖြစ်နိုင်၏။ ပန်းတို့ပွင့်လိမ့်မည်ဟု ယုံကြည်ရသော နေ့တစ်နေ့ဖြစ်နိုင်သလို သင့်ရန်သူ၏ မွေးနေ့လည်း ဖြစ်နိုင်၏။

ကျွန်တော်၏ မှတ်ဉာဏ်ထဲမှာတော့ ထိုနေ့သည် တိမ်ညိုများ အုံ့ဆိုင်းကာ စိတ်ပျက်ဖွယ် မိုးစက်တို့ ရွာသွန်းကျဆင်းနေသော နေ့တစ်နေ့သာ ဖြစ်လေသည်။ သကြ်န်စာ၏အလိုအရ မိုးရာသီ ကုန်ဆုံးသွားသည်မှာ ကြာပြီဖြစ်သော်လည်း ကျွန်တော်၏ မှတ်ဉာဏ်ထဲ၌ ထိုနေ့တိုင်အောင် မိုးတွေ တဖွဲဖွဲရွာသွန်းနေဆဲဖြစ်သည်။ အတူနေမိသားစုဝင်များက အအိပ်ကြီးသော ကျွန်တော့်အား အိပ်ရာထဲ၌ ချန်ထားရစ်ကာ မိုးလင်းကတည်းက အပန်းဖြေပန်းခြံတစ်ခုသို့ ထွက်ခွာသွားခဲ့ကြပြီ ဖြစ်သည်။ ထို့ကြောင့် တစ်အိမ်လုံး ကျွန်တော်တစ်ယောက်တည်း ကျန်ရစ်ကာ ပျင်းရိငြီးငွေ့နေခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် မိတ်ဆွေရင်းချာတစ်ယောက်နှင့် လမ်းအတူ လျှောက်ရင်း စကားစမြည်ပြောချင်သော်လည်း အခြေအနေအရ မဖြစ်နိုင်ပါ။ ဆိုင်းသံတွေ ခြိမ့်ခြိမ့်ညံကာ ကော်ကြီးညှင်းကျည်တောက် မီးသင်းရနံ့၊ ရေနံဆီမီးခွက် ညှော်နံ့နှင့် အကြော်နံ့တို့ သင်းပျံ့နေမည့် ညပွဲဈေးတစ်လျှောက် ဟိုငေး ဒီငေး လုပ်ချင်သော်လည်း အချိန်အခါအရ မဖြစ်နိုင်ပါ။ ကောင်းကင်ပြာ၌ စက္ကူဖွန်များ လွှတ်ကာ၊ ပျော်ရွှင်ဆူညံနေမည့် ကလေးငယ်များအား ရပ်တန့်ငေးမောရန် ဆိုတာကတော့ ပိုလို့ပင် ဝေးကွာလှပါသည်။ ရာသီဥတုက အပြင်ထွက်ခွင့် ရလောက်အောင် ခြေခင်း လက်ခင်း မသာယာသောအခါ ကျွန်တော်သည် မိမိခန္ဓာကိုယ်အား ခြောက်သွေ့တိတ်ဆိတ်သော အိမ်ခန်းကျဉ်းလေးထဲမှာပင် ကျောက်ချထားလိုက်တော့သည်။

ပြတင်းပေါက်အပြင်ဘက်မှ ခပ်စိပ်စိပ် ရွာစောင်းကျဆင်းနေသော မိုးစက်များအား ငေးကြည့်ရင်း မိုးနေ့တစ်နေ့၏ ရှုမျှော်ခင်းအား ပန်းချီကားတစ်ကား ရေးဆွဲရန် စိတ်ကူးခဲ့ဖူးကြောင်း သတိရလိုက်မိသည်။ သို့သော် ခုချိန်ထိ ကောက်ကြောင်းမကောက်ဖြစ်သေး။ ကျွန်တော့်ဘဝ၌ ရည်ရွယ်ပြီး မလုပ်ဖြစ်သေးသော ကိစ္စတို့ အတော့်ကို များပြားလှပါသည်။

ဥပမာ ... မိုင်ပေါင်းများစွာအရပ်မှ ငယ်သူငယ်ချင်းတစ်ယောက်အကြောင်း စာစီစာကုံးရေးရန်၊ မသေခင် သစ်ပင်တစ်ပင် စိုက်ရန် ... ။ ဂျူလီယာရောဘတ်နှင့် ညစာအတူစားရန် ...။ နံရံပေါ်မှ တစ်ကြောင်းဆွဲပန်းချီအား ဒီဂျစ်တယ် ရှုမျှော်ခင်းပုံနှင့် ပြောင်းရန် ...၊ အေအိုင်ဒီအက်စ်နှင့် အသည်းရောင်ဘီပိုး စစ်ဆေးရန်...။ နေ့စဉ် မေတ္တာသုတ်တစ်ရာ့ရှစ်ခေါက်ရွတ်ရန် ...။

ပြောမည်ဆိုလျှင် အတော်များများ ကျန်ရှိနိုင်ပါသေးသည်။ ယခု ... လောလောဆယ်မှာပင် လုပ်ချင်လျက်နှင့် မလုပ်ဖြစ်တာတစ်ခုက လမ်းလျှောက်ထွက်ဖို့ ဖြစ်သည်။ ရက်ပေါင်းများစွာ ညောင်းညာကိုက်ခဲမှုတွေနဲ့ လေးလံထိုင်းမှိုင်းနေတဲ့ ခန္ဓာကိုယ်ကြီးကိုသာ ညီညာပျံ့ပျူးတဲ့ လမ်းကောင်းကောင်းမှာ မောင်းနှင်လျှောက်လှမ်းလိုက်ရလျှင် အကြောအခြင်တွေ ပြေလျော့ပြီး တက်ကြွလန်းဆန်းလာမှာ အလွန်သေချာပါသည်။

သို့သော် ... မိုးတဖွဲဖွဲ ရွာသွန်းနေသည့် နေ့လည်ခင်းအချိန်မျိုး၌ လမ်းလျှောက်ထွက်[illegible]အောင်တော့ ကျွန်တော် မရိုက်မဲသေးပါ။ အခါလွန်မိုးသည်





ဟုတ်ကွေးရောဂါတစ်ခုကို လက်ဆောင်မပေးဘူးဆိုလျှင်တောင် အနည်းဆုံး အအေးမိပြီး ချမ်းစိမ့်စိမ့်ဖြစ်လာစေနိုင်သည် မဟုတ်ပါလား။ ကျွန်တော်က၊ လူရှေ့သူရှေ့ နှာချေရခြင်းကို အားနာသူ ဖြစ်၏။

တစ်ခုခု လုပ်ချင်သော်လည်း ဘာလုပ်ရမှန်း မသိသောအခါ၊ လူသည် သရီးသရီဖြစ်လျက် လေးလံထိုင်းမှိုင်းလာတော့၏။ အမှန်က ယခုလို အားလပ်ရက်မျိုး၌ အချိန်ကို အကျိုးရှိရှိ အသုံးချရန် ကျွန်တော် တင်ကြို စိတ်ကူးယဉ်ထားခဲ့ပါသည်။ ဥပမာ ... ပြင်ပရှုခင်းအား ပုံကြမ်းကောက်ရန်။ သစ်ပင်တစ်ပင်ပျိုးရန် ...။ စာအုပ်စင်မှ စာအုပ်များအား နေရောင်ထုတ်ပြရန် ...။ သို့သော် ... မိုးရေစက်တို့က ကျွန်တော့်စိတ်ကူးများအား တိုက်စားသွားခဲ့၏။

အိမ်ခေါင်မိုးနှင့် မိုးရေစက်တို့၏ ထိတွေ့သံကို နားခံရင်း တစ်စုံတစ်ယောက်နှင့် စကားပြောချင်စိတ်တို့က ရန်းကြွလာကြ၏။ မျက်နှာချင်းဆိုင် တွေ့မြင်ရင်ဖွင့်တာမျိုး မဟုတ်တောင် တယ်လီဖုန်းမှတစ်ဆင့် ဆိုလျှင်လည်း မဆိုးလှပါ။ ထိုတစ်စုံတစ်ယောက်သည် မီရဲလ်ဝီသော်လည်းကောင်း၊ ရေဗက္ကာဝင်းသော်လည်းကောင်း၊ ဂျေကေရိုးလင်းနှင့် မြို့မငြိမ်းသော်လည်း ကောင်း ဘယ်သူမဆို ဖြစ်နိုင်ပါသည်။

သို့သော်... မောင့်ဗလင့်နဲ့မှ စာရေးချင်သည်ဆိုသော ဆရာမလေး မဖြစ်စေရ။ ထစ်နေသော စီဒီကို ထပ်ခါတလဲလဲဖွင့်ပြီး အသစ်ဟု ကြွေးကြော်နေသူမျိုး မဖြစ်စေရ။ နားမလည်နိုင်ဘူး... ဟူသော စကားကိုသာ မျက်စိစုံမှိတ်ပြီး အော်ဟစ်ဟတ်သူမျိုးလည်း မဖြစ်စေရ။

ထိုတစ်စုံတစ်ယောက်သည် အပြန်အလှန် နားလည်မှုနှင့် လေးစားမှုကို ဟန်ဖိုးထားတတ်သူမျိုး ဖြစ်စေချင်သည်။ ဥာဏ်ရည်မြင့်ကာ သဘောပေါက်လွယ်သူမျိုးလည်း ဖြစ်စေချင်သည်။ ပြောရလျှင်တော့ ထိုတစ်စုံတစ်ယောက်မှာ သင်သာဖြစ်သင့်ပါသည်။

သို့သော် ... တစ်ခုခက်သည့်မှာ ကျွန်တော်၏တယ်လီဖုန်း ပျက်နေခြင်းပင်...။ အကယ်၍ လိုင်းမပျက်လျှင်တောင် ကျွန်တော်၏ တယ်လီဖုန်းက နံပါတ်တစ်ခုနှင့် ချိတ်ဆက်ခွင့်ရဖို့အရေး စိတ်တိုချင်စရာကောင်းလောက်အောင် စောင့်ဆိုင်းရလေ့ရှိ၏.. ပုန်းပြင်ဆရာ၏ မှတ်ချက်က ... အထွက်ခေါ်ဆိုမှု ကောင်းရန်အားကစ်ဒ်ပြား လဲပါဟူ၏။ သို့သော်... ကျွန်တော် မလဲဖြစ်သေး။ ကျွန်တော့်၌



www.burmeseclassic.com

www.burmeseclassic.com



အချိန်အတိအကျ အရေးတကြီး ဖုန်းခေါ်ရမည့် ကိစ္စမျိုးလည်း မရှိသေးသဖြင့် ဒီတိုင်းသာ ထားလိုက်ပါသည်။

တယ်လီဖုန်းအား အားကိုး၍ စိတ်ထွက်ပေါက်ရှာရန် မဖြစ်နိုင်သောအခါ စာဖတ်ရန် ကျွန်တော် စိတ်ကူးလိုက်၏။ ကျွန်တော် နောက်ဆုံးဖတ်ဖြစ်ခဲ့သည်မှာ ဆရာမောင်စူးစမ်းနှင့် ဆရာကျော်ဝင်းတို့ဘာသာပြန်သော တော်ဖလာနှင့် ဟန်တင်တန်တို့၏ တတိယလှိုင်းအကြောင်းဖြစ်သည်။ ထို လှိုင်းအကြောင်း အသေးစိတ်သိလိုသော်လည်း ဆက်ဖတ်စရာစာအုပ်တို့က မရှိတော့။ ထို့အပြင် ဂိမ်းသီအိုရီအကြောင်း၊ ကျမ်းရိုးသစ် (New Classical) အကြောင်းနှင့် ပို့စ်မော်ဒန်ရောနှောခြင်းသီအိုရီ အကြောင်းတို့ကို ဖတ်ချင်သော်လည်း ငွေကြေးအခက်အခဲအရ ကျွန်တော်စာအုပ်အသစ် မဝယ်နိုင်တာ၊ အတော်ကြာခဲ့ပြီ ဖြစ်၏။ သုတအစားရသကို ပြောင်းဖတ်ဖို့ စိတ်ကူးလိုက်သော်လည်း တော်ရိုရော်ရိုဝတ္ထုများက ကျွန်တော့်ကို မဆွဲဆောင် နိုင်ပြန်ပါ။ နောက်ဆုံးတော့ ကျွန်တော် စာအုပ်စင်နားမှ လှည့်ထွက်လာခဲ့သည်။

ယခင်က စာဖတ်၍ မရသောအခါ စာရေးလေ့ရှိသော်လည်း ယခုတော့ စာရေးချင်စိတ် မရှိသလို ရေးစရာအကြောင်းအရာကလည်း အလွယ်တကူ ရှိမနေပါ။ နောက်ထပ် အခက်အခဲတစ်ခုက ကျွန်တော်၏ တစ်ခါသုံး ဘောလ်ပင်များဖြစ်သည်။ အသုံးမပြုတာကြာပြီဖြစ်သော ထိုဘောလ်ပင်တို့က မင်ကောင်းစွာ မလိုက်တော့။ တစ်ခုခုကို ရေးလိုက်တိုင်း ထင်သည့်အခါ ထင်၍ မှိန်သည့်အခါ မှိန်ဖြော့ပျောက်ကွယ်သွားတတ်သည်။ ထို့ကြောင့် စာကြောင်းတစ်ကြောင်းစာရဖို့ စာသုံးကြောင်းစာမျှ အင်အားစိုက်ထုတ်ရလေ့ ရှိသည်။ မိတ်ဆွေတစ်ဦးက အပေါစားဘောဘင်တွေ ဝယ်မသုံးရန် အကြံပြုဖူးသော်လည်း အခြေအနေအရ တစ်ခါသုံးဘောလ်ဘင်များကိုပင် ကျွန်တော် အားပြုနေရဆဲဖြစ်သည်။

စာရေးစာဖတ်၍ မရသလို၊ တစ်ယောက်ယောက်ထံ တယ်လီဖုန်းဆက်ရန်လည်း အခွင့်မသာသောအခါ ကျွန်တော်သည် တစ်ခုခု လုပ်ချင်သော်လည်း ဘာလုပ်ရမှန်း မသိစွာ သရိုးသရီဖြစ်၍ လာတော့သည်။ နောက်ဆုံးတော့ အိမ်တံခါးဝဆီသို့ လျှောက်လာခဲ့ပြီး စိတ်ပျက်လက်ပျက် ခြေဆင်းထိုင်ကာ၊ တစိမ့်စိမ့်ရွာနေသော မိုးကိုသာ ငေးကြည့်နေမိတော့သည်။





၂။

မည်းမှောင်သော မိုးသည် လူအတော်များများကို အိမ်တွင်းအောင်း ဖြစ်စေရန် တွန်းအားပေးနေဆဲဖြစ်သည်။ ငယ်ငယ်ကတော့ ယခုလိုမိုးရွာလျှင် စောင်ထူထူခြုံပြီး အိပ်ရာထဲကွေးရသည်မှာ အရသာ ရှိလှ၏။ မိုးအလွန် သည်းထန်သောမနက်ခင်းများ၌ အမေက ကောင်းမသွားချင် မသွားနဲ့တော့ဟု ခွင့်ပြုတတ်၏။ ထိုအခါ ကျောင်းတက်ရမှာပျင်းသော ကျွန်တော်က အလွန်ပျော်ရွှင်လေသည်။ ဝမ်းသာအားရ 'ဟေး' ခနဲ အောင်ဟစ်ကာ ... အိပ်ရာထဲ၌ ပြန်ကွေးရန် ဒုန်းစိုင်းပြေးလေတော့သည်။

သို့သော် ... ယခု ကျွန်တော်၏အရွယ်က မူလတန်းကျောင်းသားလေး မဟုတ်တော့။ မိုးရွာပြီကွ ... ဟု လက်သီးလက်မောင်းတန်းကာ အော်ဟစ်ရမည့် အရွယ်မျိုး မဟုတ်သလို မိုးရွာလျှင် ချစ်သူနှင့် ထီးအတူဆောင်းခွင့်ရမည်ဟု ရင်ဖိုလိုက်မောရမည့် လူပျိုပေါက်လေးလည်း မဟုတ်တော့ပါ။ ထို့ကြောင့် မိုးစက်တို့သည် စိတ်ကူးရင်ခုန်ချင်စရာ အိပ်မက်များကို မမွေးဖွားစေနိုင်တော့။ ပြောမည်ဆိုလျှင် မိုးရွာနေခြင်းကြောင့် ကျွန်တော်၏ပျိုးလက်စ စိုက်ခင်းအသစ်လေးအတွက်ပင် စိုးရိမ်ရပါသေးသည်။

အကယ်၍ ကျွန်တော်၏အိမ်သားများသာ ထီးတစ်လက်တလေကို ချန်ထားရစ်ခဲ့ပါက ခြံထောင့်ရှိ ထိုစိုက်ခင်းလေးဆီသို့ ကျွန်တော် သွားရောက် ကြည့်ရှုနိုင်ပါလိမ့်မည်။ ထို့ပြင် လမ်းထိပ်လက်ဖက်ရည်ဆိုင်သို့ဖြစ်စေ၊ တစ်ဘက်ရပ်ကွက်မှ မိတ်ဆွေတစ်ယောက်ထံသို့ဖြစ်စေ သွားရောက်နိုင်ပါသေးသည်။ သို့သော် ... လောလောဆယ် ကျွန်တော်၌ ထီးတစ်လက်မှ မရှိသလို ဆောင်းစရာဦးထုပ်များလည်း တစ်လုံးတလေမှ မရှိပါ။

ပျင်းရိငြီးငွေ့မှုက ကျွန်တော့် ခန္ဓာကိုယ်အား တဖြည်းဖြည်း ဝါးမြိုကာ ထုံထိုင်းမိန်းမောလုလု အနေအထားမှာပင် တစ်စုံတစ်ယောက်က ကျွန်တော့် အိမ်ရှေ့သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာခဲ့သည်။ ကျွန်တော်တို့ ရပ်ကွက်ထဲမှ စိတ်မူမမှန်သော ခပ်ကြောင်ကြောင်ကောင်လေး ဖြစ်၏။ ၄င်း၏ တစ်ကိုယ်လုံး မိုးရေတွေ စိုရွှဲနေသော်လည်း ချမ်းစိမ့်ဟန်တစ်စက်မှ မရှိ။ ကြည့်ရသည်မှာ နေပူဆာလှုံရင်း လမ်းလျှောက်နေသည်နှင့်ပင် တူသေးတော့သည်။

"အစ်ကို ... ဘာလုပ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ထိုင်နေတာလေကွာ"

"စာမရေးဘူးလား"

"ရေးလို့မရဘူးကွ။ တခြားလည်း ဘာလုပ်ရမှန်းမသိတာနဲ့ ပျင်းနေတာ"

"ဟာ ... ဒါများ ကျွန်တော့်လို မိုးရေထွက်ချိုးပေါ့ဗျ"

"မလုပ်ပါနဲ့ကွာ။ မိုးရေနဲ့ ငါနဲ့က မတည့်ဘူးကွ။ ငါ့မှာ မိုးရေ (အလာဂျစ်) ရှိတယ်။ မိုးမိပြီးတိုင်း လူက နေထိုင်မကောင်း တစ်ခုခုဖြစ်တာ ချည်းပဲ"

ကျွန်တော့်စကားကို ၄င်းက လက်မခံချင်ဟန်ဖြင့် ခေါင်းကို ဖြည်းညင်းစွာ ခါရမ်းလိုက်သည်။

"အဲ့ဒါ... မိုးနဲ့ကိုယ်နဲ့တစ်သားတည်းဖြစ်အောင် အစ်ကို မလုပ်ခဲ့လို့ဖြစ်မယ်။ မိုးရေဆိုတာ ချိုးလို့ရသလို သောက်လို့လည်း ရတယ်။ ငယ်ငယ်တုန်း က မိုးရေချိုးရင် ပါးစပ်ဟပြီး မိုးရေကို မြို့မချခဲ့လို့ ဖြစ်ရမယ်"

"ဘာဆိုင်လို့လဲကွ"

"ဆိုင်တာပေါ့ အစ်ကိုရ။ လူ့ခန္ဓာကိုယ်ဟာ လက်ခံနိုင်စွမ်းရှိသလို တုံ့ပြန်နိုင်စွမ်းလည်း ရှိတယ်။ တစ်ခုခုကို တုံ့ပြန်ဖို့ ခန္ဓာကိုယ်က ပဋိဇီဝပစ္စည်းတွေ ထုတ်ပေးတယ်။ မိုးရေကို မြိုချဖူးရတယ်။ ဒါမှ နောက်တစ်ခါ မိုးမိရင် ဘာမှမဖြစ်တော့မှာ"

စာ အလွန်ဖတ်ပြီး ခပ်ကြောင်ကြောင် ဖြစ်သွားသည်ဆိုသော ၄င်း၏ စကားကို လျှော့တွက်၍ မရပါ။ 'ငါ အဲ့ဒီလို တစ်ခါမှ မစဉ်းစားဖူးဘူး' ဟု ကျွန်တော် ဝန်ခံလိုက်တော့ ၄င်းက 'အစ်ကို ဘာမှတွေဝေမနေနဲ့ ကျွန်တော် ပြောသလို မိုးရေ ထွက်ချိုးလိုက်။ မျက်နှာကို မော့ပြီး ပါးစပ်ကို ဟထား။ ပါးစပ်ထဲဝင်လာတဲ့ မိုးရေတွေကို မြိုချလိုက်'... ဟု အကြံပေးပါသည်။

လက်ခံရန် သို့မဟုတ် ငြင်းဆန်ရန် ကျွန်တော် တစ်စုံတစ်ရာ မဆုံးဖြတ်ရသေးမီ ၄င်းက ကျွန်တော့်အိမ်ရှေ့မှ ဆက်လက် ထွက်ခွာသွားတော့သည်။ မိုးရေထဲမှာပင် ၄င်း၏လမ်းလျှောက်ပုံက ခန့်ညားလွန်းသဖြင့် အားကျစရာပင် ကောင်းနေသေး၏။ ၄င်း အကြံပေးသလို လုပ်သင့် မလုပ်သင့် ကျွန်တော် ချီတုံချတုံ ဖြစ်နေမိသည်။ သို့သော် ... အချိန်အတန်ကြာသည့်တိုင် တခြားလုပ်စရာ တစ်ခုခုကိုလည်း စဉ်းစား မရသောအခါမှာတော့ ၄င်းပြောခဲ့သည့်အတိုင်း လိုက်နာရန် ဆုံးဖြတ်လိုက်တော့သည်။





နှစ်ပေါင်းများစွာ မိုးရေနှင့် ခန္ဓာကိုယ် မထိတွေ့အောင် တမင် ဂရုစိုက်ခဲ့သော ကျွန်တော့်အတွက် ထိုကိစ္စမှာ အနည်းငယ် သွေးလန့်ချင်စရာ ကောင်းပါသည်။ တံစက်မြိတ်အောက်မှ လှမ်းထွက်နိုင်ရန် ကျွန်တော် အတော်ကြိုးစားခဲ့ရသည်။ နောက်ဆုံး၌ မျက်စိစုံမှိတ်ကာ ခြေတစ်လှမ်းတိုးထွက်လိုက်သည်။ စိမ့်ခနဲ ဖြစ်သွားပြီး ခန္ဓာကိုယ်အား မိုးစက်များက မြားတန်းများသဖွယ် တဒေါက်ဒေါက် ထိမှန်လာကြလေသည်။ အနည်းငယ် အသည်းအေးစရာ ကောင်းသော်လည်း အခြေအနေက ကျွန်တော်မျှော်လင့် ထားသလောက် မဆိုးဝါးလှပါ။ ဒုတိယ အဆင့်အဖြစ် မျက်နှာကိုမော့ကာ ပါးစပ်ဟလျက် မိုးစက်များကို ခံယူလိုက်၏။ တဖြောက်ဖြောက် အသံနှင့်မိုးစက်များ ပါးစပ်တွင်းသို့ ဝင်လာစဉ်မှာပင် ထူးခြားမှု တစ်ခုကို ကျွန်တော် သတိပြုလိုက်မိသည်။ ယင်းမှာ ကျွန်တော့် ပါးစပ်တစ်ခုလုံး ခါးသက်လာခြင်း ဖြစ်သည်။

ဒါဟာ... အကြံပေးသွားတဲ့ ဉာဏ်ကြီးရှင်ပြောသလို၊ ကျွန်တော့် ခန္ဓာကိုယ်က ပဋိဇီဝပစ္စည်းတွေ ထွက်ပေါ်လာတာများလား။ ဒါမှမဟုတ် အခု မိုးရေတွေဟာ ... လူတွေပြောပြောနေတဲ့ မိုးခါးရေဆိုတာများလား။

တစ်စုံတစ်ရာ အဖြေရအောင် ကျွန်တော် ဆက်လက် မစဉ်းစားနိုင်တော့ပါ။ အကြောင်းမှာ ကျွန်တော့်တစ်ကိုယ်လုံး တစ်ဆက်ဆက်တုန်ယင်ကာ ဒယိမ်းဒယိုင် ဖြစ်လာသည့်အတွက် တံစက်မြိတ်အောက်သို့ ပြန်ဝင်လိုက်ရခြင်းကြောင့် ဖြစ်သည်။ အမိုးအကာအောက်သို့ အရောက်မှာပင် ကျွန်တော့် ခန္ဓာကိုယ်သည် အရုပ်ကြိုးပြတ် ပစ်လဲကာ သတိလစ်မေ့မြောသွားတော့သည်။

၃။

ပြန်လည်သတိရသောအခါ ကျွန်တော့် ခန္ဓာကိုယ်သည် စောင်ထူထူ အောက်သို့ ရောက်ရှိနေပြီး ဘေးနား၌ အိမ်သားများ၏ စိုးရိမ်မကင်းသော မျက်နှာတို့ကို တွေ့မြင်လိုက်ရသည်။ အမေကတော့ မိုးရေအလာဂျစ် ရှိလျက်နှင့် မိုးရေထဲထွက်သော ကျွန်တော့်ကိုသာ တဗျစ်တောက်တောက် အပြစ်တင်ပါသည်။ ၄င်းတို့သာ အရောက်နောက်ကျခဲ့ပါက ကျွန်တော့်ခန္ဓာကိုယ်တစ်ခုလုံး အေးခဲကာ လေဖြတ် သွားနိုင်သည်ဟု ဆိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အပြစ်နှင့်ကိုယ်မို့ အမေ၏ အပြစ်တင်နေမှုအား မည်သို့မျှ မတုံ့ပြန်နိုင်ပါ။ ကျွန်တော်၏ ဗီးစပ်ထဲမှာတော့ ယခုတိုင်အောင် ခါးသက်နေဆဲဖြစ်သည်။ ပြန်လည် သတိရချိန်မှစ၍ ကျွန်တော့် ဦးနှောက်အား တဆစ်ဆစ်နာကျင်ကိုက်ခဲစေသော ပြဿနာမှာ ပါးစပ်ထဲမှ မိုးရေများအား ထွေးထုတ်လိုက်မိသလား၊ မြိုချလိုက်မိသလား စဉ်းစားမရခြင်းဖြစ်သည်။ ထို့ကြောင့် မိုးမိခြင်းအား ခုခံနိုင်ရန် ပဋိဇီဝပစ္စည်းတစ်မျိုးကို ကျွန်တော့် ခန္ဓာကိုယ်မှ အောင်မြင်စွာ ထုတ်လုပ်နိုင်ခဲ့သလား ကျွန်တော် မသိတော့ပါ။ ဘာပဲဖြစ်ဖြစ် နောက်တစ်ခါ မိုးရေထဲသို့ စိတ်လိုက်မာန်ပါ ထွက်တာမျိုးကို ရှောင်ကျဉ်ရ လိမ့်မည်ဟူ၍တော့ ကျွန်တော် စဉ်းစားလိုက်မိပါသည်။

ထိုနေ့သည် သင့်ပြက္ခဒိန်၌ နေ့ရာသီ၏ ဗုဒ္ဓဟူးနေ့ဖြစ်နိုင်သလို သစ်ရွက်ကြွေကာ လေထန်သော အေးမြသည့်နေ့တစ်နေ့ ဖြစ်နိုင်သည်။ ကျွန်တော်၏ မှတ်ဉာဏ်ထဲမှာတော့ ထိုနေ့သည် မိုးရွာသောနေ့တစ်နေ့သာ ဖြစ်လေသည်။

၊ ၆ မ ၂ ၀ ၁ ၇ ကဲ လျာ ၊





ရွေးချယ်တင်ဆက်မှု - ၃

# လက်နှိပ်စက်



www.burmeseclassic.com

www.burmeseclassic.com



# တဆိတ်ဗျာ
# ခင်ဗျားရဲ့လက်နှိပ်စက်သံတွေဟာ
# ကျွန်တော့်အတွက် အိပ်မရလောက်အောင်ကို
# အနှောက်အယှက် ဖြစ်နေပါတယ်



၁။

ထုံစံအတိုင်း ညဆယ်နာရီကို မိနစ်အနည်းငယ်စွန်းသည်နှင့် ကုလားထိုင် တွန်းရွေ့သံ၊ စာရွက်စာတမ်းများကို တဖြတ်ဖြတ် လှန်လှောသံတို့က အချိန်မှန်စွာထွက်ပေါ်၍ လာလေသည်။ သိပ်အကျယ်ကြီး မဟုတ်သည့်တိုင် ကုလားထိုင်ခြေထောက်နှင့်ကြမ်းပြင်တို့၏ ထိတွေ့ပွတ်ဆွဲသံက အိပ်ရာဝင်ခါနီး အဝတ်လဲနေသော သူ၏ သွားတို့ကို ကျိန်းခနဲဖြစ်သွားစေသည်။

တအောင့်ကြာလျှင် ပြတ်တောင်းတောင်း ထွက်ပေါ်လာမည့် လက်နှိပ်စက်သံတဖျောက်ဖျောက်နှင့် ရံဖန်ရံခါ လမ်းထလျှောက်မည့် ခြေသံတရှပ်ရှပ်တို့ကို ကြိတ်မှတ်သည်းခံရပေဦးမည်။ ဧည့်ခန်းမီး၊ မီးဖိုမီးတို့ကို လိုက်ပိတ်ရင်း သူ စိတ်ပျက်စွာ တွေးနေမိ၏။

ဒီလူနဲ့တော့ ခက်တော့တာပဲ။ တစ်ညလည်းမဟုတ်။ နှစ်ညလည်းမ ဟုတ်။ ဘယ်လောက်ကြာအောင် သည်းခံရဦးမှာပါလိမ့်။ တကယ်ဆို ဤတိုက်ခန်းသို့ ပြောင်းရွှေ့လာခဲ့မိတာကိုက သူ့အမှားဖြစ်၏။ ပျဉ်ထောင်သွပ်မိုးနှင့် မြို့သစ်ဘက်က လုံးချင်းအိမ်လေးတွေကို ဘာဖြစ်လို့များ သူမစဉ်းစားမိခဲ့ပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ ...

ညတိုင်း အသံနဲ့စိတ် အနှောင့်အယှက်ပေးမယ့် လူတစ်ယောက်၊ ခေါင်းပေါ် တင်ထားမိတဲ့ အခန်းကိုမှ သူမှားယွင်းစွာ ငှားရမ်းခဲ့မိသည်။

အင်းလေ ...

ဒါကလည်း အလုပ်နဲ့နီးစပ်မှု၊ တတ်နိုင်တဲ့ငွေအားနဲ့ သင့်မြတ်မှုတို့ကို မှတည်ပြီး ရွေးချယ်ခဲ့ရတာပဲ။ ပြီးတော့ ဤအခန်းအား လာကြည့်စဉ်အခါက အပေါ်ထပ်၌ လူတစ်ယောက်မှ ရှိမနေခဲ့ပါ။ ဟောင်းနွမ်းအိုမင်းကာ ညစ်ထေးထေးနိုင်လှသော လေးထပ်တိုက်ခန်းတွဲပိုင်ရှင် အဖိုးကြီး၏ စကားကလည်း သူ့အား တစ်နည်းတစ်ဖုံ ဆွဲဆောင်နိုင်ခဲ့သည် မဟုတ်ပါလား။

'ဒီတိုက်မှာ ငှားနေကြတဲ့လူတွေ အားလုံးဟာ အကုန်လုံး လူရည်သန့်တွေချည်းပဲ။ ကုမ္ပဏီဝန်ထမ်းတွေ၊ ရုံးအရာရှိနဲ့ ကျောင်းဆရာ၊ ဆရာမတွေ၊ အားလုံးက သီးသီးသန့်သန့်နေတတ်ကြတဲ့သူချည်းပဲ။

ပြီးတော့ ... ဒီတိုက်မှာ မျက်စေ့ရှုတ်၊ နားရှုတ်စရာကလေးနဲ့ ခွေးမရှိဘူး။ မောင့်ရင့်အပေါ်ထပ်ကဆိုရင် တစ်ယောက်တည်းသမား၊ မိုးလင်းကတည်းက အလုပ်သွားပြီး ညမိုးချုပ်မှ ပြန်လာတတ်တာ။ ဒီလိုနားအေးပါးအေးရှိတဲ့ တိုက်မျိုး နောက်တစ်လုံးတွေ့ဖို့ မလွယ်ဘူးမောင်ရင်။ ထမင်းထုတ်သာ သိုးသွားမယ်။'

အဖိုးကြီး၏ စကားက ယုတ္တိတန်လှတာမို့ ထိုတိုက်ခန်းကို သူငှားရမ်းဖြစ်ခဲ့ခြင်းဖြစ်သည်။

တိုက်မှာ အိုမင်းလွန်းခြင်း၊ လေဝင်လေထွက်နှင့် နေရောင်ခြည်ဝင်ရောက်မှုနည်းပါးခြင်း စသည့် မပြောပလောက်သော အားနည်းချက် အနည်းငယ်မှအပ ထွေထွေထူးထူး အပြစ်ဆိုစရာ မရှိပါ။ ပြဿနာဆို၍ အပေါ်ထပ်မှ လူ၏ စိတ်အနှောင့်အယှက်ဖြစ်ဖွယ် အသံဗလံသာ ပြောစရာရှိ၏။

ဤတိုက်ခန်းသို့ ရောက်စညက ထုံးစံအတိုင်း ဆယ်နာရီထိုးရန် မိနစ်အနည်းငယ်အလို၌ သူအိပ်ရာဝင်ခဲ့သည်။ (သူက ညတိုင်း ဆယ်နာရီအိပ်၍ မနက် ငါးနာရီပုံမှန်အိပ်ရာမှ ထသူဖြစ်သည်။) ထိုညက အိပ်ပျော်လုပျော်ခင်မှာပင် အသံ၏ အနှောင့်အယှက်ကို စတင် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။

ပထမဦးစွာ သတိပြုမိသည်မှာ လှေခါးမှတက်လာသော ခြေသံဖြစ်၏။ ထိုခြေသံကြောင့် အိပ်ချင်စိတ်များ ပြယ်လွင့်သွားလျက် ...

'ဒီအချိန်ကြီး ... ဘယ်အခန်းကိုလာတဲ့ ဧည့်သည်ပါလိမ့်' ဟု ဇဝေဇဝါ ဖြစ်သွားခဲ့ရသည်။





ခြေသံက သူ့အခန်းကို ကျော်လွန်လျက် အပေါ်ထပ်တံခါးရှေ့၌ ရပ်ဆိုင်းသွား ပြီး သော့ဖွင့်သံကြားမှ အဖိုးကြီးပြောတဲ့ သူ့အပေါ်ထပ်ခန်းမှ တစ်ယောက်တည်း သမားဆိုတဲ့လူပဲဟု တွေးလိုက်မိသည်။ ကိုယ့်အခန်းလာတဲ့ဧည့်သည် မဟုတ်တော့ သဖြင့် စိတ်ကို ဒုံးဒုံးချကာ အိပ်ရန်ပြင်လိုက်စဉ်မှာပင် အပေါ်ထပ်မှ လူ၏ ခြေသံတရှပ်ရှပ် ဟိုက စတင် ထွက်ပေါ်၍လာသည်။ ကိုယ့်အိမ်ကိုယ့်အခန်း ပြန်ရောက်ခါစ ရေချိုး ...ပက်လဲနေတာဖြစ်မှာပေါ့ဟူသော အတွေးနှင့် သူစောင့်ဆိုင်းနေလိုက်သည်။

သို့သော် ... အသံတို့က တော်တော်နှင့် မတိတ်။ လမ်းလျှောက်သံ ခေတ္တရပ် ...ဆိုင်းမလို ဖြစ်သွားပြီးနောက် ဆက်လက်ထွက်ပေါ်လာသည်က ကုလားထိုင်တွန်း ...ရွှသံ၊ အံဆွဲ သို့မဟုတ် ဗီဒိုဖွင့်သံ။ စာရွက်များ၊ စာအုပ်စာတမ်းများ လှန်လှောသံ။ ...အဆုံးဆုံးမှာ ပြတ်တောင်းတောင်းနှင့် လေးလေးမှန်မှန် ထွက်ပေါ်လာသော လက်နှိပ် ...က်ရိုက်သံဖြစ်၏။

ဂျောက် ... ဂျောက် ... ဂျောက် ... ဂျောက်

မြတ်စွာဘုရား ...

ဒီလူတစ်ညလုံး မအိပ်တော့ဘူးနဲ့ တူပါရဲ့ ...

ဂျောက် ... ဂျောက် ... ဂျောက် ... ဂျောက်

လက်နှိပ်စက်ရိုက်သံမှာ လေးငါးဆယ်ချက်ပေါ်လာလိုက်၊ ရပ်မလို ဖြစ်သွားပြီး ...မှ ဘာစ်ချက်နှစ်ချက် ဆက်ရိုက်လိုက်နှင့် အတော့်ကို ဆိုးဝါးလွန်း လှသည်။ ထိုအသံ ...မှာ အိပ်ပျော်ရန် ကြိုးစားနေသော သူ့အတွက် တကယ့်ကို အနှောင့်အယှက်ဖြစ်၏။ ...ပို၍ဆိုးသည်မှာ ထိုလူ လက်နှိပ်စက်ကို အသုံးပြုသော နေရာသည် သူ့ကုတင်၏ ...ပေါ်တည့်တည့်လောက်၌ ဖြစ်နေခြင်းပင် ...

တခြားအခန်းများက ထိုအသံကို ကြားချင်မှ ကြားမည် ဖြစ်သော်လည်း၊ အပေါ် ...အောက်တည့်နေသော သူ့အတွက်တော့ ကြီးစွာသော စိတ်ဒုက္ခပင် ဖြစ်သည်။ တအောင့် ...ကြာတော့ လက်နှိပ်စက်ရိုက်သံ ရပ်သွားသဖြင့် သူ ဝမ်းသာသွား၏။

သို့သော် ...

ထိုဝမ်းသာမှုက ကြာကြာမခံပါ။ လက်နှိပ်စက်အရိုက်ရပ်ချိန်၌ ၄င်းက ခေါက် ...ုန့်ခေါက်ပြန် လမ်းလျှောက်နေပြန်သည်။ သစ်သားကြမ်းခင်းတစ်ခုသာ ခြားသဖြင့် ...၄င်း၏ခြေသံက လက်နှိပ်စက်သံနီးပါး ဆိုးဝါးလှပါသည်။

ရပ်၊ ရပ်၊ ရပ် ...

ထို့နောက် ...

ရပ်၊ ရပ်၊ ရပ် ...



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ခါ ...

ရှပ်၊ ရှပ်၊ ရှပ် ...

ဘုရားကယ်တော်မူပါ .....

သူအိမ်ခန်းရှေ့တာ၊ အကြီးအကျယ်ကို မှားခဲ့ပြီနဲ့ တူပါရဲ့၊ အသြောင်း ချော လောက်ချိန် သို့မဟုတ်၊ ဆက်ရိုက်ရင် သတိရသွားချိန်လောက်၌ ၎င်း၏ ဆိုးဝါးသော လက်နှိပ်စက်သံကြမ်းရှရှက လေးလေးမှန်မှန် ထွက်ပေါ်၍ လာပြန်သည်။

ဂျောက် ... ဂျောက် ... ဂျောက် ... ဂျောက်

ဘုရား ... ဘုရား ...

ဒီလူနဲ့တော့ ... အကြီးအကျယ်ကို ဒုက္ခပါပဲလား။

မနက်ခြောက်နာရီ လုပ်ငန်းခွင်သို့ ရောက်ရှိရန် ငါးနာရီအတိ၌ အိပ်ရာထ လိုအပ်နေသော သူ့အတွက် နောက်ဆုံးတော့ လုပ်စရာက တစ်နည်းသာ ရှိပါတော့ သည်။ ယင်းမှာ ထိုလူနှင့် မျက်နှာချင်းဆိုင် သွားရောက်ရင်ဆိုင်ရန် ပင် ဖြစ်၏။ ညဝတ် အင်္ကျီကို ချွတ်လဲရင်း လူမှုရေးနားလည်ပုံမရသော ၎င်းအတွက် စကားလုံးတို့ကို ရှာဖွေ စဉ်းစားနေမိသည်။

"တဆိတ်ဗျာ ... ခင်ဗျားရဲ့ ... လက်နှိပ်စက်သံတွေက ကျွန်တော့်အတွက် အိပ်မရအောင် အနှောင့်အယှက် ဖြစ်နေပတယ်။"

(ဒါဆိုရင် ... သိပ်များ အောက်ကျို့ရာ ကျနေမလား။)

"ဒီမှာမိတ်ဆွေ ... ခု ဘယ်အချိန်ရှိပြီလဲ သိရဲ့လား။ ဒီအချိန်ဟာ သာမန် လူတစ်ယောက် အိပ်ရာထဲရောက်ဖို့ ကောင်းပြီဗျ"

(အဲဒီလိုဆိုရင် သိပ်ပြီး တင်းမာရာ ကျသွားမလား။)

အို ... ပတ်ဝန်းကျင်ကို ဂရုမစိုက်တဲ့ လူမျိုးအတွက် အဲ့ဒီလောက်တော့ ပြောရမှာပေါ့။

ဒါမှ ...

လောကကြီးဟာ ငါ့တစ်ယောက်ထဲအတွက် မဟုတ်ပါလားလို့ ဒင်း နားလည် သွားမှာပေါ့။ တစ်ရိပ်ရိပ် ဆူဝေလာသော အတွေးတို့၏ မောင်းနှင်မှုနှင့် အခန်းတံခါး ဆီသို့ လျှောက်လာစဉ်မှာပင် ခပ်ဝေးဝေးမှ နာရီသံချောင်းခေါက်သံ လွင့်ပျံ့လာ၏။ ဆယ်နှစ်ချက်မြောက် သံချောင်းသံအဆုံးမှာတော့ အပေါ်ထပ်မှ လူအပါအဝင် ပတ်ဝန်း ကျင်တစ်ခုလုံး တိတ်ဆိတ်သွားတော့သည်။ လက်နှိပ်စက်ရိုက်သံများ တိခနဲ ရပ်ဆိုင်း သွားရုံမျှမက တစ်ခြား ဘာသံမျှ ထွက်ပေါ်မလာတော့ချေ။





အခန်းတံခါးဆီသို့ လက်လှမ်းလုလုဆဲဆဲအနေအထားနှင့် သူငြိမ်သက်သွား ကာ ဟုတ်မှ ဟုတ်ရဲ့လားဟု ဇဝေဇဝါဖြစ်သွား၏။ သို့သော် အပေါ်ထပ်မှ လူ၏ အသံဗလံများ ငြိမ်သက်သွားတာကတော့ သေချာပါသည်။ မိနစ် အတန်ကြာသည်အထိ ဖာစ်စုံတစ်ရာ အပြောင်းအလဲမရှိသောအခါမှာတော့ သူ ပုခုံးတွန့်ကာ ကုတင်ရှိရာသို့ ဖောင့်သက်သက်နှင့် ပြန်လျှောက်လာခဲ့ ရတော့သည်။

ဤသည်မှာ အခန်းသို့ ရောက်ရှိစ ပထမဆုံးနေ့၏ ပထမဆုံးအတွေ့အကြုံ ပင်ဖြစ်သည်။ နောက်ရက်များမှာတော့ ထိုနေ့၏ မိတ္တူကူးပုံစံတူအဖြစ် အပျက်များသာ ဖြစ်လေသည်။

ည ၁၀–နာရီထိုးလုထိုးခင်၌ ထိုလူ ပြန်ရောက်လာလေ့ရှိပြီး၊ တရှပ်ရှပ် တချွတ် ချွတ်နှင့် အလုပ်ရှုပ်တော့သည်။ ထို့နောက် စာရွက်လှန်သံများ၊ လက်နှိပ်စက်သံနှင့် တရှပ်ရှပ်လမ်းလျှောက်သံများ။ ဒီလိုနှင့် ညဆယ့်နှစ်နာရီ ထိုးချိန်မှာတော့ စက်တစ်ခုကို ပိတ်လိုက်သည့်အလား တိခနဲ ရပ်ဆိုင်း တိတ် ဆိတ်သွားသည်မှာ ညစဉ်လိုလိုဖြစ်၏။ အနည်းငယ်မျှ အပိုအလို မရှိသလို တစ်ခါတစ်ရံမှလည်း ပျက်ကွက်မှုမရှိခဲ့။

အစပိုင်းရက်များက ၎င်းနှင့် သွားရောက်ဆွေးနွေးရန် သူစဉ်းစားခဲ့သော်လည်း နောက်ပိုင်းတော့ စိတ်လျှော့လိုက်ပါသည်။ အပေါ်ထပ်မှ လူမှာ ညစဉ် ၂–နာရီမျှလောက် သာ အနှောင့်အယှက်ပေးတတ်သည်မှအပ ကျန် အချိန်များ၌ ဒုက္ခပေးလေ့မရှိသလို သူနှင့် တွေ့ဆုံမှုးခြင်းလည်း မရှိခဲ့။

ကြာတော့ ... ၎င်း၏ အသံဗလံများက သူ့အတွက် အစဉ်အလာတစ်ခု သဖွယ် ဖြစ်လာကာ ခံနိုင်ရည်ရှိလာခဲ့သည်။

ဒီလိုနှင့် ရက်မှလသို့ ကူးပြောင်းချိန်မှာတော့ အလေ့အကျင့်ဖြစ်လာတော့၏။ သူ၏အိပ်ချိန်မှာလည်း ယခင်က တစ်ည ခုနစ်နာရီရှိခဲ့ရာမှ နောက်ပိုင်း ငါးနာရီ ခန့်မှန်ဖြစ်လာခဲ့သည်။ အပေါ်ထပ်မှ အလုပ်သိမ်းချိန် ညဆယ့်နှစ်နာရီမှသာ သူနှစ်ခြိုက်စွာ အိပ်ပျော်သွားခြင်းကြောင့်ဖြစ်၏။ အိပ် ချိန် ငါးနာရီလောက်မျှနှင့် အိပ်ရေးဝပါ့မလားဟု စိတ်ပူခဲ့သော်လည်း အခြေအနေက သူထင်သလောက် မဆိုးပါ။ အိပ်ချိန်လျော့ကျသွား သော်လည်း သူ၏ ကျန်းမာရေးက ပုံမှန်အတိုင်းဖြစ်သည်။

ဒီလိုနှင့် ဆောင်းညချမ်းများ ကုန်ဆုံးပြီး နွေညပူပူထဲသို့ တိုးဝင်စ တစ်ညမှာတော့ ထူးခြားမှုတစ်ခုကို သူတွေ့ကြုံလာရ၏။ ယင်းမှာ ည ၁၀–နာရီထိုးသည့်တိုင် လှေကားမှတက်လာမည့် လေးလေးလံလံခြေသံတစ်ခုကို မကြားရသေးခြင်းပင် ဖြစ်သည်။ အိပ်ရာဝင်ကာနီးသွားတိုက်နေရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီည ... အပေါ်ထပ်ကလူ အိမ်ပြန်နောက်ကျပါလား" ဟု သူတွေးလိုက်မိသည်။ သွားတိုက်ပြီး ခြေလက်ဆေးကြောကာ အိပ်ရာထဲ ရောက်ချိန်အထိ ၄င်း၏ အသံဗလံများကို မကြားရသေးပါ။ နာရီသံချောင်းသံများ အရ ည ၁၀-နာရီကို အတော်ကျော်လွန်နေခဲ့ပြီ ဖြစ်၏။

ကြည့်ရတာ ဒီည ပြန်မလာတော့ဘူးနဲ့ တူပါရဲ့ ...

ကောင်းပါတယ် ... တစ်ညတစ်လေ နားအေးပါးအေး အိပ်ခွင့်ရတာပေါ့။ စောင်ပါးပါးကို လွှမ်းခြုံလိုက်ပြီး သူ စိတ်ဒုံးဒုံးချကာ အိပ်လိုက်၏။

သို့သော် ...

အံ့သြဖွယ်ကောင်းစွာ သူအိပ်၍ မပျော်ပါ။

မြတ်စွာဘုရား ... ဘာဖြစ်လို့များပါလိမ့်။

တကယ်ဆို ...

တိတ်တိတ်ဆိတ်ဆိတ်နဲ့ ဘယ်လောက် နှစ်နှစ်ခြိုက်ခြိုက်ဖြစ်ဖို့ကောင်းသလဲ။

မဟုတ်မှ လွဲရော ...

ဟိုလူ အလုပ်သိမ်းချိန် ၁၂-နာရီ ထိုးမှ အိပ်ပျော်နေကျဆိုတော့ အဲဒီအချိန်မှပဲ အိပ်ပျော်တော့မယ်ထင်ပါရဲ့။

သူ စိတ်ပျက်လက်ပျက်နှင့် ၁၂-နာရီသံချောင်းခေါက်သံကိုသာ စောင့်ဆိုင်းရတော့၏။ အချိန်နာရီတို့၏ ရွေ့လျားပုံက စောင့်နေသူ တစ်ယောက်အတွက် စိတ်မရှည်ချင်စရာ ကောင်းလှပါသည်။ နောက်ဆုံးမှာတော့ သူ မျှော်လင့်စောင့်ဆိုင်းနေသောနာရီသံချောင်းခေါက်သံ ၁၂-ချက်က ချိုမြိန်စွာ ထွက်ပေါ်လာခဲ့လေသည်။

သို့သော် ... စိတ်ပျက်ဝမ်းနည်းဖွယ် ကောင်းသည်မှာ

ထိုညက မိုးစင်စင်လင်းသည့်တိုင် သူ တစ်ရေးမှ အိပ်၍ မပျော်ခဲ့ခြင်းဖြစ်သည်။ သူ၏အိပ်စက်မှုတို့ ချောမွေ့ရန် တစ်စုံတစ်ရာ လိုအပ်သွားခဲ့တာ သေချာပါသည်။ နောက်တစ်နေ့ အလုပ်ခွင်ထဲရောက်တော့ အိပ်ပျက်ခဲ့မှုက သူအလုပ်များအား ယစ်ငေါ့စေခဲ့သလို သူ၏စိတ်ကိုလည်း တစ်ဆစ်ဆစ် နာကျင်ကိုက်ခဲစေခဲ့သည်။





ဒီညတော့ ... ဟိုလူ ပြန်လာတန် ကောင်းပါရဲ့။

ညကျမှပဲ ၂-ညစာ အတိုးချပြီး ပေါင်းအိပ်ရတော့မှာပဲ။ အိပ်ချင်မူးတူးနှင့် စိတ်ထဲမှ အကြွက်ချကာ ညရောက်ရန် အားခဲထားလိုက်၏။

သို့သော် ...

ထိုည၌လည်း သူ၏ အပေါ်ထပ်အခန်းက တိတ်ဆိတ်နေခဲ့သလို သူ၏အိပ်စက်မှုကလည်း ချို့ယွင်းခဲ့ရပြန်သည်။

နောက်တစ်နေ့ မိုးလင်းတော့ သူ အလုပ်မသွားတော့ဘဲ အလုပ်ထက်ပို၍ အဓိကကျသော ကိစ္စအတွက် တိုက်ခန်းတွဲပိုင်ရှင် အဖိုးကြီးဆီ ရောက်ရှိသွား၏။ အခြေအနေက သူ တင်ကြိုစိတ်ပူနေခဲ့သည့် အတိုင်းပင်။ သူ့အပေါ်ထပ်မှ လူမှာ ပြောင်းရွှေ့သွားခဲ့ပြီဖြစ်လေသည်။

"သူက ကျမ်းတစ်ခုပြုစုဖို့ လာငှားနေတာလေ။ သူပြုစုတဲ့ ကျမ်းပဲ ပြီးသွားလို့လား။ တစ်ခြားအကြောင်းတစ်ခုခု ရှိလို့ပဲလား မဆိုနိုင်ဘူး။ ခြောက်လ မပြည့်ခင် အခန်းအပ်ပြီး တစ်ခြားပြောင်းသွားလေရဲ့။"

"ဒါဖြင့် ... ၆-လပြည့်မှ နောက်လူ တင်မှာပေါ့"

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ မောင်ရင်ရယ်၊ လာငှားတဲ့ လူ ရှိနေရင်တော့ လူသစ်တင်ရမှာပေါ့။"

အိပ်ရေးပျက်ထားသဖြင့် ကျိန်းစပ်နေသော မျက်လုံးများနှင့် အဖိုးကြီးအား စိုက်ကြည့်နေရင်းက သူတစ်စုံတစ်ရာကို စိတ်ပိုင်းဖြတ်လိုက်သည်။

"ကဲ ... ဒါဖြင့်လည်း အဲဒီအခန်းသော့ ကျွန်တော့ပေးဦးလေး။ ကျွန်တော်ပဲ ငှားလိုက်ပြီလို့ ထားလိုက်တော့"

အဖိုးကြီးဆီမှ အခန်းသော့ယူပြီး ပြန်လာချိန်၌ နောက်ထပ် ဆုံးဖြတ်ချက်အသစ်တစ်ခုကို လော်လောလတ်လတ် ထပ်မံချလိုက်ပြန်သည်။ ယင်းမှာ သူတို့ လမ်းထပ်ကင်းထဲ၌ ညစဉ်လာအိပ်လေ့ရှိသော သူတောင်းစားအဖိုးကြီးနှင့် ဝင်ရောက်တွေ့ဆုံရန်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



၂။

ထိုနေ့ည ဆယ်နာရီထိုးတော့ လေးလံတုန့်ချိသော ခြေသံတစ်ခုက လှေကားဆီမှ ထွက်ပေါ်လာလေသည်။ ထို့နောက် သူ့အပေါ်ထပ်မှ အခန်းတံခါးဖွင့်သံ ဟိုဟိုဒီဒီ တစ်ရှပ်ရှပ် လမ်းလျှောက်သံ၊ ကုလားထိုင်ဆွဲရွှေ့သံ၊ အဲဒီနောက်မှာတော့ ယခုညရဲ့အခါကကျသောဇာတ်ဝင်တီးလုံးတစ်ခုဖြစ်သည့် လက်နှိပ်စက်သံ တစ်ဂျောက်ဂျောက်က ချိုမြိန်စွာ ထွက်ပေါ်၍လာသည်။ သူကိုယ်တိုင်အဟောင်းတန်းမှ ဈေးပေါပေါနှင့် ရှာဝယ်ကာ အပေါ်ထပ် တင်ပေးထားသော လက်နှိပ်စက်အပျက်ကြီး၏ အသံဖြစ်သည်။

ဂီတသံတစ်ခုအလား သာယာနာပျော်ဖွယ် လက်နှိပ်စက်သံ ကြမ်းရှရှကို နားခံရင်း ၁၂-နာရီသံချောင်းခေါက်ချိန်မှာတော့ သူနှစ်ခြိုက်စွာ အိပ်ပျော်သွားလေသည်။ သူ၏ အိပ်စက်မှုတို့ ပြန်လည်ချောမွေ့ရန် အပေါ်ထပ်အခန်းအား အပို ငှားရမ်းထားရသည့်အပြင် သူတောင်းစားအဖိုးကြီး တစ်ယောက်ကို ညတိုင်း အိပ်ခွင့်ပေးထားရသော သူ့အဖြစ်က တွေးကြည့်လျှင် အတော်တော့ ရယ်စရာ ကောင်းလှပါသည်။ ထိုကိစ္စကို သိသော်လည်း ဘယ်လို အဖြေရှာရမလဲ ယနေ့တိုင် သူ စဉ်းစား မရသေး။ ။

၊ စက်တင်ဘာလ ၂၀၀၆ အိုင်ဒီယာ ၊





→ ရွေးချယ်တင်ဆက်မှု - ၄

# ဘက်စ်ကား



www.burmeseclassic.com

www.burmeseclassic.com



ပြောမည်ဆိုလျှင် ထိုနေ့က

# မိုးဖွဲကလေးများရွာသွန်းကျဆင်းနေသည်မှအပ

ရာသီဥတုက ထူးထူးခြားခြား **ဆိုးဝါးမနေပါ**





၁။

ကျွန်တော်ရောက်သွားတော့ ကားမှတ်တိုင်၌ လူတစ်ယောက်မှ ရှိမနေပါ။ အလွန်စည်ကားသော မှတ်တိုင်မဟုတ်သည့်တိုင် လူပြတ်လွန်းသည့် မှတ်တိုင်လည်း မဟုတ်သည့်အတွက် ကားစောင့်သူတစ်ယောက်မှ ရှိမနေခြင်းအား ကျွန်တော် အနည်းငယ် အံ့သြနေမိသည်။

ပြောမည်ဆိုလျှင် ထိုနေ့က မိုးဖွဲကလေးများ ထုံးစံအတိုင်း ရွာသွန်းကျဆင်းနေသည်မှအပ ရာသီဥတုက ထူးထူးခြားခြား ဆိုးရွားမနေပါ။ မုန်းတိုင်းများ ကျရောက်နိုင်ကြောင်းနှင့် လေပြင်းတိုက်ခတ်နိုင်ကြောင်း အထူးသတိပေးချက်မျိုးကိုလည်း ကြိုတင်မရရှိခဲ့။

စနေထောင့်၌ မဲမှောင်နေသော်လည်း အချိန်ပေါင်းများစွာ တဖွဲဖွဲရွာသွန်းနေခဲ့သော မိုးသည် နောက်ထပ်မိုးရေစက်များ ထုတ်လုပ်ရန် အားအင်ကုန်ခမ်း နေလိမ့်မည်ဟု ကျွန်တော် ယူဆလိုက်မိသည်။ လေကြမ်းကြမ်းတစ်ချက်သာ ဝှေ့ရမ်းဝင်ရောက်လာပါက မိုးသားတို့ လွင့်ပြယ်သွားနိုင်ပါသည်။

သို့တိုင် ...

မှတ်တိုင်၌ ကားစောင့်သူဟူ၍ ကျွန်တော်တစ်ယောက်တည်းသာ ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးတွင်းတစ်တွင်းလုံး ထီးယူဆောင်လေ့ မရှိသော ကျွန်တော်သည် ကားမှတ်တိုင်အမိုးအောက်သို့ ခပ်သွက်သွက် တိုးဝင်လိုက်ရသည်။ မှတ်တိုင်၌ လူရှင်းသလို၊ လမ်းပေါ်၌လည်း ကားအသွားအလာတို့က ရှင်းလင်းလွန်း လှသည်။

ပျင်းရိလေးတွဲ့စွာ ကျဆင်းနေသော မိုးရေစက်တို့က ဝန်းကျင်တစ်ခုလုံးကို မီးခိုးရောင်ဖျော့ဖျော့များ လွှမ်းခြုံထားသဖြင့် ခပ်ဝေးဝေးကိုပင် လှမ်းမမြင်နိုင်ပါ။ မှိုင်းမှုန်ဝေလွန်းသော ရှုခင်းကိုကြည့်ရင်း၊ ဝတ္ထုတိုတစ်ပုဒ်ထဲမှ နှင်းမှုန်တိုင်းဟူသော စကားလုံးကို သတိရလိုက်မိသည်။

သို့သော် ...

ကျွန်တော်ရောက်နေသောနေရာက ဆိုက်ဘေးရီးယား မဟုတ်သလို၊ ရင်ပြင်နှင့်လည်း မနီးသဖြင့် လောလောဆယ် နှင်းမုန်တိုင်းကို စိတ်ပူရန် မလိုပါ။ ဘယ်အချိန်ရှိပြီလဲ သိလိုသော်လည်း ကျွန်တော်က နာရီပတ်လေ့ ရှိသူမဟုတ်။

ထို့ကြောင့် ...

ချိန်းထားသည့်နေရာသို့ ချိန်းဆိုချိန်ထက် စောရောက်နိုင်သလား။ နောက်ကျပြီးမှ ရောက်သွားနိုင်သလား ကျွန်တော် မခန့်မှန်းနိုင်ပါ။

ယနေ့တင်မည့် ဝဘ်ဆိုက်အသစ်တစ်ခုအား ကြည့်ရှုရန် စောင့်ဆိုင်းနေမည့် သူငယ်ချင်းများရှိရာသို့ ခပ်မြန်မြန် ရောက်လိုလှသော်လည်း အခြေအနေက ကျွန်တော့်ဆန္ဒကို ပံ့ပိုး မပေးကြပါ။

(၁) မိုးရွာနေသည်။

(၂) ဘက်(စ်)ကားတစ်စီးမှ မလာသေး။

(၃) ကားပေါ်သော မှတ်တိုင်သို့ သွားစောင့်ချင်သော်လည်း "ဘယ်လို သွားရမလဲ" မေးမြန်းရမည့်သူ တစ်ယောက်မှ မရှိ။

၂။

မိုးသည် ပျင်းရိငြီးငွေ့ဖွယ် ဆက်လက်ရွာနေဆဲဖြစ်၏။

ထိုနေ့ကရွာသော မိုးသည် ထုံးစံအတိုင်း ခဲသားဖျော့ရောင်ဖြစ်၏။ ထိမှန်သောအရာတို့အား ရွဲစိုစေတတ်သော သဘောရှိ၏။ လူနှင့်လူကဲ့သို့ သွေးနွေးသတ္တဝါများ လိုအပ်သည်ထက်ပိုမို မိုးစိုခံရပါက ချမ်းစိမ့်လာစေပြီး ဖျားနာစေတတ်သော သတ္တိရှိ၏။ ကျွန်တော် မိုးမိထားသည် မှန်သော်လည်း ပြဒါးတိုင်နှင့် ပဋိဇီဝဆေးလုံးများရှိရာသို့ အလောသုံးဆယ် သွားရောက်ဖို့ မလိုအပ်သေးပါ။





သို့သော် ... ဒီမှတ်တိုင်ကတော့ ခွာချင်လှပါပြီ။

နာရီပတ်မလာမိမှန်းသိလျက်နှင့် ဘယ်ဘက်လက်ကောက်ဝတ်ကို ယောင်ရမ်းမြှောက်ကြည့်လိုက်မိသည်။ ထိုအချိန်မှာပင် အက်ကွဲကွဲစကားသံတစ်ခုက ကျွန်တော့်နောက်ဘက်မှ ထွက်ပေါ်၍လာသည်။

"ဒီအချိန်က ... ကားပြတ်တဲ့ အချိန်ကွဲ့"

မြတ်စွာဘုရား ...

ကျွန်တော် တုန်လှုပ်သွားပြီး နောက်ဘက်ကို ကမန်းကတန်း လှည့်ကြည့်လိုက်တော့ အဖိုးအိုတစ်ယောက်ကို တွေ့မြင်လိုက်ရသည်။ တောင်ဝှေးတစ်ချောင်း ကိုအားပြုလျက် တုန်ချိနေသော အဖိုးအိုသည် ဘယ်အချိန်ကတည်းက ကျွန်တော့် နောက်ဖက်ကို ရောက်ရှိနေမှန်းမသိပါ။

"ဘက်(စ်)ကားတွေ ရောက်လာတော့မှာပါ။ မောင်ရင် နည်းနည်းတော့ စိတ်ရှည်ဖို့ လိုလိမ့်မယ်"

"ဟုတ်ကဲ့ အဘ၊ ဒါထက် ဒီနေ့မှ ကားတွေ ဘာဖြစ်လို့ ရှားရတာလဲ"

"ဒီနေ့ရယ် ... ဟိုနေ့ရယ် ... မဟုတ်ပါဘူးကွယ်၊ ပေါချင်တဲ့အချိန် ပေါပြီး၊ ရှားချင်တဲ့အချိန် ရှားတတ်တာ သဘာဝပဲ။ လောကကြီးမှာ ဒီဟာကြောင့် ဟိုဟာဖြစ်ရတယ်လို့ တစ်ထစ်ချ ပုံသေပြောလို့ မရဘူး။

အင်း ... မိုးရွာလို့ လူတွေ အပြင်ထွက်နည်းတာနဲ့လည်း ဆိုင်ချင်ဆိုင်မှာပေါ့လေ ..."

အဖိုးအို၏ အသံမှာ အက်ကွဲရှတသော်လည်း နားထောင်၍ မရလောက်အောင်တော့ မဆိုးလှပါ။ ဆိုးသည်မှာ ၎င်း၏အသက်ကို ခန့်မှန်းမရခြင်း ဖြစ်သည်။ အနည်းဆုံး ခြောက်ဆယ်ကျော်မှသည် ရှစ်ဆယ့်ငါး/ ကိုးဆယ်လည်း ဖြစ်နိုင်သည်။ တစ်ရာကျော်ပြီကွဟု ဆိုလျှင်လည်း လက်ခံရပါလိမ့်မည်။

ယုတ်စွအဆုံး ...

"မော်တော်ကားတွေ ပေါ်ကတည်းက ငါ မွေးလာတာကွ" ဟုဆိုလျှင်ပင် မဖြစ်နိုင်ဟု ခံငြင်း၍ မကောင်းပါ။

ဂျပန်ခေတ်က ဆောင်းလေ့ရှိသည့် နားရွက်နှစ်ဖက်နှင့် ဦးခေါင်းနောက်ပိုင်းကို ဖုံးအုပ်ထားတတ်သည့် ဦးထုတ်မျိုးဆောင်းထားသဖြင့် ၎င်း၏ဆံပင်များ မည်မျှဖြူရွက်နေလည်း ခန့်မှန်း၍ မရ။

"ဒါနဲ့ ... မောင်ရင်က ဘယ်ကိုသွားမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အနာဂတ်ကို ..."

"ဟေ ..."

"ကျွန်တော်သူငယ်ချင်းက အနာဂတ်ရှုမျှော်ခင်းဆိုတဲ့ အင်တာနက်ကဖေး ဖွင့်ထားတယ်။ ဝဘ်ဆိုက်အီးသစ်တစ်ခုကြည့်ဖို့ အဲဒီကိုသွားမှာ သူ့လိပ်စာကို ကျွန်တော် ရှတ်မပြတတ်ဘူး။ လမ်းဆုံလောက်ရောက်ရင်တော့ ဆက်သွားလို့ရပါပြီ။"

"လမ်းဆုံလောက်များတော့ ဘယ်ဘက်(စ်)ကားစီးစီး ရောက်ပါတယ်ကွယ်၊ မိုးစိုခံနိုင်ရင် လမ်းလျှောက်သွားလို့ တောင်ရသေး"

"ကျွန်တော် မိုးစိုခဲ့ပြီးပြီ အဘရဲ့"

"သဘောပြောတာပါကွာ၊ ကားခလုံလောက်ရင် ဘက်(စ်)ကားသာ စောင့်စီးသွားပါ၊ တစ်အောင့်ကြာရင် ကားတွေရောက်လာတော့မှာပါ။"

"ဒါနဲ့ ဒီနားတစ်ဝိုက်မှာ ကားလွယ်လွယ်ရနိုင်မဲ့ တစ်ခြားမှတ်တိုင် မရှိဘူးလား အဘ"

"ရှိပါ့ဗျာ ... အများကြီးပေါ့၊ ဒါပေမယ့် ဘာထူးမှာလဲ ကားပြတ်ချိန် ဆိုရင် တစ်ခြားမှတ်တိုင်တွေလဲ ကားပြတ်နေရောပေါ့"

အဘိုးအို၏စကားက ယုတ္တိတန်နေသဖြင့် မှတ်တိုင်ပြောင်းရန် စိတ်ကူးကို ကျွန်တော် စွန့်လွှတ်လိုက်ပါသည်။ မီးခိုးရောင်ဖျော့ဖျော့ မိုးစက်တို့ကို ကျွန်တော် ငေးကြည့်ရင်း တစ်ကိုယ်လုံး ချမ်းစိမ့်စိမ့်ဖြစ်လာ၏။

ဘုရားရေ ... ကျွန်တော် ဖျားတော့မယ်ထင်ပါရဲ့။

"ဘက်(စ်)ကားစီးရင် လူကြပ်လွန်းတဲ့ကားဆိုရင် ဂရုစိုက်၊ လူကြပ်လွန်းတော့ စီးရတာ အန္တရာယ်များတယ်။ တအားချောင်လွန်းတဲ့ကား ဆိုရင်လည်း သတိထား။"

"ဘာဖြစ်လို့လဲ ... အဘ"

"အဲလို ကားမျိုးက ဒီလိုင်းမှာ ပုံမှန် ပြေးဆွဲနေကျကားတွေ ဟုတ်ချင်မှ ဟုတ်မယ်။ ခရီးကြုံအောက်ဆိုက်ရာတဲ့ကြားကားတွေ ဖြစ်နေတတ်တယ်။ ကြားကား ဆိုကတည်းက ကားခက ဈေးကြီးပြီပေါ့"

အဘိုးကြီးကြည့်ရတာ ဘက်(စ်)ကားတွေနဲ့တော်တော်နီးစပ်ခဲ့ပုံပဲ... ဟု တွေး လိုက်မိသည်။ အဘိုးကြီးက ကျွန်တော်ရင်ထဲမှ အတွေးတို့ကို ရိပ်မိသည့်အလား လှမ်း ပြောလာ၏။

"တစ်ချိန်တုန်းကတော့ ... ဟောဒီလမ်းတွေဟာ အဘရဲ့ကားဘီးရာတွေချည်း ပဲပေါ့ကွယ်။ အိမ်ကား၊ အငှားကားကနေ၊ ဘက်(စ်)ကား၊ အဝေးပြေးကားတွေအထိ





အဘမောင်းခဲ့ဖူးတာပေါ့။ ခုတောင် ... စီးမယ့်လူရှိရင် ဘက်(စ်)ကား တစ်စီးလောက် မောင်းပြလိုက်ချင်သေးတယ်။"

"ဒါဆို ... အခု အဘကားမမောင်းတော့ဘူးလား"

မေးသာမေးလိုက်ရသော်လည်း ၎င်း၏အသက်အရွယ်က ကားမောင်းဖို့ မပြောနှင့် ဘက်(စ်)ကားတိုးစီးရန်ပင် သင့်တော့သည့်အရွယ် မဟုတ်။

သို့သော် ...

အဖိုးအို၏အဖြေက ကျွန်တော့်အား အံ့အားသင့်စေခဲ့သည်။

"မောင်းပါသေးတယ် ... ဒါပေမယ့် ... အဘမောင်းတာကို လူအရှင်တွေ မစီးကြဘူး"

"ဗျာ ..."

"အဘက နိဗ္ဗာန်ယာဉ်မောင်းတာလေ"

ကျွန်တော့်ကျောထဲ၌ ချမ်းစိမ့်စိမ့်ပင်ဖြစ်၍ လာပါသည်။ သေချာတယ် ကျွန်တော် ဖျားတော့မယ်နဲ့တူပါရဲ့။ ဘက်(စ်)ကားလာမည့်ဘက်ကို စိတ်စောစွာ မျှော်နေရင်း တအောင့်ကြာလို့ လှည့်ကြည့်တော့ ကျွန်တော်နောက်၌ အဖိုးအို မရှိတော့။ ဘယ်အချိန် ကတည်းက ထထွက်သွားခဲ့သည်မသိပါ။

ချမ်းစိမ့်စိမ့်ဖြစ်နေရာမှ ခိုက်ခိုက်တုန်သော အဆင့်သို့ ပြောင်းလဲလာသောအခါ ဘက်(စ်)ကားတစ်စီးကို အလွန်အမင်း တောင့်တလာတော့သည်။

၃။

မိုးသည် ပျင်းရိငြီးငွေ့ဖွယ် ရွာသွန်းနေဆဲဖြစ်၏။

ပထမဆုံး ... ထိုးဆိုက်လာသော ကားပေါ်တက်ရန် ရည်ရွယ်ပြီးမှ ချက်ချင်းပင် ကျွန်တော်စိတ်လျှော့လိုက်၏။ ဘက်(စ်)ကားမှာ လူကြပ်လွန်းသည့် အပြင်တွယ်စီး ရမည့်အနေအထားဖြစ်သဖြင့် ကျွန်တော့်လို နေမကောင်းဖြစ်နေသူအတွက် အန္တရာယ် များနိုင်ပါသည်။

ဒုတိယထိုးဆိုက်လာသည့်ကားက လေအိတ်နှင့်အဲကွန်းပါသည့် အမျိုးအစား ဖြစ်သော်လည်း မှတ်တိုင်သို့ ဝင်ရောက်ထိုးဆိုက်လာပုံက ကြမ်းတမ်းလွန်းသဖြင့် ကား ပေါ်တက်ရန် ကျွန်တော်လန့်သွားသည်။

ဇဝေဇဝါနှင့် မဝံ့မရဲဖြစ်နေစဉ်မှာပင် ဂျိမ်းစ်ဘွန်းကိုယ်တိုင် မောင်းလာဟန်တူ သော ထိုဘက်(စ်)ကားကြီးကအရှိန်ပြင်းပြင်းနှင့် ခပ်ကြမ်းကြမ်း ပြန်လည်ထွက်



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ တတိယကားကို စောင့်မျှော်ရင်း နားထဲမှလေတွေ အူထွက်ကာ မျက်လုံးများပင် တစ်ချက်တစ်ချက် ပြာဝေလာတော့သည်။

မိုးနတ်မင်းကြီးကူညီတော်မူပါ ...

ကျွန်တော့်အတွက် အဆင်ပြေမည့် ဘက်(စ်)ကားတစ်စီးစီး အမြန်ဆုံး ရောက်ရှိလာပေါစေ။ ရင်တွေ တလှပ်လှပ် တုန်ခါမူးဝေလာသဖြင့် ကားမှတ်တိုင်ကို ကမန်းကတန်းလှမ်းကိုင်လိုက်ရ၏။ ထိုအချိန်မှာပင် အိပ်မက်ထဲမှ ထွက်ပေါ်လာသလို ဘက်(စ်)ကားတစ်စီးက ကျွန်တော့်ရှေ့သို့ ညင်သာစွာ ထိုးဆိုက်လာလေသည်။

ကား၏ ရှေ့ပေါက်က ကျွန်တော်နှင့် တစ်တန်းတည်းမို့ ခရီးသည် အနည်းအများကိုပင် အကဲမခတ်နိုင်တော့ဘဲ ကားပေါ်လှမ်းတက်လိုက်၏။ ကံကောင်းထောက်မစွာ ကားပေါ်၌ လူရှင်းနေပါသည်။ နောက်ဆုံးတန်း၌ထိုင်နေသော တစ်စုံတစ်ယောက်မှအပ မည်သည့်ခရီးသည်မှမရှိ။

ယာဉ်မောင်းသူဘေး၊ ကား၏အရှေ့ဆုံးခုံ၌ ဝင်ထိုင်လိုက်ချိန်၌ ကားက ငြင်သာစွာ လျှောခနဲ ထွက်သွားပါသည်။ ကားခပေးရန် အိတ်ကပ်ထဲမှ ငွေစက္ကူတို့ကို ထုတ်ချိန်ကျမှ ဒီကားပေါ်မှာ စပယ်ယာလည်း တစ်ယောက်မှ မတွေ့ပါလားဟု ကျွန်တော် သတိပြုလိုက်မိသည်။

ကြည့်ရတာ ...

အဖိုးအိုပြောသလို အောက်ဆိုဒ်ရှာသော ကြားကားမျိုးဖြစ်ပါလိမ့်မည်။

ပုံမှန်ထက် သုံးဆမျှပိုသော ကားခကို ထုတ်ကိုင်ထားရင်း ယာဉ်မောင်း သူအား ကျွန်တော်လှမ်းမေးလိုက်သည်။

"ဗျို့ကားဆရာ ... ကားခ ဘယ်လောက်ပေးရမှာလဲ"

ယာဉ်မောင်းထံမှ တုန့်ပြန်သံမကြားရ။

"ဟေ့လူ"

ဟု နောက်တစ်ကြိမ် အကျယ်ကြီးခေါ်လိုက်သော်လည်း မထူးခြား။ နားလေးရုံမက နားပါကန်းနေသလားဟုပင် ကျွန်တော် ဇဝေဇဝါ ဖြစ်သွား၏။ ထိုင်ရာမှ ထကာ ၄င်းထံသို့ လျှောက်လာပြီး ပခုံးကို လှမ်းပုတ်လိုက်ပါသည်။

"ဒီမယ် ... ကားဆရာ ..."

ယာဉ်မောင်းက ကျွန်တော့်ဘက်ကို ဖြတ်ခနဲလှည့်ကြည့်သည်။ လှည့်သည်ဆိုရုံလေးလှည့်ပြီး ရှေ့တူရှုသို့ ပြန်လည်မျက်နှာမူသွား၏။ သူ လှည့်ကြည့်ချိန်က သုံးစက္ကန့်ထက်ပိုလိမ့်မည်မထင်ပါ။ ထိုမျှ တဒင်္ဂလေးအတွင်းမှာပင် ကျွန်တော့်နှလုံးသွေးများရပ်တန့်သွားကာ ခန္ဓာကိုယ်တစ်ခုလုံး အေးခဲသွား၏။





မြတ်စွာဘုရား ...

ဒီကားမောင်းသူမှာ မျက်လုံးတွေ မပါပါလား ...

မျက်စေ့ကန်းနေခြင်းမျိုး မဟုတ်။ မျက်လုံးအိမ်ထဲ၌ မျက်လုံးသားများ ကင်းမဲ့နေခြင်းဖြစ်၏။

နားမကြားသလို၊ မျက်စေ့လည်းမမြင်သော ယာဉ်မောင်းသူတစ်ယောက် မောင်းနေတဲ့ကားကို ကျွန်တော် စီးမိနေတာပါလား။

တုန်လှုပ်ခြောက်ခြားမှုဖြင့် ကျွန်တော့်တစ်ကိုယ်လုံး တဆတ်ဆတ် တုန်ရီလာ၏။ ကူကယ်ရာအဖြစ် ကား၏နောက်ဆုံး၌ ထိုင်နေသူအား လှမ်းကြည့်ပြီး ၄င်းထံသို့ အမောတကော အပြေးသွားမိသည်။ အနီးရောက်တော့မှ ထိုင်နေသူမှာ ကားမှတ်တိုင်၌ ကျွန်တော့်အား စကားပြောခဲ့သူ အဖိုးအိုဖြစ်မှန်း သိလိုက်ရသည်။ အဖိုးအိုမှာ ကျွန်တော့်အား အကြံပေးဖြောင့်ဖျနိုင်မည့် အသက်ကြီးသူဖြစ်သည့်အပြင်၊ တစ်ချိန်က ဘက်စ်ကားယာဉ်မောင်း ဖြစ်ခဲ့ဖူးသူမို့ ယောက်ရက်ခတ်နေသော ကျွန်တော့်၏ စိတ်တို့ မနည်းငယ် အနည်ထိုင်သွား၏။ အဖိုးအိုက ကျွန်တော့်အား မှတ်မိဟန်ဖြင့် အပြုံးနှင့် ကြိုပါသည်။

"မောင်ရင့်နားက ထွက်လာပြီး၊ တခြားမှတ်တိုင်မှာ ဒီကားတွေ့တာနဲ့ တက်စီးလာတာလေ ..."

"အဘ ... ဒီကားမောင်းသူမှာ ..."

"ဘာဖြစ်လဲ ..."

"မျက်နှာအဘ ... မျက်နှာမပါဘူး"

"ဟေ"

ကျွန်တော် အသံက ထစ်ငေါ့တုန်ရီနေသော်လည်း အဖိုးအိုက တည်တည်ငြိမ်ငြိမ် တွေဝေသွား၏။

"ဒီယာဉ်မောင်းက နားမကြားတဲ့အပြင် မျက်နှာလည်း မပါဘူး။ အမြင် အာရုံလည်းမရှိဘူး။ ကျွန်တော်တို့ ဘယ်လိုလုပ်မလဲ အဘ။ ကားရပ်ခိုင်းပြီး ဆင်းပြေးရင်ကောင်းမလား။"

"နားမကြားဘူးဆိုတော့ ဘယ်လိုအော်ပြီး ရပ်ခိုင်းမလဲ မောင်ရင်ရဲ့"

"အင်း ... ဒါလည်း ဟုတ်တာပဲ"

"မပူပါနဲ့လေ ... မှတ်တိုင်တစ်ခုခုရောက်ရင် သူရပ်မှာပါ။ အဲဒီကျတော့ မောင်ရင်ဆင်းပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အဘကကော"

"အဘက ဆင်းလို့ မဖြစ်ဘူး မောင်ရင်ရဲ့"

"ဘာဖြစ်လို့လဲ"

"အဘက ဒီကာ**အ**ပိုင်ရှင်လေ"

"ဗျာ"

ကျွန်တော် ကြက်သေ သေသွားချိန်၌ အဖိုးအိုက နားရွက်ကာများ ပါသော ခေါင်းမှ ဦးထုတ်ကိုချွတ်ကာ သူ့ကိုယ်ကို တဖြတ်ဖြတ် ယပ်ခတ်နေလေသည်။ အဖိုးအို အား ငေးကြည့်ရင်း ထူးဆန်းမှုတစ်ခုကို ကျွန်တော် တအံ့တသြ သတိပြုမိသည်။

အဖိုးအိုး နားရွက်နေရာလောက်၌ ဟိုဘက်ဒီဘက် တိုးလျှိုပေါက် အပေါက်ကြီး တစ်ခု။ ထိုအပေါက်ကြီးထဲမှ တစွန်းတစလှမ်းမြင်လိုက်ရတာက ပြတ်တောက်နေ သည့် ဝါယာကြိုးများ၊ လောင်ကျွမ်းမည်းညစ်နေသည့် အိုင်စီအပျက်များ။

ဒါဆို ... အဖိုးအိုရဲ့ဦးနှောက်တွေဟာ ...

ကျွန်တော်အတွေးတို့ မဆုံးခင်မှာပင် အဖိုးအိုထံမှ စကားသံတစ်ခု ထွက်ပေါ်၍ လာသည်။

"မောင်ရင် သိအောင်ပြောပြရဦးမယ်။ တို့ကားရပ်ဖို့ မှတ်တိုင် ဒီကမ္ဘာပေါ်မှာ မရှိသေးဘူးကွယ့် ..."

"ခင်ဗျာ ..."

ကျွန်တော့်မျက်လုံးများ ရုတ်တရက် ပြာဝေလာကာ ဘက်(စ်)ကား ကြမ်းပြင် ပေါ်သို့ မှူးမေ့လဲကျသွားပါသည်။

၄။

မိုးသည် ... ပျင်းရိငြီးငွေ့ဖွယ် ဆက်လက်ရွာသွန်းနေဆဲဖြစ်၏။

မဲပြောင်သော ကတ္တရာလမ်းမပေါ်၌ ဘက်စ်ကားတစ်စီးသည် အရှိန်မှန်မှန်နှင့် ပြေးလွှားနေဆဲ။ ကားဦးခေါင်း၌ ယာဉ်လိုင်းနံပါတ်အစား ကျွန်တော် သတိမပြုမိခဲ့သော ယာဉ်နံမည် တပ်ဆင်ထား၏။ ရိုးရိုးလေး ဖြစ်ပါသည်။

"နှောက် ... ဆုံး ... ကား" ... တဲ့။ ။

၊ စက်တင်ဘာလ ၂၀၀၆ အိုင်ဒီယာ





→ ရွေးချယ်တင်ဆက်မှု – ၅

# ဂျိုကာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ခါ သူက

ရှင်ဟာ ကျွန်မအတွက် ဂျိုကာကြီးပါပဲလို့

ပြောလေ့ရှိတယ် ဂျိုကာ ဆိုတာ

နေရာစုံသုံးလို့ရတဲ့ ဖဲချပ် မဟုတ်လား။

ဒါဟာ ကျွန်တော့်ရဲ့ အသုံးဝင်မှုကို

အသိအမှတ်ပြုလာရတဲ့ သဘောပေါ့





၁။

ကြွားတယ်လို့လည်း မအောက်မေ့ကြပါနဲ့။

ကျွန်တော်ဟာ ဝါသနာအရရော၊ လုပ်ငန်းလိုအပ်ချက်အရပါ စာအုပ်ပေါင်းများစွာကို အတော်အမျိုးအစားစုံစုံ ဖတ်ရှုထားခဲ့သူပါ။ ဒါကြောင့် ... လူတွေရဲ့သဘောကို စာအုပ်တွေကတစ်ဆင့် အတော်လေး စောကြောနိုင်ခဲ့ပြီလို့ ကိုယ့်ကိုယ်ကို ထင်ခဲ့မိပါရဲ့။ ဒါပေမယ့် မိန်းမတွေရဲ့ စိတ်ခံစားမှုကိုတော့ လိုက်လို့မမီနိုင်လောက်အောင်ပါပဲ။ အထူးသဖြင့် မဟာဝှာနဲ့ပတ်သက်ရင် အဲဒီအချက်ဟာ ပိုပြီးသိသာလှပါတယ်။

သူနဲ့ ကျွန်တော် အိမ်ထောင်ကျတော့ သူ့အသက်က နှစ်ဆယ် သီသီလေးရယ်။ ကျွန်တော်ကတော့ အစိတ်သာသာ သုံးဆယ်နီးပါးပေါ့။ ခုဆို ကျွန်တော်တို့ အိမ်ထောင်ရေးဟာ အတော်လေး ခရီးပေါက်ခဲ့ပါပြီ။ ကျွန်တော်တို့ နှစ်ယောက်ကို ဘယ်သူမှ အတင်းအကြပ်ပေးစားခဲ့တာမဟုတ်ဘဲ နှစ်ဦးနှစ်ဖက် နှစ်သက်လို့ လက်ထပ်ခဲ့ကြတာပါ။ ဒါပေမယ့် ... ခုတလော သူဟာ တစ်ယောက်တည်းရှိတဲ့ အချိန်တွေမှာ မရွှင်မလန်းနဲ့ ငေးငေးငိုင်ငိုင် ဖြစ်နေတာကို သုံးလေးခါမက ကျွန်တော် သတိထားမိလာခဲ့တယ်။ တစ်ခါက ... ညနေခင်း



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ သူတစ်ယောက်တည်း သိုးမွှေးထိုးနေရင်း 'ပျင်းလိုက်တာ' လို့ ညဉ်းညူလိုက်တာကို အခန်းဝကနေ ကျွန်တော်နားနဲ့ ဆတ်ဆတ်ကြားလိုက်မိပါတယ်။

ဒါပေမယ့် ... ကျွန်တော်က 'ဘာဖြစ်တာလဲ။ ပျင်းတယ်လို့ ညည်းလိုက်သလား' လို့ သွားမေးတော့ ... ဘာမှ မဖြစ်ပါဘူး။ မညည်းပါဘူးလို့ ဖြောင်ငြင်းတယ်။ တကယ်တော့ ပျင်းတယ်ဆိုတာဟာ မပျော်ဘူးလို့ နားထောင်ကောင်းအောင် ပြောလိုက်တာပဲမဟုတ်လား။ မပျော်တာဟာ တစ်နည်းအားဖြင့် စိတ်ညစ်တာပဲပေါ့။

(ကျွန်တော် နားမလည်နိုင်တာဟာ အဲ့ဒါပါ။)

သူ့မှာ စိတ်ညစ်လောက်စရာ ဘာကိစ္စများရှိလို့လဲ။ ကျွန်တော်ဟာ လူသိ မခံရတဲ့ အငယ်အနှောင်းကိစ္စမျိုး ကင်းရှင်းခဲ့သလို၊ အရက်သေစာလည်း အရင်က နှစ်သက်ခဲ့ပေမယ့် ရှောင်ကြဉ်ထားခဲ့တာ ကြာပါပြီ။ လောင်းကစားဆိုရင်တော့ မပြောနဲ့တော့။ အရှောင်ရတာမျိုးကို ဝါသနာမပါလို့ ထိတောင် မထိုးခဲ့ပါဘူး။ လက်ထပ်ပြီးချိန်ကစလို့ ကျွန်တော် သူ့ကို တင့်တောင်းတင့်တယ် ထားခဲ့တာပါ။ ကျွန်တော်နဲ့ယူပြီး သူ့ခများ ပင်ပန်းရတာဆိုလို့ ကလေးမွေးပေးရတာလောက်ပဲ ရှိတယ်။ ပြောရရင် ဈေးဝယ်တာမျိုးကိုတောင် သိပ်မလုပ်ခဲ့ရပါဘူး။

ဈေးဆိုလည်း ကျွန်တော်ပဲ ဝယ်ပေးနေကျပါ။ ကျွန်တော်ဟာ ပါသွားတဲ့ ပိုက်ဆံနဲ့လောက်အောင်ဝယ်တတ်တဲ့ လူပါ။ စာရေးဆရာ သော်တာဆွေကို အားကျခဲ့သူမို့ အိမ်ရှင်မတွေနဲ့အပြိုင် ဈေးဝယ်ရတာကို ရှက်စရာလို့ ကျွန်တော် မထင်ခဲ့ဘူး။ ဈေးဝယ်ပြီးလို့ ဟင်းရံကိုင်တဲ့အခါ ကူလုပ်ပေးရတာကိုလည်း သိမ်ငယ်စရာလို့ မမြင်ခဲ့ဘူး။ ရံဖန်ရံခါ ကိုယ်တိုင်တောင် ဝင်ချက်ပါသေးတယ်။ ကျွန်တော်က အစားကောင်းကြိုက်သူမို့ ဟင်းချက်ရတာကို ဝါသနာ ပါသွားတယ်ထင်ပါရဲ့။ ပြောရရင် တချို့မိန်းကလေးတွေထက်တောင် ပိုကောင်းအောင် ချက်နိုင်ပါသေးတယ်။

အသုပ်တွေဘာတွေ အစပ်အဟပ်မတည့်လို့များတော့ ဘယ်လိုပြင်ရမလဲ ဆိုတာ သူကျွန်တော့်ကို လာမေးနေကျပါ။ ကျွန်တော်ကလည်း တစ်ဇွန်းလောက် ခပ်မြည်းလိုက်တာနဲ့ အချဉ်လိုတယ်။ အချိုပေါ့တယ်။ ဆားနည်းနည်းထည့်ဆိုတာမျိုး တန်းပြောလိုက်နိုင်တာချည်းပါပဲ။

အချက်အပြုတ်မှာ ကူညီသလို၊ မီးဖိုချောင်ရှင်းစရာရှိလည်း ကျွန်တော်ပဲ ရှင်းပေးလေ့ရှိတယ်။ တစ်လနေလို့ ကျွန်တော့်စာရေးစားပွဲကို သူတစ်ခါ လာမရှင်းပေမယ့် သူ့မီးဖိုချောင်ကိုတော့ တစ်ပတ်မှာ သုံးလေးခါ ကျွန်တော် ရှင်းပေးသလို၊ သဲတရုပ်ရုပ်နဲ့





မနေတတ်တဲ့ ကျွန်တော်ဟာ တစ်နေ့မှာ အနည်းဆုံးနှစ်ခါတော့ တစ်အိမ်လုံး တံမြက်စည်းလှဲလေ့ရှိတယ်။ တံမြက်စည်းလှဲရင်း သူနဲ့ကလေးတွေရဲ့ ပစ္စည်းတွေ ရှုပ်နေတာတွေ့ရင် ကောက်သိမ်းလိုက်တာပါပဲ။

မောတယ်ပန်းတယ်၊ သဘောထား မနေပါဘူး။ ကျွန်တော်က ဘာပဲဖြစ် ဖြစ် သူ့နေရာနဲ့သူ ရှိနေစေချင်တာ မဟုတ်လား။ ဇွန်းနေရာဇွန်း၊ ဓားနေရာဓား ဆိုတာမျိုးပေါ့ ခေါင်းဖြီးပြီးရင် ဘီးကို ဘယ်မှာ ထားသင့်သလဲ။ အံဆွဲထဲ ထည့်သင့်တယ်ထင်ရင် ကျွန်တော်အမြဲတမ်း အံဆွဲထဲပဲထည့်တယ်။ သူနဲ့ သူ့ကလေးတွေ (ကျွန်တော့်ကလေးတွေဆိုလည်း မမှားပါဘူး) သူတို့ကတော့ ဗီရိုပေါ်တင်တယ်။ အိပ်ရာဘေးထားတယ်။ တစ်ခါတလေ အဝတ်ခြင်းထဲတောင် ပစ်ထည့်ချင်ထည့်ထားတတ်သေးတာခင်ဗျ။

ဒီတော့ အမြင်မတော်ဘူးထင်တဲ့ ကျွန်တော်ကပဲ လိုက်သိမ်းရတော့တာပေါ့။ ဒါပေမယ့် နင်ပဲငဆတော့ မကြာခဏ ပြောမနေတော့ပါဘူး။ ကျွန်တော်က သူ့ထက်အသက်ကြီးသူဆိုတော့ သည်းခံလိုက်တာပါပဲ။ တစ်ခါတစ်လေ စိတ်လိုလက်ရရှိတဲ့ အခါမျိုးတွေကျမှသာ သူနဲ့ကလေးတွေကို အကျိုးသင့် အကြောင်းသင့် ရှင်းပြတယ်။

အဲဒီအခါကျတော့လည်း ကိုယ်က စာရေးဆရာဆိုတော့ တတ်သည့် ပညာမနေသာဆိုသလို ပုံတိုပတ်စကလေးတွေ ညှပ်ပြီး ပြောပြရတာပေါ့။ မြင်းသံ့ခွာတစ်ချက် မရိုက်မိလို့ စစ်ရှုံးရတာမျိုးကစလို့ မှုလီတစ်လုံးကြောင့် လေယာဉ်ပျံတစ်စီးလုံး ပျက်ကျသွားနိုင်ကြောင်း။ မီးဆိုတာ ပြဿဒ်က စမလောင်ဘဲ အမှိုက်ကသာ စလောင်တတ်ကြောင်း။ ဆိုလိုတာကတော့ အသေးအဖွဲလေးကစပြီး စည်းကမ်းရှိသင့်ကြောင်း ဖျောင်းဖျရတာပေါ့လေ။

တစ်ခါတစ်လေတော့လည်း သူတို့ အိပ်ငိုက်ချင် ငိုက်ပေမပေါ့။ တစ်သက်လုံးကောင်းဖို့ဆိုတော့လည်း ရှေ့မျက်နှာ နောက်ထားပြီး ပြောရတာ ပါပဲ။ ဒါပေမယ့်လည်း တစ်ခါတလေမှပါ။ များသောအားဖြင့်တော့ သူတို့ ရှုပ်သွားရင် ကျွန်တော့်ဘာသာရှင်းလိုက်တာပါပဲ။ လျှော်စရာအဝတ်တွေ့ရင်လည်း အဝတ်လျှော်စက်ထဲ ပစ်ထည့်ပြီး လျှော်လိုက်လှန်းလိုက်တာပါပဲ။

အဝတ်ဆိုလို့ အင်္ကျီတွေဘာတွေများ ပြဲလို့ အပ်ချုပ်စက်နဲ့ ချုပ်စရာရှိရင် သူက စက်မနင်းတတ်ဘူးခင်ဗျ။ ဒီတော့ စက်နဲ့နင်းမှ ဖြစ်မယ့်ဟာမျိုးကျ ကျွန်တော်ပဲ စက်နင်းပြီး ချုပ်ပေးရလေ့ရှိတယ်။ အချက်အပြုတ်၊ အချုပ်အလုပ်အပြင် သိုးမွှေးထိုးတာမျိုးကျတော့လည်း ကျွန်တော် ဝင်ပါရပြန်တာပဲ။ ကိုယ်က ပန်းချီအခြေခံသဘောလေး



www.burmeseclassic.com

www.burmeseclassic.com



လည်း အနည်းအကျဉ်းနားလည်ထားလေတော့ ... ဟိုအရောင်နဲ့ ဟိုအရောင်နဲ့ မစပ်နဲ့။ ဒီဟာနဲ့ ဒါနဲ့စပ်ဆိုတာမျိုး ... လည်ပင်းပေါက်ကို နည်းနည်းကျဉ်းလိုက်ဆိုတာမျိုး ဝင်အကြံပေးရတာပါပဲ။

အသက်ငယ်တဲ့သူ ယူထားတာဆိုတော့လည်း ဘယ်တတ်နိုင်ပါ့မလဲ။ တစ်ခါတစ်လေ သူမြို့ထဲသွားချင်တဲ့အခါ သူ့အစ်မတွေဆီ အလည်သွားတဲ့အခါမျိုးဆိုရင် ကျွန်တော် ပါရပြန်တယ်။ 'မင်းဘာသာ တစ်ယောက်တည်းဘက်စကား..စီးသွားကွာ' လို့ ပြောလိုက်ဖို့က မကောင်းဘူးမဟုတ်လား။ ဒီတော့ ... ဖတ်လက်စစာအုပ်တစ်အုပ်ယူပြီး သူ့နောက်လိုက်ရတာပေါ့။ သူ့ဆီကို မိန်းမအဖော်သူငယ်ချင်းတွေ လာတော့ကော ... တဲ့။ ကျွန်တော်ပါ သူနဲ့အတူထွက်ပြီး ဧည့်ခံတယ်။ အိပ်ခန်းထဲမှာ စာဖတ်ပြီး နပ်နေလည်း ရတာပါပဲ။ ဒါပေမယ့် မကောင်းဘူး မဟုတ်လား။

ကိုယ်က လူမှုရေးကို ဝါသနာ မပါလှပေမယ့် ... ကျွန်တော့်ကြောင့် 'နင့် ယောကျာ်းကြီးကလည်း ကျဲလိုက်တာ' လို့ သူပါ အပြောခံရရင် မနိပ်ဘူးလေ။ဒီတော့ သူနဲ့အတူ တစ်ချိန်လုံးထွက်ပြီး ဧည့်ခံရတာပေါ့။ ကျွန်တော့်ကြောင့် သူတို့ချင်း တိုးတိုးတိုးတိုး လုပ်ခွင့်တော့ မသာဘူးပေါ့။ ဒါပေမယ့် ကျွန်တော် မသိစေချင်တဲ့ ဘာကိစ္စမျိုးမှ သူ့မှာ မရှိဘူးလို့ ကျွန်တော်ထင်တာပဲ။

ကျွန်တော် သူ့အပေါ် ဟာကွက်မရှိအောင် ဂရုစိုက်သလို၊ လိုအပ်ချက်ဆိုလည်း ဘာမှ မရှိလောက်အောင်ကို ထားပါတယ်။ တစ်ပင်တိုင်မြနန်းမှာ အစောင့်အကြပ်တွေနဲ့ စီစဉ်မပေးနိုင်ပေမယ့် ခွေးတွေကြောင်တွေ မွေးချင်တယ်ဆိုလည်း ဖန်တီးပေးလိုက်တာပဲ။ ပန်းပင်လေးတွေ ပျိုးချင်တယ်ဆိုလည်း လုပ်ပေးလိုက်တာပါပဲ။ အပင်တွေဘာတွေ စိုက်တော့လည်း ကျွန်တော့်လက်ကဖြစ်သွားရယ်ပဲ။ ဒါကြောင့် ... သူ ပန်းခြံထဲဆင်းတိုင်း ကျွန်တော်ပါတတ်လို့ နောက်ပိုင်း ရှင်ပဲစိုက်လိုက်ပါတော့လို့ သူအာဏာလွှဲပေးရတယ်။

သူ့အကျီတွေဘာတွေ ပြင်ချင်တဲ့အခါ ခါးကို လက်တစ်လုံးလောက်ကျဉ်းချင်တယ်၊ ပခုံးနည်းနည်း ညှိချင်တယ် ဆိုတာမျိုးကျ ကျွန်တော်ကပဲလုပ်ပေးလေ့ရှိတယ်။ သူကတော့ စက်ဆိုင်မှာ သွားလုပ်ချင်တာပါ။ ဒါပေမယ့် ... ဒီခေတ်ကြီးမှာ အကျီချုပ်ခပြင်ခတွေက နည်းမှတ်လို့။ ပြီးတော့ ကျွန်တော်





လုပ်လည်း ဖြစ်နေသားဆိုတော့ ကိုယ်ပဲလုပ်ပေးလိုက်ပါတယ်။ ဒါကြောင့် ... တစ်ခါတစ်ခါ ... သူက 'ရှင်ဟာ ကျွန်မအတွက်တော့ ဂျိုကာကြီးပါပဲ'လို့ ပြောလေ့ ရှိတယ်။

ဂျိုကာဆိုတာ နေရာစုံသုံးလို့ရတဲ့ ဖဲချပ်မဟုတ်လား။ ဒါဟာ ကျွန်တော်ရဲ့ အသုံးဝင်မှုကို အသိအမှတ်ပြုလာရတဲ့ သဘောပါ။ သူဟာ ကျွန်တော် မပါရင် ဘယ်နေရာမှ အဆင်မပြေဘူးလို့ ဝန်ခံလာတာပဲ မဟုတ်လား။ ကျွန်တော်ကလည်း အလှုပွဲထိုင်သွားရင်တောင် ဟိုအကျီနဲ့ ဟိုလုံချည်လေးဝတ်၊ ဟိုဖိနပ်ကလေးစီးလို့ အကြံပေးပါတယ်။ ကုန်ကုန်ပြောရရင် ညဘက်ဝမ်းနှုတ်ဆေးသောက်ရင်တောင် ဘယ်နှစ်လုံးသောက်သင့်သလဲ သူ ကျွန်တော့်ကို မေးရတာပဲလေ။

ဒါနဲ့တောင် ... ခုနောက်ပိုင်း သူ့ရဲ့ငေးငေးငိုင်ငိုင် အမူအရာတွေ တွေ့တော့ ကျွန်တော် တအံ့တသြဖြစ်လာရတယ်။ သူဟာ ကျွန်တော်နဲ့ နေရတဲ့အတွက် ဘာငြီးငွေ့စရာရှိသလဲ ကျွန်တော် နားမလည်နိုင်အောင် ဖြစ်လာရတယ်။ တစ်ရက် နယ်က အဒေါ်တစ်ယောက် နေမကောင်းလို့ သူ့အစ်မနဲ့ သတင်းသွားမေးတယ်လို့ ကျွန်တော့်ကို ပြောလာတယ်။ အငယ်ကောင်စာမေးပွဲပြီးမှ သွားပါလား၊ ကိုယ်ပါလိုက်လို့ရတာပေါ့' လို့ ကျွန်တော်ပြောတော့ သူက အစ်မနဲ့ပဲသွားမယ်လို့ ဖွတ်တောင်းဆိုတယ်။ ဒါနဲ့ပဲ အင်တင်တင်နဲ့ ကျွန်တော် လိုက်လျှောလိုက်ရတယ်။

အဲ့ဒီခရီးဟာ လိုအပ်တာထက်ကို ပိုပြီးကြာပါတယ်။ နောက်ဆုံးသူ့အစ်မပြန်ရောက်လာပြီး သူကတော့ ပါမလာဘူး။ နယ်မှာကျန်ခဲ့ဟယ်ဆိုတဲ့ သိုးသိုးသန့်သန့် သတင်းတွေကြားတော့ ကျွန်တော် နားမလည်နိုင်အောင်ဖြစ်ရပါတယ်။ သူ့အစ်မကို သွားမေးတော့ 'အေးအေးဆေးဆေး နေချင်သေးတယ်ဆိုပြီး နေခဲ့တာပဲ' လို့ ခပ်အေးအေး ပြန်ဖြေတယ်။ သူ ကျွန်တော့်အပေါ် မကျေနပ်တာ တစ်ခုခုများ ရှိသလားလို့ ကျွန်တော်မေးတော့ သူ့အစ်မက ... ရှင့်မှာ ဘာမကျေနပ်စရာများ ရှိလို့လဲ ... တဲ့။

အင်းလေ ... ဒါလည်း ဟုတ်တာပဲ။ သူ့အစ်မကတော့ ကျွန်တော့်ကို မျှောင်းဖျပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



'တစ်ခါတစ်လေ သူတစ်ယောက်တည်း လွတ်လွတ်လပ်လပ် အပန်းဖြေချင်လို့ ဖြစ်မှာပေါ့'

'ကျွန်တော်တို့ အိမ်ထောင်ကျပြီးကတည်းက သူတစ်ယောက်တည်း ခုလို တစ်ခါမှ ခရီးမသွားဖူးဘူးဗျ'

'အင်းလေ။ အိမ်ထောင်သက် နှစ်နှစ်ဆယ်ကျော်အတွင်း ဒါဟာ ပထမဆုံး ခရီးသွားဖူးတာပဲ။ စိတ်ပြေလက်ပျောက် အေးအေးဆေးဆေး နေချင်လို့ ဖြစ်မှာပေါ့။ အချိန်တန်ရင် ပြန်လာပါလိမ့်မယ်။ စိတ်မပူပါနဲ့'

သူ့အစ်မ ပြောတဲ့ စိတ်ပြေလက်ပျောက်ဆိုတဲ့စကားကို ကျွန်တော် ခုချိန်ထိ နားမလည်နိုင်ခဲ့ဘူး။ သူကလည်း ခုချိန်အထိ ပြန်မလာသေးပါဘူး။ သူ့ကလေးနှစ်ယောက်ကတော့ ပြီးခဲ့တဲ့လကပဲ သူတို့အမေနောက် အထုပ်အပိုးတစ်ပွေ့တစ်ပိုက်နဲ့ လိုက်သွားကြလေရဲ့။

ပြောရရင်ဖြင့် မိန်းမတွေရဲ့ စိတ်ခံစားမှုကို ကျွန်တော် လိုက်လို့ မမီနိုင်သေးတာ အမှန်ပါပဲလေ။ ။





ရွေးချယ်ဘာင်ဆက်မှု – ၆

# မြို့ပြတ်ရထားအကြောင်း တစိတကိုး



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေတစ်ယောက်က
အိပ်မက်တစ်ခုကို မတန်တဆဈေးနှင့်ဝယ်ပြီး
ကျောက်စိမ်းတုံးခွဲသလို ခွဲချလိုက်သောအခါ
အတွင်းမှ 'ကျေးဇူးတင်ပါသည်' ဟူသော
စာတန်းတစ်ခုသာ ထွက်လာ၏





၁။

(နိဒါန်း)

ပူနွေးသော နေ့ရက်များက အေးမြသည့်နှင်းခါး ရိုက်ဆောင်းညများနှင့် ချမ်းစိမ့်စွတ်စိုသော မိုးနေ့များကို ပြန်လည် သတိရစေသည်။ ရာသီဥတုသည် လူသားများကို တင်ဆောင်ကာ စိမ်းလန်းသော သင်္ကြန်ရာဇ်များဆီသို့ ဦးတည်ခုတ်မောင်းနေဆဲဖြစ်၏။

အချိန်ရထား၏ ခေါင်ဆောင်ရာသို့ ...

မလိုက်ချင်ဟု ငြင်းဆန်၍မရသလို၊ မြန်မြန်ရောက်ချင်ပါသည်ဟုလည်း တောင်းဆို၍ မရပါ။ သင်္ကြန်ရာဇ်ရထားသည် အရှိန်နှုန်းမှန်မှန်နှင့် ဘူတာစဉ်များကို ဖြတ်ကျော်လာခဲ့သည်မှာ ဘယ်နှစ်ဘူတာရှိခဲ့ပြီလဲ။

ကျွန်တော့်အတွက်တော့ ဘူတာပေါင်း သုံးဆယ့်ရှစ်ခုကျော်ခဲ့ပါပြီ။ တစ်ချို့ဘူတာများကို တက်ကြွနိုးကြားစွာ ဖြတ်ကျော်ခဲ့သော်လည်း၊ တစ်ချို့ ဘူတာများကိုတော့ အိပ်ငိုက်မူးရီစွာ ဖြတ်မှန်းမသိ ဖြတ်သန်းလာခဲ့မိသည်။ ဘဝ၏အကောင်းဆုံးဘူတာစဉ်များသည် နှစ်ဆယ်ကျော်မှာ စသည်ဟု ဆိုပါစို့။

ထိုစဉ်က ကျွန်တော်တို့ နိုးကြားလန်းဆန်းစွာ ရှိခဲ့ပါရဲ့လား။

ဘေးဘီဝဲယာကို မျက်ခြေမပြတ် စောင့်ကြည့်အကဲခတ်ပြီး သဘာဝကပေးသော အတတ်ပညာကို ကောင်းစွာ သင်ယူနိုင်ခဲ့ပါရဲ့လား။ နောင်တစ်ချိန်မှာ အေးမြစွာ အရိပ်ခိုနိုင်ဖို့ သစ်ပင်တစ်ပင်ကော စိုက်ဖြစ်ခဲ့ပါရဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



တစ်ချို့က တောအုပ်တမျှ စိုက်ပျိုးခဲ့ပြီဟု လက်သီးလက်မောင်း တန်းကား ကြွေးကြော်နေချိန်၌ တစ်ချို့က မျိုးစေ့ပင်ရှာမတွေ့သေးပါ။ အထူးတန်းမှ စီးနင်း လိုက်ပါလာသော ဘီလ်ဂိတ်လို၊ ဒေါနယ်ထရန့်နှင့် အေဗရာဟင်မိုဗစ်လို ပုဂ္ဂိုလ်မျိုးက ဒူးနံ့ကာ စစ်တုရင်ထိုးနေချိန်၌ ရိုးရိုးတန်းမှ ကောင်လေးတစ်ယောက်မှာ ထိုင်စရာပင် မရသေး။ အကြာကြီးစီးရအုံးမှာပါ။ တစ်ချိန်ချိန်တော့ တစ်ခုခုဖြစ်လာမှာပေါ့ဟု စိတ် ချထားစဉ် လူတစ်ချို့ရထားပေါ်မှ ပြုတ်ကျကျန်ရစ်ခဲ့ပြီ။

ရှေ့ကိုသွားသော ရထားပေါ်၌ နောက်ပြန်လမ်းလျှောက်သူ အချို့ကိုလည်း ထူးဆန်းစွာ တွေ့မြင်ခဲ့ဖူးပြီ။

ရထားပေါ်၌ အနည်းငယ် အံ့သြစရာကောင်းပြီး အထူးတလည် သတိထား ဆက်ဆံရမည့် သူများကတော့ ဈေးသည်များ၊ အလစ်သမားများနှင့် လက်မှတ်စစ်ဖြစ် သည်။ တစ်ချို့ဈေးသည်များက မျှော်လင့်ခြင်းကိုရောင်းပြီး တစ်ချို့ဈေးသည်များက တော့ အိပ်မက်ကိုဈေးနှုန်းချိုသာစွာ လာရောင်းတတ်၏။ တစ်ဦးစ နှစ်ဦးစတော့ ယုံကြည်ချက်နှင့် အနာဂတ်ကို ဈေးဗန်းထဲထည့်ကာ ငုတ်တုတ်ထိုင်နေတတ်သည်။

(အဝယ်မများရန်နှင့် မှန်ကန်စွာ ဈေးဆစ်တတ်ရန် အထူးသတိပြုပါ) မိတ်ဆွေ တစ်ယောက်က အိပ်မက်တစ်ခုကို မတန်တဆဈေးနှင့် ဝယ်ပြီး ကျောက်စိမ်းတုံးခွဲသလို ခွဲချုံလိုက်သောအခါအတွင်းမှ "ကျေးဇူးတင်ပါသည်" ဟူသော စာတန်းတစ်ခုသာ ထွက် လာ၏။ သူငယ်ချင်းမ တစ်ယောက်ကတော့ မျှော်လင့်ချက်တစ်ခုကိုဝယ်ကာ ရင်ခွင် ထဲ၌ ယခုအချိန်တိုင်အောင် အလေးခံကာ ပွေ့ပိုက်ထားတုန်းပင်။

ကျွန်တော်လည်း တစ်ခုခုတော့ ဝယ်ယူလိုပါသည်။ ဂျေကေရိုးလင်းလို၊ သော မက်ဖရက်မင်း၊ ဆင့်ဂါးဆယ်နှင့် ဒေးဗစ်ဘက်ဟမ်းလို၊ မြို့မငြိမ်း၊ ခင်မောင်ရင်နှင့် ထူး အိမ်သင်လို၊ စိုင်းစိုင်းခမ်းလှိုင်၊ နေတိုးနှင့် ဘေယောင်ဂျွန်းလို ဖြစ်မည်ဆိုလျှင် တစ်စုံ တစ်ရာအား ဈေးကြီးပေးကာ ဝယ်ယူလိုပါသည်။

(ရောင်းလိုသူရှိပါက ကျွန်တော့်ဝက်ဘ်ဆိုက်သို့ ဆက်သွယ်ပါရန်)

၂။

(စာကိုယ်)

လွန်ခဲ့သည့်နှစ်အတန်ကြာက ကာလယန္တရားကို အသုံးပြု၍ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလသုံးပါးစလုံးကို ဥဒဟိုသွားလာနိုင်သော ရုပ်ရှင်ကားတစ်ချို့ကို ကြည့်ရှုခဲ့ဖူး၏။ ထိုရုပ်ရှင်ထဲမှ ကာလယန္တရားကိုသာရပါက ကျွန်တော် အပါအဝင်





လူတော်တော်များများသည် ပစ္စုပ္ပန်၌ပင် ရှိကြလိမ့်မည် မဟုတ်။ အကြောင်းမှာ လူတိုင်း ပိုလိုပင် လက်တွေ့ဘဝထက် အိပ်မက်ဆန်သောစိတ်ကူးယဉ်ဘဝများကို နှစ်သက်ကြ သောကြောင့်ဖြစ်သည်။

ထို့ကြောင့် ဘူတာအမှတ်စဉ်ကျော်၍ ရှေ့ရောက်နေခြင်း၊ နောက်၌ ကျန်ခဲ့ သော ဘူတာများသို့ နောက်ပြန်ရောက်နေခြင်းများ ကြုံတွေ့ရနိုင်ပါသည်။ ထိုသို့ဆိုပါ က လက်မှတ်စစ်နှင့်ကျွန်တော်တို့ မကြာခဏ ပြဿနာတက်နိုင်ပါသည်။ ရန်ကုန်– မန္တလေး မီးရထားလမ်းပေါ်မှ လက်မှတ်စစ်က ဒဏ်ငွေမျှသာ ရိုက်မည်ဖြစ်သော်လည်း ဘဝရထားပေါ်မှ လက်မှတ်စစ်ကတော့ ဘဝ၏အစိတ်အပိုင်းအတော်များများကို ဒဏ် အဖြစ် ဖြတ်ချလိုက်နိုင်၏။ (တန်ရာတန်ဖိုးမပေးဘဲ၊ တွဲပြောင်းစီးသူများသတိပြုပါ)

ရိုးရိုးတန်းလက်မှတ်နှင့် အထက်တန်းတွဲပေါ်သို့ ခပ်တည်တည် တက်သွား သော သူငယ်ချင်းတစ်ယောက်အား သတိ မပေးလိုက်နိုင်သဖြင့် ယခုတိုင်အောင် ကျွန်တော် စိတ်မကောင်းပါ။ ကံကောင်းထောက်မစွာ သတင်းစာနှင့် ဂျာနယ်များ၌ သူ့အမည်ကို ယနေ့တိုင်အောင် ကျွန်တော်မတွေ့သေး။ မောင်းမင်းကြီးသား ကံကောင်း နေဆဲဖြစ်ဟန်တူ၏။ မိမိ၏အနာဂတ်နှင့် လက်တွေ့ဘဝအား အလိုက်ပေးလဲကာ တွဲပြောင်းသွားသော ညီမလေးတစ်ယောက်ကတော့ ကံကြမ္မာလက်မှတ်စစ်၏ အရေး ယူခြင်းကိုခံလိုက်ရပြီး ဖြစ်သည်။ တန်ရာတန်ဘိုးနှင့် မှန်ကန်သော ပေးဆပ်မှုမရှိခြင်းက သူမအား အရေးယူခံရရန် လှုံ့ဆော်သွားစေခဲ့သည်။

မိမိ၏ ထိုင်ခုံနံပါတ်အတွက် သင့်တင့်လျောက်ပတ်သော ကြိုးစားအားထုတ်မှု ရှိခဲ့သူများ ထိုင်ရာမှ ထပေးရန်မလိုဟူသော သတိပေးစာတမ်းကို သူမ သေချာမဖတ်မိ ခဲ့ကြောင်း ကျွန်တော့်အား လာရောက်ဝန်ခံခဲ့၏။ (ဝမ်းနည်းမနေနဲ့ ညီမလေး လူမှန် နေရာမှန် ပြန်ရောက်ပြီ မဟုတ်လား။ မင်းအစစ်အမှန် ပိုင်ဆိုင်ခဲ့တဲ့အရာတွေကိုသာ ဂရုစိုက်) သူမအား နှစ်သိမ့်ရင်း သတိပေးစကားဆိုလိုက်ရသည်။

လောက၌ မိမိကိုယ်ပိုင် ကြိုးစားအားထုတ်မှုမရှိဘဲ သူတစ်ပါး၏ ပညာနှင့် ဥစ္စာကို အလစ်သုတ်တတ်သူများရှိကြောင်း ခပ်စောစောထဲကပင် ကျွန်တော် သဘော ပေါက်ထားခဲ့သည်။ ကျွန်တော်၏ အနုပညာအတွက် အာမခံထားရန် ကြိုးစားခဲ့ဘူး သော်လည်း ယခုတိုင်မအောင်မြင်သေးပါ။

ကျွန်တော်အားမှ ခရီးဖော်အမျိုးသမီးကတော့ ပြူတင်းပေါက်အပြင်မှ တရိပ်ရိပ် ပြောင်းလဲသွားသော ရှုမျှော်ခင်းတို့ကိုသာ တိတ်ဆိတ်စွာ ငေးရီနေခဲ့သည်။ မှိုင်းပြရီဝေ သော သူမမျက်ဝန်းထဲမှ တစ်စုံတစ်ရာအတွက် စိုးရိမ်နေမှုကို ကျွန်တော် သတိပြုလိုက်



www.burmeseclassic.com

www.burmeseclassic.com



မိ၏။ သူမ၏ခံစားချက်ကို ကျွန်တော် နားလည်ပေးနိုင်ပါသည်။ အချိန်ရထားသည် စစီးကာစက တစ်ဘူတာနှင့်တစ်ဘူတာ တစ်မေ့တစ်မောစီးခဲ့ရသော်လည်း ဘူတာစဉ်များစွာ ဖြတ်ကျော်ပြီးချိန်မှာတော့ အရှိန်ရ မြန်ဆန်လာခဲ့သည်။ တစ်ဘူတာရပ်ပြီး နောက်တစ်ဘူတာ ထပ်ရပ်ရန်မှာ ခဏလေးဟုပင် ထင်မှတ်ရ၏။

အချိန်ရထား၏ မြန်ဆန်လာသော အရှိန်နှုန်းအတွက် သူမ စိုးရွံ့ပူပန်နေဟန် တူပါသည်။ သူမ၏လက်ဖဝါးလေးအား လှမ်းကိုင်ကာ အားပေးလိုက်တော့ သူမက ခပ်ရဲ့ရဲ့ပြုံးပြ၏။

"နေဝင်တော့မှာလား ... ဟင်"

"ဟင့်အင်း ... အဝေးကြီးလိုပါသေးတယ်"

"ခရီးဆုံးဖို့ကော ..."

"တစ်မေ့တစ်မော စီးရဦးမှာ"

ရထားသည် လမ်းကွေ့တစ်ခုအား ဖြတ်ကျော်ရန် ဥသြဆွဲလိုက်၏။ အကြောင်းကြောင်းကြောင့် သံလမ်းပေါ်ရောက်နေသူများ ရထားလာကြောင်းသိပြီး လမ်းဖယ်ပေးနိုင်ရန် ဖြစ်သည်။

၃။

(နိဂုံး)

(တိုင်းမရှင်း) ခေါ် ကာလယန္တယားတစ်ခုကို ပိုင်ဆိုင်ခွင့်ရလျှင်ဖြစ်စေ ... ။

သို့မဟုတ် ...

ဘဝအား နှစ်သက်ရာအသက်အရွယ်၊ နှစ်သက်ရာဘူတာအမှတ်စဉ်မှ ပြန်စခွင့်ကိုဖြစ်စေ ...။

ရမည်ဆိုပါက မိတ်ဆွေ ဘယ်ဘူတာမှ စချင်ပါသလဲ ...။

သို့မဟုတ် ...

ဘယ်ဘူတာသို့ ရောက်နေချင်ပါသလဲ ...။

ကျွန်တော်ကတော့ ကျွန်တော့်ကြောင့် ဆီပိုမကုန်ဘူးဆိုလျှင် ခရီးဆုံးသို့သာ ခပ်မြန်မြန် ပို့ပေးစေလိုပါသည်။

၊ နိုဝင်ဘာလ ၂၀၀၆ ကလျာ ၊



---



→ ရွေးချယ်တင်ဆက်မှု – ၇

# စကားလုံးများရဲ့ဆင်ဖိုနီ



www.burmeseclassic.com

www.burmeseclassic.com



## စကားလုံးတွေနှင့် ပြည့်ကြပ်နေမည့် ဦးခေါင်းလေးလေးကြီးအား ထမ်းပိုးထားရမည့် ဆရာဝန်အတွက် စိတ်မကောင်း ဖြစ်လိုက်မိသည်





၁။

ခပ်ညံ့ညံ့ အပေါစားပြက်လုံးများနှင့် ဘဝကို ရယ်မောဖြတ်သန်းပစ်လိုက်ဖို့ ဆိုသည်မှာ တကယ့်တကယ်တော့ သိပ်မလွယ်လှပါ။ ဘဝဆိုတာက ပျော်စရာ အဖြစ်အပျက်များချည်းမဟုတ်။ ဟန်လုပ်ရယ်မောခြင်းသည် ကိုယ့်ကိုယ်ကိုယ် လိမ်ညာခြင်းဖြစ်နိုင်သလို၊ ဘဝကို လွဲမှားစွာ ချဉ်းကပ်ခြင်းလည်း ဖြစ်နိုင်ပါသည်။

သို့သော် ...

လောကကြီးမှာ အဓိပ္ပာယ်မဲ့ ပြက်လုံးတွေ ဘယ်လောက်တောင် များခဲ့ပြီလဲ။

မနက်မျက်စေ့နှစ်လုံးပွင့်ချိန်မှစ၍ ညဘက်အိပ်ရာဝင်ချိန်အထိ နေ့စဉ်ဖြတ်သန်းမှုတွေထဲမှာ အပေါစားပြက်လုံးတွေဟာ အချိန်ပြည့် ရိုက်ခတ်နေကြသည်။

ထိုပြက်လုံးများကို လက်ဖက်ရည်ဆိုင်စကားဝိုင်းမှာ တွေ့နိုင်၏ ...

အသံဆောင်းဘောက်(စ်)များနှင့် ဖုန်းလိုင်းများမှာ တွေ့နိုင်၏ ...။

ဘက်(စ်)ကားဂိတ်မှာ ...။



www.burmeseclassic.com

www.burmeseclassic.com



စက္ကူကြမ်းကြမ်းတွေပေါ်မှာ ...။

ဒီဂျစ်တယ်နာရီတစ်လုံး၊ အင်တာနက်ကဖေးနှင့် စည်ဘီယာဆိုင်တွေမှာ အချိန်ပြည့် တွေ့မြင်နိုင်ပါသည်။ အနည်းငယ်အာရုံစူးစိုက်လိုက်ရုံမျှနှင့် ရယ်စရာ ကမောက်ကမဖြစ်စဉ်များကို သတိထားမိနိုင်သည်။

သို့သော် ... ရယ်မောဖြစ်ပါရဲ့လား။

သူကတော့ ဟက်ဟက်ပက်ပက် မရယ်မောနိုင်ခဲ့တာ၊ အတော်ကြာပါပြီ။ အကောင်းဆုံးဆိုသော ပြက်လုံးများကိုပင် မရယ်ပြုံးဖြစ်ခဲ့။ ဘဝကို ခံတွင်း မတွေ့တော့တာလား။ ကိုယ့်ကိုယ်ကိုပင် ခံတွင်း မတွေ့တော့တာလား။

ဒါမှမဟုတ် ...

နေ့စဉ် လူနေမှုဘဝပုံစံကို သူစိတ်ပျက်ငြီးငွေ့သွားတာလား၊ စဉ်းစားမရ။ ချစ်သူကောင်မလေးကတော့ သူ့အဖြစ်ကို သဘောတွေ့ပုံမရပါ။

"ကို့ ကြည့်ရတာ စိတ်ပင်ပန်းလိုက်တာ။ ပေါ့ပေါ့ပါးပါး ရယ်ပစ်လိုက်စမ်းပါ။ စိတ်ပါလက်ပါ ရယ်မောလိုက်ရင် နေလို့ထိုင်လို့ ကောင်းသွားလိမ့်မယ်။"

"ဘာကို ရယ်ရမှာလဲ။"

"တစ်ခုခုကိုပေါ့။ လောကကြီးမှာ ရယ်စရာတွေများ ပြည့်လို့ ..."

ဆိုသို့ ရယ်စရာအဖြစ်အပျက်တို့ ပေါများနေခြင်းကပင် သူ့အား ရယ်ချင်စိတ်တို့ ကုန်ခမ်းသွားစေခဲ့ကြောင်း၊ သူမ သိပုံမရပါ။ ရယ်မောရခြင်း၏ အကြောင်းရင်းသည် ဦးနှောက်အာရုံကြောများကလာသလား။ ဟာဒယနှလုံးသားကပင် လာသလားဆိုသည်ကိုလည်း စဉ်းစားမိပုံ မရ။

တကယ်တော့ဘဝမှာ ...

ကိုယ်ကြိုက်တဲ့ ဟင်းနဲ့ ထမင်းစားလိုက်ရသလိုမျိုး တင်းတိမ်သွားဖို့ ဆိုသည်မှာ ပျော်ရွှင်မှုမရှိဘဲနှင့် မဖြစ်နိုင်ပါ။

သူ့အတွက်လိုအပ်နေသည်မှာ ကျေနပ်ပျော်ရွှင်မှုဖြစ်သည်။

သူ ... တစ်ခုခုကို မကျေမနပ်ဖြစ်နေမှန်း သိသော်လည်း ဘာကို မကျေနပ်မှန်း အဖြေရှာမရ။



BURMESE CLASSIC .com



လောကကြီးကိုရော ကိုယ့်ကိုယ်ကိုပါ ခံတွင်းပျက်ပြီး ရယ်မောချင်စိတ် ကုန်ခမ်းနေသောသူ၏ ဒုတိယပြဿနာမှာ စာရေးမရခြင်းဖြစ်သည်။ ဦးခေါင်းထဲ၌ အကြောင်းအရာတို့ ပြည့်ကြပ်အုံ့ခဲနေသော်လည်း လက်တွေ့ချရေးသောအခါ တစ်လုံးမှ ထွက်မလာပါ။ နည်းမျိုးစုံနှင့် ကြိုးစားကြည့်သည့်တိုင် ခေါင်းထဲမှ အကြောင်းအရာများ၊ စာမျက်နှာပေါ်စီးဆင်းသွားဖို့ ကိစ္စမှာ ဘယ်လိုမှ အဆင်မပြေခဲ့။

အသစ်အသစ်ရောက်လာသော အကြောင်းအရာများကို အလျဉ်မီအောင် ရေးထုတ်မပစ်နိုင်သောအခါ မင်မိုရီဖရီးစပေ့က တစ်စထက်တစ်စ လျော့နည်းသွားပြီး ခေါင်းထဲ၌ ဖိုင်တွေနှင့် ပြည့်ကြပ်သွားတော့သည်။ ပုံမကျသောဆိုင်မှာ ဆံပင်ညှပ်ရသလို၊ ခပ်တုံးတုံးဘာရိတ်ဓားနှင့် မုတ်ဆိတ်ရိတ်ရသလို၊ မီးပူတိုက်မထားသော အဝတ်အစားများဝတ်ပြီး အလုပ်သွားရသလို၊ ဘဝမှာ အဆင်မပြေမှုတွေ များပြားလာသောအခါ တစ်စုံတစ်ယောက်ထံ၌ အကြံဉာဏ်ယူသင့်သည်ဟုဆိုလျှင် ထိုတစ်စုံတစ်ယောက်မှာ ဗေဒင်ဆရာတော့ မဖြစ်သင့်ပါ။

ကြွေဗေဒင်ဖြင့် ရှေ့ဖြစ်ဟောသည်ဆိုတာမျိုး၊ ဓာတ်ရိုက်ဓာတ်ဆင်ဖြင့် သင့်အနာဂတ်ကို ခမ်းနားစေရမည် ဆိုတာမျိုးတွေကို ဝါသနာ မပါသော သူသည် .... စိတ်ကုဆရာဝန်ကိုသာ အကြံဉာဏ်ယူသင့်သူအဖြစ် သတ်မှတ် ရွေးချယ်ခဲ့ပါသည်။

ထို့ကြောင့် ... စာပေအနုပညာကို ဝါသနာပါသော စိတ်ကုဆရာဝန် တစ်ယောက်ထံသို့ သူရောက်သွားပြီး ခပ်ရိုးရိုး စကားနှင့်ပင် စတင်လိုက်သည်။

"ကျွန်တော် နေရထိုင်ရတာ အဆင်မပြေဘူး ဒေါက်တာ"

"ဘာတွေဖြစ်နေလို့လဲ ဆရာရဲ့"

"တစ်ခုခုလိုနေသလိုပဲ"

"ဘာများပါလိမ့်"

"ပျော်ရွှင်မှုလို့ထင်တာပဲ။ အင်း ... အဲ့ဒါပဲ ဖြစ်လိမ့်မယ်။ ရင်ထဲမှာ ဟာလာဟင်းလင်းကြီး ... ဒေါက်တာရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ ... တစ်လော ... စာတွေကော ရေးဖြစ်သေးလား"

"ပြဿနာကအဲဒါပဲလေ ... စာရေးဖြစ်နေရင် တော်သေးတယ်။ အခု ... စာမရေးဖြစ်တော့ ခေါင်းထဲမှာ စကားလုံးတွေနဲ့ ပြည့်ကြပ်နေတယ်။"

"ကျွန်တော် သဘောပေါက်ပြီ။ ဒီပရက်ရှင် စိတ်ကျရောဂါဖြစ်လိမ့်မယ်။ စိုးရိမ်သောကများတာလည်း ပါမှာပေါ့"

ဆရာဝန်ထံမှ အားပေးစကားနှင့် ဆေးလုံးအတော်များများကို လက်ခံရယူပြီး သူအိမ်ပြန်လာခဲ့သည်။

ချစ်သူကောင်မလေးကတော့ "တရားလေး ဘာလေး ထိုင်ကြည့်ပါလား" ဟု အကြံပြု၏။

ကိုယ့်ကိုယ်ကို ခံတွင်းပျက်နေသူတစ်ယောက်အတွက် ဘာသာတရားကို ချဉ်းကပ်ခြင်းသည် အသင့်တော်ဆုံး ထွက်ပေါက်တစ်ခု ဖြစ်နိုင်ပါသည်။

ဆရာဝန်ညွှန်ကြားချက်အတိုင်း ဆေးတွေကို မှန်မှန်သောက်သလို၊ တစ်ဖက်မှလည်း တရားထိုင်ကာ သူ့စိတ်ကို ထိန်းချုပ်ခဲ့၏။ အနည်းငယ် တည်ငြိမ်သလို ဖြစ်လာသော်လည်း ပျော်ရွှင်မှုကို ငတ်မွတ်ခြင်း၊ စာရေးမရခြင်းတို့ကတော့ ကွယ်ပျောက်မသွားခဲ့။ ခေါင်းထဲမှ စကားလုံးတို့ကို ဖွင့်ထုတ်ရန် သူဘယ်လိုမှ ကြိုးစား၍ မရပါ။ ဒီကြားထဲ စကားလုံးအသစ်တို့ကလည်း ထပ်မံရောက်ရှိလာမြဲဖြစ်၏။

နောက်ဆုံးတော့ ...

သူဘယ်လိုမှ သည်းမခံနိုင်တော့ပါ။ ချိန်းဆိုရက်မပြည့်ခင်မှာပင် စိတ်ကု ဆရာဝန်ထံသို့ သူ ထပ်မံရောက်ရှိသွားတော့သည်။

"ဒီလိုလုပ်ကြည့်ပါလား ဆရာ။ စကားလုံးတွေကို ချရေးလို့မရရင် ပါးစပ် ကနေ ပြောကြည့်ပါလား။ အဲ့ဒါဆိုရင်ကော ဖြစ်မလား။"

"မပြောတတ်ဘူး ... ဒေါက်တာ။ ကျွန်တော် တစ်ခါမှတော့ စမ်းမကြည့်ဖူးဘူး။"

"ဒါဖြင့် ခုစမ်းကြည့်ရအောင်။ ဆရာ ကျွန်တော့်ကိုပြော ... ကျွန်တော် နားထောင်ပေးမယ်။ ဆရာရေးမရတဲ့ ဝတ္ထုတွေအကြောင်းရော၊ စကားလုံး





တွေ အကြောင်းပါ၊ လွတ်လွတ်လပ်လပ် ရင်ဖွင့်ပစ်လိုက်"

ဆရာဝန်၏ နည်းက မဆိုးလှပါ။

သူ့ခေါင်းထဲ၌ ပိတ်ဆို့နေသော စကားလုံးများကို နေ့စဉ်အချိန်ပိုင်းမျှ ဆရာဝန်အား သွားသွားပြောခြင်းဖြင့် သုံးလေးရက်ခန့်ကြာသောအခါ နေရထိုင်ရတာ ပေါ့ပါးလာ၏။ တစ်ပတ်ကျော်ကြာသောအခါမှာတော့ လူကောင်းတစ်ယောက်နီးပါး ပြန်လည်လန်းဆန်းလာတော့သည်။ ယခင်ကလို ခေါင်းထဲ၌ ရှုပ်ထွေးနောက်ကျိတာမျိုး၊ တစ်စုံတစ်ရာကို မကျေမနပ် ဖြစ်နေတာမျိုးများ မရှိတော့။

ဆရာဝန်အား ကျေးဇူးတင်စွာ လက်ဆွဲနှုတ်ဆက်ပြီး ချစ်သူကောင်မလေးနှင့် မြန်မာပြည်အနှံ့ ဘုရားဖူးထွက်ပစ်လိုက်၏။ ဘုရားဖူးမှ ပြန်ရောက် သောအခါမှာတော့ လူကောင်းတစ်ယောက်နီးပါး ပုံမှန်ပြန်ဖြစ်သွားပါပြီ။

ထို့ကြောင့် ...

စာရေးရန် ပြင်ဆင်ရတော့သည်။ စာမူကြွေးများကို ရှင်းနိုင်ရန် စက္ကူတစ်ထပ်၊ ဘောပင်တစ်ချောင်းနှင့် စာရေးစားပွဲထိုင်သောအခါ၌ သူအနည်းငယ် ကသိကအောင့် ဖြစ်ရတော့သည်။ အကြောင်းမှာ သူ့ခေါင်းထဲမှ ဝတ္ထုရေးရန် ဇာတ်လမ်းများနှင့်စကားလုံးများ ထွက်ပေါ်မလာခြင်းကြောင့် ဖြစ်သည်။

မြတ်စွာဘုရား ...

ခေါင်းထဲက စကားလုံးတွေ ဘယ်ပျောက်သွားကြပါလိမ့်။ ယခင်က သူ့ခေါင်းအား အမြဲတန်းကိုက်ခဲစေခဲ့သော စကားလုံးများ၊ ဝတ္ထုရေးရန် အမြဲ နှိုးဆော်သံပတ်ပေးနေတတ်သော စကားလုံးများ တစ်လုံးမှ ရှာဖွေမတွေ့တော့....။

နောက်မှ ... တစ်စုံတစ်ရာကို စဉ်းစားမိပြီး သူငြိမ်သက်သွားသည်။ တကယ်တော့ သူ့ခေါင်းထဲမှ စကားလုံးများမှာ ပျောက်ဆုံးသွားခြင်းမဟုတ်။ တစ်စုံတစ်ယောက်ထံသို့ ပြောင်းရွှေ့ရောက်ရှိသွားခြင်းသာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုတစ်စုံကစ်ယောက်မှာ သူပြောရုင်သမျှ စိတ်ရှည်လက်ရှည် နားထောင်ပေးခဲ့သော စိတ်ကုဆရာဝန်ဖြစ်လေသည်။

၂။

သူရောက်သွားတော့ ဆေးခန်းတံခါးပိတ်ထားပြီး၊ "လုနာကုသခြင်း ခေတ္တရပ်ဆိုင်းထားပါသည်" ဟူသောဆိုင်းဘုတ်တစ်ခု ချိတ်ဆွဲထား၏။ သူ လှည့်မပြန်ဘဲ ဆေးခန်းနောက်မှ ဆရာဝန်၏ လုံးချင်းအိမ်လေးသို့ ဆက်လျှောက်လာခဲ့သည်။ အိမ်တံခါးဖွင့်ထားသဖြင့် တံခါးခေါက်မနေတော့ဘဲ အိမ်ထဲသို့ လှမ်းဝင်လိုက်၏။ အိမ်ပေါက်ဝအား ကျောခိုင်းကာ စာရေးစားပွဲ၌ ထိုင်ပြီး တစ်စုံတစ်ရာကိုရေးခြစ်နေသော ဆရာဝန်အား တွေ့လိုက်ရသည်။

ဆရာဝန်က သူဝင်လာသည်ကိုပင် သတိထားမိဟန်မတူဘဲ ၄င်း၏ အလုပ်၌ စိတ်အာရုံဝင်စားနေဆဲဖြစ်၏။ ကြမ်းပြင်ပေါ်၌ လုံးခြေလွှင့်ပစ်ထားသော စက္ကူလုံးများမှာ တစ်ဒါဇင်ပင် မကပါ။ ဘာကိုများ စိတ်ဝင်တစားရေးခြစ်နေတာပါလိမ့်၊ သူချောင်းဟန့်သံပေးလိုက်တော့ ဆရာဝန်က ဖြတ်ခနဲ လှည့်ကြည့်ပါသည်၊ ဆရာဝန်၏ မျက်လုံးများက သူ့အား မှတ်မိဟန်မတူပါ။

"ဟိုတစ်လောက ဒေါက်တာ့ဆီမှာ ဆေးလာကုတဲ့ စာရေးဆရာပါ"

"သြော် ... ဟုတ်ပြီ။ ဒါပေမယ့် လောလောဆယ် ကျွန်တော် ဆေးကုတာ ရပ်ထားတယ်ဗျ။"

"ကျွန်တော် ဆိုင်းဘုတ်တွေ့ပြီးပါပြီ ... ဒေါက်တာ"

"အေးဗျာ ... အချိန်အကန့်အသတ်မရှိ ဆေးခန်း ပိတ်ထားလိုက်ရတယ်။ ကိစ္စရှိရင် နောက်မှ အေးအေးဆေးဆေးလာပါလား။ ကျွန်တော် အခု အရေးတကြီးကိစ္စတစ်ခု လုပ်နေလို့"

"ဘာများလဲ ဒေါက်တာ"

"စာရေးတာလေ"

"ဗျာ"





"ဝတ္ထုရေးနေတာ။ ခေါင်းထဲက စကားလုံးတွေကို အလျဉ်မီအောင် ရေးထုတ်နေတာ။"

ရှုပ်ပွနေသော ဆံပင်များကြားသို့ လက်ချောင်းထိုးသွင်းရင်း အရေးတကြီး လေသံဖြင့် ဆရာဝန်က တုန့်ပြန်သည်။

ယို့နောက် ...

"နောက်မှ တွေ့ကြရအောင်ဗျာ" ဟု စကားဖြတ်ပြီး စာရေးစားပွဲဆီသို့ ခေါင်းပြန်လှည့်သွားတော့၏။ ဆရာဝန်အား ပြောပြခဲ့ဖူးသော စကားလုံးများထဲမှ တစ်ချို့တစ်ဝက် ပြန်ရနိုးဟူသော မျှော်လင့်ချက်ဖြင့် သူရောက်ရှိလာခြင်း ဖြစ်သည်။

သို့သော် ...

ဆရာဝန်၏ အပြောအဆိုနှင့် အပြုအမူကြောင့် သူ ခပ်ကြောင်ကြောင် ခေါင်းကုတ်ရင်း လှည့်ထွက်လာခဲ့ရသည်။ မထွက်ခင် ကြမ်းပြင်၌ လုံးခြေလွှင့်ပစ်ထားသော စက္ကူလုံးအချို့ကိုတော့ ကောက်ဖြစ်အောင် ကောက်ယူလာခဲ့ပါသည်။

လျှောက်လွှာစာရွက်အပြည့်မဟုတ်တောင်၊ တစ်ဝက်တစ်ပျက်မျှ ရေးထားသောစကားလုံးများကို ရလျှင်လည်း မဆိုးလှပါ။ ထိုစကားလုံးများကို ချဲ့ကားပြီး ဝတ္ထုတိုတစ်ပုဒ်လောက်တော့ သူရေးနိုင်ပါလိမ့်မည်။

လမ်းပေါ်ရောက်တော့ ဆုတ်ခြေထားသော စာရွက်များကို ဖြန့်ကြည့်လိုက်၏။ ဆရာဝန်၏ ခပ်သော့သော့ လက်ရေးတို့က လျှောက်လွှာစာရွက် တစ်ဝက်မကဘဲ စာရွက်တိုင်းလိုလို မျက်နှာပြည့် စီတန်းရေးထားခြင်း ဖြစ်သည်။

သို့သော် ...

ဝတ္ထုဇာတ်လမ်း၊ အကြောင်းအရာနှင့် ဝေါဟာရများကို ရေးထားခြင်းမျိုး မဟုတ်။ စာသားတစ်ခုထဲကို စာမျက်နှာတိုင်း၌ ထပ်ခါတလဲလဲ ရေးထားခြင်း ဖြစ်သည်။

စကားလုံးတွေ ........

စကားလုံးတွေ .........



www.burmeseclassic.com

www.burmeseclassic.com



စကားလုံးတွေ ... ဟူသော ဆရာဝန်၏ အရေးအသားကိုကြည့်ရင်း သူ ကြက်သေသေသွား၏။ တအောင့်အကြာမှာတော့ သူနှစ်ခြိုက်စွာ ဟက်ဟက်ပက်ပက် ရယ်မောလိုက်မိသည်။ သူ့ထံ၌ အချိန်အတန်ကြာ ပျောက်ဆုံးနေသော ရယ်မောခြင်းကို ပြန်လည်ရရှိလိုက်ခြင်း ဖြစ်၏။

သို့သော် ...

လဲလှယ်ရသော အရင်းအနှီးနှုန်းထားကတော့ များပြားလှပါသည်။

ပြီးတော့ ...

စကားလုံးတွေနှင့် ပြည့်ကြပ်နေမည့် ဦးခေါင်းလေးလေးကြီးအား ထမ်းပိုးထားရသော ဆရာဝန်အတွက်လည်း စိတ်မကောင်းဖြစ်လိုက်မိသည်။

၃။

ထိုနေ့က အိမ်ပြန်လမ်းတစ်လျှောက်လုံး သူ့ရယ်သံတို့က မရပ်မနား ကျယ်လောင်ပျံ့လွင့်နေခဲ့လေသည်။

(ဖေဖော်ဝါရီလ ၂၀၀၇ မဟော်သဓာ)





→ ရွေးချယ်တင်ဆက်မှု - ၈

# လက်ယာခြမ်းအပေါ်အိံသွား



www.burmeseclassic.com

www.burmeseclassic.com



နေ့ရက်တို့ကို ပြန်စဉ်းစားကြည့်သော်လည်း
**သူ၏မှတ်ဉာဏ်တို့က မကောင်းလှပါ။**
ဇနီးသည်နှင့် စကားမများခင်အထိတော့
**ထိုသွားမကိုက်သေးဟု** ဝိုးတဝါးမှတ်မိလာ၏။





၁။

မြေနီလမ်းသွယ်လေးအတိုင်း တည့်တည့်ဝင်လာပါ။

လမ်းတစ်ဝက်ကျော်လျှင် ဘယ်ဘက်ခြမ်းကို သတိထားၡကြည့်ပါ။

အုတ်ကျွတ်နီနီမိုးထားသည့် နှစ်ထပ်အိမ်မြင့်ကြီးကို တွေ့ပါက ထိုအိမ်သည် သွားဆရာဝန်၏အိမ်ဖြစ်ပြီး အောက်ထပ်ရှေ့ခန်းသည် ၎င်း၏ သွားနိုက်ဆိုင်ပင်ဖြစ်သည်။

ထိုလမ်းထဲသို့ သူမကြာခဏ ရောက်ရှိလေ့ရှိသော်လည်း သွား ဆရာဝန်အား နှစ်ကြိမ်သာ တွေ့မြင်ခဲ့ဖူးပါသည်။

တစ်ကြိမ်မှာ ... နေသာချိန် ၎င်း၏ပစ္စည်းကရိယာများ နေပူထုတ်လှမ်းစဉ်ကဖြစ်ပြီး၊ နောက်တစ်ကြိမ်ကတော့ ၎င်း၏ ခွေးပုကလေးအား ထွက် ကျောင်းစဉ်က ဖြစ်သည်။ နှစ်ကြိမ်စလုံး ဖွတ်ကျယ်လက်တို အဖြူကိုသာ ဝတ်ဆင်ထားပြီး ငွေရောင်ဆံပင်ဖြူဖြူ၊ မုတ်ဆိတ်ဖြူဖြူနှင့် ရွှေကိုင်းမျက်မှန်ခပ်သေးသေး ဝတ်ဆင်ထားသော ၎င်း၏ပုံက ဆရာဝန်နှင့်မတူဘဲ ကဗျာဆရာ၊ သို့မဟုတ် ဂီတပညာရှင်နှင့် ပို၍တူသည်ဟု သူထင်ခဲ့မိ၏။

ရပ်ကွက်ထဲမှ လူများ၏အဆိုအရ သွားဆရာဝန်သည် အနေအေးကာ စကားနည်းပြီး ရုံဖန်ရံခါသယောထိုး၍သော်၎င်း၊ သီချင်းညီး၍သော်၎င်း၊ ငြိမ်ငြိမ်ဆိတ်ဆိတ်နေတတ်သော အသက်ခြောက်ဆယ်ကျော်လူတစ်ဦး ဖြစ်၏။

၎င်း၏ထူးခြားချက်မှာ သွားနုတ်ရန် လာသူများအား "နုတ်မှာသေချာလား" ဟု မေးတတ်ခြင်းဖြစ်သည်။ အကယ်၍ အမေးခံရသူက ဇဝေဇဝါဖြစ်နေပါက "စဉ်းစားပါအုံးလေ" ဟုဆိုကာ အလွယ်တကူ ပြန်လွှတ်တတ်၏။



www.burmeseclassic.com

www.burmeseclassic.com



အရပ်ထဲမှ သွားနာသူများ၊ သွားကိုက်သူနှင့် သွားပြန်စိုက်ချင်သူ အားလုံး ထိုဆရာဝန်ထံသို့ ရောက်ရမြဲ ဖြစ်သော်လည်း၊ သူကတော့ ကံကောင်းထောက်မစွာ အချိန်အတန်ကြာလွတ်မြောက်နေခဲ့၏။ သွားကျန်းမာရေးနှင့် ပတ်သက်လျှင် ထူးထူးခြားခြား ဂရုစိုက်တတ်ခြင်းကြောင့်မဟုတ်ဘဲ သာမန်ကံကောင်းမှုကြောင့်သာဖြစ်သည်။

ယခုတော့ ...

ထိုကံကောင်းမှုသည် လွန်ခဲ့သည့် ရက်အနည်းငယ်အတွင်းကပင် ကုန်ဆုံးသွားခဲ့ပြီဖြစ်သည်။ သူ၏သွားတစ်ချောင်းသည် မခံမရပ်နိုင်အောင် ကိုက်ခဲနေခဲ့ပြီး ထိုကိုက်ခဲမှုကြောင့် ပါးတစ်ခြမ်းပင် ရောင်ကိုင်းနေပြီဖြစ်၏။

သေချာပါတယ် ...

သူ ... သွားဆရာဝန်ဆီကို သွားရတော့မှာပါ။

နေပါအုံး ... အဲဒီသွားက ဘယ်တုံးကတည်းက ကိုက်နေတာပါလိမ့်။

နေ့ရက်တို့ကို ပြန်စဉ်းစားကြည့်သော်လည်း သူ၏မှတ်ဉာဏ်တို့က မကောင်းလှပါ။ ဇနီးသည်နှင့် စကားမများခင်အထိတော့ ထိုသွား မကိုက်သေးဟု ဝိုးတဝါး မှတ်မိလာ၏။

ဇနီးသည် ... သူ့ထက် အသက်များစွာငယ်သော အမျိုးသမီးအား ဇနီးအဖြစ် လက်ထပ်ယူခဲ့သည်မှာ သိပ်မကြာလှသေး။ ၎င်းနှင့်လက်ထပ်ပြီးခါစက သူ၏ နေ့ရက်တို့မှာ ရွှေရောင်တောက်ပခဲ့သော်လည်း နောက်ပိုင်းမှာတော့ မကြာခဏဆိုသလို သူမနှင့် စကားများခဲ့၏။ စကားများကြရခြင်းအကြောင်းမှာ သူတို့နှစ်ယောက်၏ အသက် အရွယ်ကွာခြားမှုကြောင့် ဖြစ်နိုင်သလို၊ နုပျိုငယ်ရွယ်လွန်းသော သူမ အပေါ် သူ၏ အစိုးရိမ်လွန်မှုကြောင့်လည်း ဖြစ်နိုင်ပါသည်။

ယခုတော့ ... သူ့သွား၏ အခြေအနေက မနှုတ်လျှင် မဖြစ်လောက်အောင် ဆိုးဝါးနေပြီဖြစ်၏။ အကိုက်အခဲပျောက်ဆေးများ၊ တစ်ပွဲထိုးဆေးမြီးတိုများနှင့် မသက်သာတော့သည့် အဆုံးမှာတော့ သွားဆရာဝန်နှင့် ပြရန် သွားစိုက်ဆိုင်ရှိရာသို့ သူထွက်လာခဲ့တော့သည်။

မြေနီလမ်းလေးအတိုင်း လျှောက်လာရာမှ ဆရာဝန်၏ အိမ်ဝိုင်းထဲသို့ ချိုးဝင်လိုက်၏။ နှစ်ထပ်ပျဉ်ထောင်အိမ်မြင့်မြင့်ကြီး၏အဝင်တံခါးဝဘေး၌ ဆရာဝန်၏ အမည်နှင့် ၎င်းယူခဲ့သော ဘွဲ့တို့ကို ရေးထိုးထားသည့် ကြေးဝါဆိုင်းဘုတ်တစ်ခု ချိတ်ထားပြီး ထိုဆိုင်းဘုတ်မှာ ဆွဲဆောင်မှုမဲ့စွာ မှေးမှိန်နေပြီ ဖြစ်သည်။ ဆရာဝန်သည် ခေတ်နှင့် ရင်ဘောင်တန်းရန် စိတ်မပါတော့ဟု ယူဆရပါသည်။





သွားစိုက်ဆိုင်အဖြစ် သတ်မှတ်ရမည့် ဧည့်ခန်းအတွင်း ရောက်ရှိသွားချိန်မှာတော့ သူ့အထင်မှန်ကန်ကြောင်း သေချာသွားတော့သည်။ လူနာစမ်းသပ်သည့်ခုံမှာ သားရေများပေါက်ပြဲလျက် ဟောင်းနွမ်းနေပြီဖြစ်သလို ကရိယာများမှာလည်း ခေတ်နောက်ကျနေပြီဖြစ်၏။ အဆိုးဆုံးမှာ အရိုးစု၏ လက်တစ်ဘက်နှင့်တူသော လူနာကြည့်သည့် မီးဖြစ်သည်။ ဓာတ်ကြိုးများ တိုးလိုးတွဲလောင်း ထိုးထွက်နေပြီး၊ ပေါက်ပြဲသည့်နေရာများအား ပလာစတာများ၊ တိတ်များနှင့် ရစ်ပတ်ထားပုံမှာ အသည်းယားစရာပင် ကောင်းလှပါသည်။

ဆွဲဆောင်မှုကင်းမဲ့လှသော သွားစိုက်ဆိုင် အခင်းအကျင်းအား သူငေး ကြည့်နေစဉ်မှာပင် နောက်ဖေးခန်းဆီမှ ခြေသံတရှပ်ရှပ်နှင့်အတူ ဆရာဝန် သူ့မြင်ကွင်းထဲသို့ ဝင်ရောက်လာလေသည်။ ထုံးစံအတိုင်း စွပ်ကျယ်အင်္ကျီ လက်စကကို ဝတ်ဆင်ထားသော ဆရာဝန်သည် အနီးကပ်တွေ့မြင်ရသော အခါ၌ သူမျှော်လင့်ထားသည်ထက်ပင် ပိုမို အိုမင်းလှပါသည်။ ရွှေကိုင်းမျက်မှန် အနောက်မှ မျက်လုံးအစုံမှ ဖော်ရွေသော်လည်း မသက်ာရိပ်တို့ အနည်းငယ် ရောယှက်နေသလိုထင်ရ၏။

"သွား ... ပြမလို့လား"

သူ့အား ခြေဆုံးခေါင်းဆုံး အကဲခတ်ပြီးနောက် ၎င်းက လှမ်းမေးသည်။ အသံ၏ဆွဲဆောင်မှုမှာ ဈေးသည်တစ်ယောက်၏ ဈေးခေါ်သောအဆင့်ထက် မပိုပါ။ သူခပ်ဆိုင်းဆိုင်း ခေါင်းညိတ်လျက် ပြန်ပြောလိုက်သည်။

"ကျွန်တော် သွားနုတ်ချင်လို့ပါ"

"သွားနုတ်ချင်တာလား။ ဘာဖြစ်လို့လဲ။"

"သွားကိုက်နေလို့ဆရာ။"

"ကိုက်ရုံပဲလား။ အဲဒါကြောင့် နုတ်ချင်တာလား။"

"နုတ်လိုက်ရင် သက်သာသွားမလားလို့ပါ"

"ဟုတ်ပြီလေ။ ဖြစ်နိုင် မဖြစ်နိုင်သေချာအောင် အရင်ကြည့်ကြတာပေါ့"

"ကဲ ..."

"ဒီခုံပေါ်ကြွပါ။ ပါးစပ်လေးဟထား။ ပြီးတော့ ... ဘယ်သွားက ကိုက်သလဲ။ ကျုပ်ကိုပြပါအုံး။"

အလွတ်ကျက်ထားသော သင်ခန်းစာများအား ရွတ်ပြနေသည့် ကျောင်းသားတစ်ယောက်ပမာ အဆက်မပြတ်ပြောရင်း မှန်အသေးလေး တပ်ထားသော သွားကြည့်ကရိယာအား ဆရာဝန်က လှမ်းယူလိုက်သည်။ ထို့နောက် သူ့သွားသို့



www.burmeseclassic.com

www.burmeseclassic.com



တိုးကပ်လာပြီး စက်မောင်းသံသဖွယ် မီးလုံးအားဖွင့်ကာ သွားကို စတင်စမ်းသပ်စစ်ဆေးလေသည်။ ကိုက်ခဲနေသောသွားအား အတန်ကြာစစ်ဆေးပြီးနောက် ဆရာဝန်ကမေး၏။

"ဖြစ်တာကြာပြီလား။"

"လေး-ငါးရက်လောက်တော့ရှိပြီ။"

"အဲဒီသွားကို နုတ်ပေးစေချင်တယ်ပေါ့။ ခင်ဗျား သွားနုတ်ချင်တာ သေချာရဲ့လား။"

ဆရာဝန်၏ တလေးတနက်မေးခွန်းအား သူခပ်သွက်သွက် ခေါင်းညိတ်ပြလိုက်သည်။ ပျောက်မယ်ဆိုရင်ပေါ့ဆရာ။ အဲဒီသွားကို နုတ်ပစ်လိုက်ရင် ကိုက်ခဲနေတာတွေ ပျောက်သွားမယ်မဟုတ်လား ... ဟု သူမေးတော့ ဆရာဝန် က ခပ်ဆိုင်းဆိုင်းဖြစ်သွားပြီး သူ့အား ဇဝေဇဝါလှမ်းကြည့်သည်။ ပြီးမှ ခေါင်းတစ်ချက် ဆတ်ခနဲညိတ်လျက် ...

"အင်း ... အဲဒီသွားက ကိုက်တာသေချာရင်ပေါ့"

"ကျွန်တော်ကိုဒုက္ခပေးနေတာတော့ အဲဒီသွားပဲဆရာ။ သေချာတယ်"

"ဟုတ်ပြီလေ။ ဒါဖြင့်လည်း ကျွန်တော်တို့ သူ့ကို နုတ်ပစ်လိုက်ကြတာပေါ့။"

ဆုံးဖြတ်ချက်ကျသွားပြီးချိန်မှာတော့ ဆရာဝန်၏ လေးကန်ကန် အမူအရာတို့က ကွယ်ပျောက်ကာ ဖြတ်လတ်သွက်လက်လာသလို သူထင်မိ၏။ ဆေးထိုးအပ်နှင့် ထုံဆေးကို စုပ်ယူနေချိန်၌ လေတစ်ချက်ပင် ခပ်တိုးတိုး ချွန်လိုက်ပါသေးသည်။

ထို့နောက် ... သူ့ဘက်သို့ ပြန်လှည့်လာပြီး နုတ်မည့်သွား၏ အပေါ်ဘက်သွားဖုံးထဲသို့ အပ်ကို ထိုးစိုက်ကာ ထုံဆေးထိုးလိုက်ပြီးနောက် နာရီကို တစ်ချက်လှမ်းကြည့်လိုက်သည်။

"ကဲ ... ထုံဆေးရဲ့ အာနိသင်ကို စောင့်ကြတာပေါ့။"

"ဟုတ်ကဲ့။ ဒါနဲ့ စကားမစပ် ဆရာ့ကြည့်ရတာ ပိုပြီးတက်ကြွလာသလို ပဲနော်"

"ဟုတ်လား။ ခင်ဗျားရိပ်မိလိုက်သလား။ အင်း ... ကျွန်တော်က သွားနုတ်ရတာကို ပျော်တယ်လေ။"

"ဗြော် ..."

"တကယ်ကိုက်ခဲနေတဲ့ သွားတစ်ချောင်းကို နုတ်ရတဲ့ အခါမျိုးပေါ့။ သွားတစ်ချောင်းဟာ မကြာခဏကိုက်တတ်နာတတ်လာပြီဆိုရင် လူကို အကျိုးမပြုတော့ဘူး။ သူ့ကို ဆက်ထားလည်း ဒုက္ခပေးရုံကလွဲပြီး ဘာမှ အကျိုးမရှိတော့ဘူး။ အဲ့လိုအခြေအနေမျိုးမှာ အဲဒီသွားကို နုတ်ပစ်လိုက်တာ အကောင်းဆုံးပဲ။"





ဆရာဝန်က သွားနုတ်ဟန်ပင် စိတ်ပါလက်ပါလုပ်ပြနေသေး၏။ ၄င်း၏ပုံက သွားအကြောင်းပြောခြင်းနှင့် မတူဘဲ ရန်သူတစ်ယောက်အကြောင်း ပြောခြင်းနှင့်ပင်ပို၍ တူနေသေးတော့သည်။

"စိတ်မရှိပါနဲ့ဆရာ။ ဆရာ့စကားထဲမှာ တကယ်ကိုက်တဲ့သွားတို့၊ ကိုက်တာသေချာရင်တို့ .... ခဏခဏပါနေတော့ တကယ်မကိုက်ဘဲ ကိုက်ချင်ယောင်ဆောင်ကဲ့သွားကော ရှိလို့လားဆရာ။"

"ကိုက်ချင်ယောင်ဆောင်တဲ့သွား။ ဟုတ်လား။ ရှိပြီလား ကိုယ့်လူရယ်။ အသေအချာကို ရှိတာပေါ့။ သွားကိုက်တဲ့ဆယ်ကြိမ်မှာ ကိုးကြိမ်ဟာ တကယ့်သွားက ကိုက်တာမဟုတ်ဘူး။ စိတ်ကကိုက်တာ ...."

"စိတ်ကကိုက်တာ ... ဟုတ်လားဆရာ။"

သူ တအံ့တသြမေးလိုက်တော့ ဆရာဝန်က ၄င်း၏ ငွေရောင် ဖွေးဖွေးဖြူနေသော မုတ်ဆိတ်တို့အား ပွတ်သပ်လျက် ခေါင်းညိတ်လေသည်။

"မပြေလည်မှုတွေပေါ့။ ဘဝရဲ့မပြေလည်မှုတွေက ကိုက်တတ်တဲ့ သွားသဏ္ဌာန်ဟန်ဆောင်ပြီး လူကိုဒုက္ခပေးတော့တာပဲ။ စီးပွားရေး၊ လူမှုရေး၊ အထူးသဖြင့်တော့ ... အိမ်ထောင်ရေးပေါ့။ လင်နဲ့မယား လျှာနဲ့သွားဆိုတာ ကိုယ့်လူလည်း ကြားဖူးမှာပါ။ တကယ်တော့ မိန်းမတစ်ယောက်ဟာ သွားတစ်ချောင်းပဲ။ ကိုယ့်မိန်းမဟာ ကိုယ့်အပေါ် မကောင်းတော့ဘူးဆိုရင် သူဟာ ကိုက်တတ်တဲ့ သွားလိုမျိုး ကိုယ့်ကို တဆစ်ဆစ်ဒုက္ခပေးတော့တာပဲ။ ကျုပ်လည်း သွားကိုက်ဖူးတယ်။ ကျုပ်မိန်းမက ကျုပ်ထက် ထက်ပက်ကျော်ငယ်တယ်။ သူနဲ့ စကား များပြီးတိုင်း ကျုပ်မှာ သွားကိုက်တော့တာပဲ။ ဟိုသွားက ကိုက်သလိုလို၊ ဒီသွားက ကိုက်သလိုလိုနဲ့ သရိုးသရီကို ဖြစ်နေတော့တာ။"

မြတ်စွာဘုရား ...

ဆရာဝန်ရဲ့ အဖြစ်က သူနဲ့တူလွန်းလှပါလား။ သူတအံ့တသြနှင့် ဆရာဝန်အား ကြက်သေသေစွာ ငေးကြည့်နေမိ၏။ ဆရာဝန်က သူ့အား မကြည့်ဘဲ အိမ်ပြင်ဘက်သို့ မျှော်ငေးလျက် တစ်လုံးချင်း ဆက်ပြောလေသည်။

"သက်သာမလားဆိုပြီး သွားတစ်ချောင်းကိုက်လိုက် နုတ်လိုက်ပေါ့။ နောက်မှ ကျုပ်ကို တကယ်ကိုက်ခဲစေတာ ပါးစပ်ထဲက သွားမဟုတ်ဘဲ ကျုပ်ဘဝထဲက သွားပါလားဆိုပြီးသိလာတော့တယ်။ သိတဲ့အချိန်မှာ ကျုပ်အသက်က ခြောက်ဆယ်ကျော်နေပြီ။ သွားသစ်လဲဖို့ အများကြီး နောက်ကျသွားခဲ့ပြီ။"

ဆရာဝန်၏ အသံက နောင်တသံလား။ မချင့်မရဲသံလား။ သူဝေခွဲ၍မရ။ မျက်မှန်နောက်မှ မျက်လုံးများကတော့ ရီဝေနေသလို ထင်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်၌ ခြံဝသို့ထိုးဆိုက်လာသော ဆိုက်ကားတစ်စီး၏ အသံကြောင့် ဆရာဝန်ကော သူပါ အိမ်ရှေ့သို့ လှမ်းကြည့်လိုက်၏။ ဆိုက်ကားပေါ်မှ ဆင်းကာ အိမ်ထဲသို့လှမ်းဝင်လာသော အသက်အစိတ်ကျော်သုံးဆယ်ဝန်းကျင် အမျိုးသမီးတစ်ယောက်။ အသားဖြူဝင်းကာ ရုပ်ရည်ချောမောပြီး ခေတ်မီလွန်းလှပါသည်။ အမျိုးသမီးက သူ့ကိုရော ဆရာဝန်ကိုပါ တစ်ချက်မှ လှည့်မကြည့်ဘဲ အိမ်ထဲသို့သာ တန်းဝင်သွား၏။

"အဲဒါ ... ကျုပ်ဇနီးပဲ။"

ဆရာဝန်၏အသံမှာ ဂုဏ်ယူသံလား။ အားငယ်သံလား ခွဲခြမရပြန်ပါ။ သူ ဆရာဝန်အား ဖြတ်ခနဲလှမ်းကြည့်ရင်း မေးလိုက်သည်။

"စိတ်မရှိပါနဲ့ဆရာ။ ဆရာရဲ့သွားတွေ ဘာဖြစ်သွားလဲ။ ကျွန်တော် သိခွင့်ရရင် သိပါရစေ။"

ဆရာဝန်က သွားနုတ်သည် ပလိုင်ယာကို ဆွဲယူ၍ သူ့အနားသို့ လျှောက်လာရင်း ပါးစပ်ဖြဲပြ၏။ ဆရာဝန်၏ပါးစပ်ထဲ၌ သွားတစ်ချောင်းမှ မရှိတော့။

"အံပုံစိုက်ဖို့အတွက်လည်း နောက်ကျသွားပြီလေ။ အဲဒီတော့ ဒီတိုင်းပဲ ထားလိုက်တော့တယ်။ နောက်ပြီး သွားနဲ့ပတ်သက်တဲ့ စကားပုံတစ်ခုလည်း ရှိသေးတယ် မဟုတ်လား။ နွားပြာကြီး အောက်သွားမရှိဆိုတာလေ။ ကဲ ... ကျုပ်တို့ရဲ့ အလုပ်လေး လက်စသတ်လိုက်ရအောင်။ ပါးစပ် ..."

"အား ..."

၂။

ထိုနေ့မှစ၍ နောက်တစ်ခါ သူသွားကိုက်တိုင်း စိတ်က ကိုက်တာလား၊ သွားက ကိုက်တာလား သေချာအောင်ခွဲခြားရသည့် အလုပ်တစ်ခု ပိုလာတော့၏။ သူ့ဘဝထဲမှ အရေးကြီးဆုံးသွားကိုတော့ ယနေ့တိုင် သူ မနုတ်ဖြစ်သေး...။

(ဒီဇင်ဘာလ ၂၀၀၆ မဟေသီ)





ရွေးချယ်တင်ဆက်မှု - ၉

# လက်ထိဘော



www.burmeseclassic.com

www.burmeseclassic.com



## အိမ်ထောင်သည်လေးရလာတော့မှ ကိုကံလှနဲ့ပေါင်းရတဲ့ အရသာက မခါးတောင်၊ သက်တက်တက်ကြီးဖြစ်နေမှန်း ခင်အုန်းမြ သိရတော့တယ်





၁။

(ပထမပိုင်း)

ညောင်ကြပ်၊ လက်ပံလှနဲ့ ထိန်ညိုတစ်ကြောမှာတော့ ယတြာဆိုရင် ... အသံတောင် မကြားချင်တဲ့သူတွေထဲမယ် "ခင်အုန်းမြ" ရှေ့ဆုံးက ပါလိမ့်မယ်။ ယတြာနဲ့ ဘောလုံးပွဲအကြောင်းများ သူ့ရှေ့မှာ ပြောမိလို့ကတော့ အသည်းထဲကကို ဆတ်ဆတ်ခါနာလှပါတယ်ဆိုတဲ့ မျက်နှာလေးနဲ့ အဟုတ်ကို ထ ထွက်သွားတာရယ်။

စိတ်နာမယ်ဆိုလည်း နာလောက်တဲ့ အဖြစ်အပျက်တွေက ရှိခဲ့ပေသကိုး။ ခင်အုန်းမြက နာမယ့်သာ နာတာရယ်။ သူကိုယ်တိုင်က ဗေဒင်၊ ယတြာဆိုရင် တူးတူးခါးခါးဆိုတဲ့ အစားထဲကတော့ မဟုတ်ပါဘူး။ တောသူတောင်သား ပီပီ၊ ဗေဒင်လက္ခဏာတို့၊ ရိုးရာတို့၊ ယတြာတို့ ဆိုတာတွေနဲ့ စိမ်းမှမစိမ်းခဲ့ပဲ။ ထမင်းလေးတစ်ဆုပ်စ၊ နှစ်ဆုပ်စနဲ့ ခေါ်တာပစ်တာမျိုး၊ ဟိုအရွက်လေး ဒီအရွက်လေးဖျာအောက်ခုလို့ ယတြာချေတာမျိုးတော့ ခင်အုန်းမြ ကိုယ်တိုင်လည်း လုပ်ခဲ့ဖူးသားရယ်ပဲ။

ခု ... နာရတာက အကဲပိုလွန်းတဲ့ လင်တော်မောင်ကြောင့်မို့လို့သာ။

ကိုကံလှ ... တဲ့။



www.burmeseclassic.com

www.burmeseclassic.com



အသားဖြူဖြူ လူပုံသန့်သန့်နဲ့ ခန့်ခန့်ထည်ထည်ထဲကပါပဲ။ သူနဲ့ စတွေ့တော့ ခင်အုန်းမြက (၁၉) သာသာ။ ကိုကံလှကတော့ ရှိရောပေါ့။ အစိတ်ဝန်းကျင်တော့။ ရွာမှာ သရောကြီးခိုင်းပြီး နောက်တစ်နှစ်မြို့က ရောက်လာတဲ့ လယ်စိုက်ရှင်းအဖွဲ့တွေနဲ့၊ ကူဖေါ်လောင်ဖက်လိုလို၊ လုပ်အားပေးလိုလို၊ ရောယောင်ပါလာရင်း ခင်အုန်းမြနဲ့ စတွေ့တယ် ပြောပါတော့။ မအူမလည် မြေလတ်မြို့သားနဲ့ မနူးမနပ် ညောင်ကြပ်ရွာသူတို့ရဲ့ အချစ်ဇာတ်လမ်းက နှစ်တောင် မပေါက်ခဲ့ပါဘူး။ ဘေးလူတွေ ဝိုင်းတွန်းတာရယ်၊ အဖေနဲ့ အမေကိုယ်တိုင်က အသောက်အစားကင်းတဲ့ သကောင့်သားကို မျက်စေ့ခပ်ကျကျရယ်မို့ သမီးရည်းစားဖြစ်ပြီးလို့ သိပ်မကြာခင်မှာပဲ အကြင်လင်မယားဘဝကို ရောက်ခဲ့ကြရောဆိုပါတော့။

သူငယ်ချင်းတွေကတော့ "ခင်အုန်းမြတစ်ယောက် လင်ရတော်လှတယ်ပေါ့" ခင်အုန်းမြကိုယ်တိုင်ကလည်း ယောကျ်ားရ ကံကောင်းတယ်ဆိုပြီး၊ စိတ်ကို ဒုန်းဒုန်းချ ထားခဲ့တာပါပဲ။

ဒါပေမယ့် ကြာကြာဝါးမှ ခါးမှန်းသိဆိုတာလို ကလေးတစ်ယောက်ကနေ နှစ်ယောက်ဖြစ်လာ။ အိမ်ထောင်သက်လေးရလာတော့မှ ကိုကံလှနဲ့ပေါင်းရတဲ့ အရာသာက မခါးတောင် သက်တက်တက်ကြီးဖြစ်မှန်း ခင်အုန်းမြ သိရတော့တယ်။

ဘယ့်နှယ့် ... ကိုကံလှက ယောကျ်ားရင့်မကြီး ဖြစ်လျက်နဲ့ အလုပ်မှ လက်ကြောတင်းအောင် မလုပ်ချင်တာဘဲ။ မိုးလင်းပြီဆိုတာနဲ့ ဆိတ်ခွန်လုံချည်လေးအသာမပြီး ရွာရိုးကိုးပေါက် လျှောက်လိုက်တာ နေညိုမှ အိမ်ပြန်လာတော့တယ်။

ဒါတောင် ... ခြင်းဝိုင်းများတွေ့ရင် ဝင်ခတ်နေတတ်သေးတာရယ်။ အလုပ်သာ အဖြစ်ရှိအောင် မလုပ်ချင်တာ။ နှစ်လုံးသုံးလုံးကျတော့လည်း ဝါသနာပါလိုက်သေး။ အဆိုးဆုံးကတော့ ယောကျ်ားကြီးဖြစ်လျက်နဲ့ ဗေဒင်လက္ခဏာကို သဲသဲလှုပ် ယုံကြည်လွန်းတာပဲ။

ဘယ်ရွာမှာ ဘယ်ဆရာမဆို ... သူရောက်ပြီးပြီ။

ဘယ်ယတြာကောင်းတယ်ဟဲ့ဆို ... သူလုပ်ပြီးပြီ။ ကြာတော့ ခင်အုန်းမြ မြင်ပြင်းကပ်လာတော့တယ်။





"ကိုကံလှရယ် ... ရှင့်မလဲ။ ယောကျ်ားရင့်မကြီးတန်မဲ့နဲ့ ဒီလောက်ပဲ အကဲပါရသလား" လို့ ဟန့်ယူရတဲ့အထိပဲ။

ကိုကံလှကတော့ ဟန့်လည်းဟန့်ဟန့်။ ပြောလည်းပြောပြောပဲ။ ယတြာကသာ ခိုင်းရင် ပုဆိုးဂွင်းသိုင်းပြီး ကဆိုလည်း ကမယ့်လူမျိုး။ မှတ်မိသေးတယ်။ အငယ်ကောင် လေးမွေးတဲ့နှစ် အိမ်ကခိုင်းနွားတွေသေ။ စိုက်ခင်းတွေပျက်နဲ့ အတော့်ကို ကသီခဲ့တာမယ်။ ဗေဒင်ဆရာက "ဒီနှစ်တော့ မောင်ရင် ဂျွမ်းပစ်မယ့် ကိန်းပဲ၊ အဲဒီတော့ တန်ပြန်တဲ့ အနေနဲ့ တစ်နေ့သုံးခါ ဂျွမ်းထိုးရမယ်" ဆိုလို့ တကယ့်ကို နှစ်ပေါက်တဲ့အထိ ဂျွမ်းထိုးပါရောလား။ မနက်လင်းပြီဆိုရင် ခါးတောင်းမြှောင်အောင်ကျိုက်ပြီး အိပ်ရာထဲဂျွမ်းထိုးတဲ့ သူ့အဖေကို အားကျလို့ အကြီးမလေးလိုက်လုပ်တာ ဇက်နာသွားလို့ ဆေးကုယူရရော ...။

ကိုကံလှ ယတြာယုံချက်က အဲဒီလိုမျိုး။ ဖြစ်နိုင် မဖြစ်နိုင်၊ တော်၏၊ မတော်၏ မစဉ်းစားဘူး၊ ယတြာကခိုင်းရင် စွတ်လုပ်တော့တာပဲ။ သူကတော့ ပြောလေ့ရှိတယ်။

"ငါ ... မင်းနဲ့ ညားတာတောင် ယတြာကြောင့်ဆိုရင် မမှားဘူး အုန်းမြရဲ့ ... ဆရာတော်က ငါ့ကို သေကိန်းမြင်တယ်။ လယ်စိုက်ရှင်းက ဆရာတွေနဲ့ ကျေးရွာတွေကို လုပ်အားပေးလိုက်သွားဆိုပြီး ထည့်လိုက်လို့ မင်းနဲ့ဆုံရတာ မဟုတ်လား"

ဥတစ်လုံး တစ်ကောင်ကြွက်ဘဝနဲ့ ဘုန်းကြီးကျောင်းမှာ တွယ်ကပ်နေရာကနေ ခင်အုန်းမြနဲ့ ဖူးစာဆုံခဲ့တာဟာ ယတြာကျေးဇူးလို့ ဆိုလိုချင်တာပါ။ ခင်အုန်းမြကတော့ ဖူးစာကြောင့်သာ တွေ့ခဲ့၊ ညားခဲ့ကြတာလို့ ယုံတယ်။

ဒါပေမယ့် အတင်းကြီးတော့လည်း ကဏ္ဍကောစ လုပ်လို့မကောင်းတာမို့ အသာပဲငြိမ်နေလိုက်ရတယ်။ စိတ်ထဲကတော့ ဒင်းယတြာယုံလွန်းတာကိုပဲ အသည်းယားနေမိတော့တယ်။ အတန်းပညာလည်း ခြောက်တန်းလား၊ ခုနစ်တန်းလား၊ မတောက်တခေါက် သင်ဖူးလျက်နဲ့ မြို့မှာလည်း နေခဲ့ဖူးလျက်နဲ့ ဒီလောက်အထိ ဖြစ်ရသလားပေါ့။

ကိုကံလှကတော့ ခင်အုန်းမြ ဘယ်လိုထင်ထင်၊ ဘယ်လိုပြော



www.burmeseclassic.com

www.burmeseclassic.com



ပြော၊ ခေတ် နောက်ပြန်ဆွဲတယ်ပဲဆိုဆို၊ ထစ်ခနဲဟော့ဆို ယတြာကို အားကိုးလိုက်တာပဲ။ ဘာလေးအခက်တွေ့တွေ့ ယတြာ ပြေးခြေလိုက်တာပဲ။ သူအားကိုးသလို ယတြာကလည်း သူ့အပေါ် အကျိုးပေးတယ်။ အိမ်က ဖောင်းဇိမ်းလေးနဲ့ တစ်ဖက်ရွာက ကိုတင်ငွေ ကြက်ဝါကြီးတို့ တိုက်တုန်းကဆို ကြည့်လေ။ ယတြာကောင်းလွန်းလို့သာ ဖောင်းဇိမ်းလေး နတ်သီးမြေထောက်နေရာကနေ ကျောက်ခဲရေပေါ်ခဲ့တာ မဟုတ်လား။

ကြက်ဆွဲလုပ်တဲ့ ကိုမြကတောင် "ကံလှတို့ ယတြာကောင်းချက်ကတော့ အံ့ရော" လို့ ဖွင့်ပြီး ချီးကျူးရတဲ့အထိ။ ယတြာကောင်းတာလည်း မပြောနဲ့ ဆရာကျွေက သူ့အပေါ်စေတနာထားသလို၊ သူကိုယ်တိုင်ကလည်း ဆရာတွေခိုင်းတဲ့အတိုင်း တသဝေမသိမ်းလုပ်လေ့ရှိတာ မဟုတ်လား။

ဆိုတော့ ... တော်ရုံတန်ရုံကိစ္စလောက်တော့ ယတြာခြေပစ်လိုက်မယ်လို့ချည်း ကိုကံလှတို့က မောင်းတင်နေတော့တာရယ်။ အခက်အခဲဖြစ်လို့များတော့ သူ့ရှေ့သွား မငြိုးနဲ့ ကိုကံလှက ဟော့ဒီလို ပြောလွှတ်လိုက်လိမ့်မယ်။

"ယတြာသာ ချေစမ်းပါ။ ဒီကိစ္စများတော့ ယတြာကောင်းရင် သေတောင် သွားဦးမယ်။"

ဒါ ... ကိုကံလှပြောလေ့ရှိတဲ့ မူပိုင်စကား။

ဒါကြောင့် ...

အရပ်ထဲမှာတောင် တစ်ခုခုဆိုရင် "ကိုကံလှလို ယတြာခြေလိုက်ပါလား။ သေတောင် သွားဦးမယ်"လို့ ခေတ်စားနေတော့တာ။

အဲ့ဒီလို ဗေဒင်ယတြာယုံကြည်လွန်းတဲ့ ကိုကံလှနဲ့ အလုပ်လက်ကြော မတင်းဘဲ ယတြာချည်းအားကိုးနေတဲ့ ဒင်းကို ကြည့်မရတဲ့ ခင်အုန်းမြတို့ရဲ့ အိမ်ထောင်ရေးက လိပ်ခဲတင်းလင်းဆိုပေမယ့် ဆိုးဆိုးဝါးဝါး မဖြစ်သေးဘူး။ ကိုကံလှရဲ့ ယတြာကောင်းလို့ပဲလား မဆိုနိုင်ဘူး။ ခွန်းကြီးခွန်းငယ် စကား မများဖူးသေးဘူး။ အဲ့ဒီကာလက ရွာမှာ ဘောလုံးအသင်းတွေ မထောင်ခင်အထိ ဆိုပါတော့။





## ၂။
## (ဒုတိယပိုင်း)

မနှစ်ကစလို့ သူတို့ညောင်ကြပ်ရွာမှာ ဆရာတော်ရဲ့ တိုက်တွန်းမှု၊ ရပ်ရွာလူကြီးတွေရဲ့ အားပေးမှုနဲ့ ဘောလုံးအသင်းတစ်သင်း ပေါ်ပေါက်လာတယ်။ ဒီနေ့ခေတ်အခါမှာ ရွာဖြစ်ပြီး ဘောလုံးအသင်းလေးတစ်သင်းမှ မပိုင်ရင် အထင်သေးချင်ကြတာ ဆိုတော့ ဖုတ်ပူမီးတိုက် ထူထောင်လိုက်ရတယ်ပြောပါတော့။ ဘောလုံးအသင်းနည်းပြအဖြစ် တစ်ရွာလုံးက ချွင်းချက်မရှိ တင်မြှောက်လိုက်ကြတဲ့လူကတော့ ကိုကံလှပဲ။ ကိုကံလှက အသောက်အစားကင်းသလို အားကစားနဲ့ပတ်သက်ရင်လည်း ဟိုစပ်စပ်၊ ဒီစပ်စပ် ဝါသနာပါတတ်တဲ့လူဆိုတော့ အံကျပဲပြောပါတော့။

ကိုကံလှကိုယ်တိုင်ကလည်း စလောင်းထဲမြင်ဘူးတဲ့ မော်ရင်ဟိုကို မသိမသာ အားကျနေခဲ့တာဆိုတော့ ဘာပြောကောင်းမလဲ။ နည်းပြဖြစ်တဲ့နေ့ကစလို့ ကုန်လိုက်ရတဲ့ ဂျာနယ်ဖိုး၊ ရှင်းလိုက်ရတဲ့ လွှက်ရည်ဖိုးဆိုတာ နည်းမှတ်လို့။ ခင်အုန်းမြကတော့ အိမ်မှာလည်း သူ့ကို အားမကိုးရတဲ့အတူတူ၊ ဝါသနာပါတဲ့အလုပ်၊ လုပ်ပါစေဆိုပြီး ခွင့်လွှတ်ထားတာပါပဲ။ ရပ်ရေး ရွာရေးကိစ္စပဲလေဆိုပြီး သည်းခံခဲ့တာပါပဲ။

ခက်တာက ယတြာ ...

သူ နည်းပြဖြစ်တဲ့နေ့ကစလို့ တစ်အိမ်လုံး ဟိုနေရာကန့်တော့ပွဲ၊ ဒီနေရာ ပန်းအိုးနဲ့ တိုးတက်လာတာကတော့ ယတြာပဲ။ အိမ်မှာ သောက်ရေအိုး ရေကုန်ရင်တောင် အကြီးမလေးက ချက်ချင်း မဖြည့်ရဲဘူး။

"အမေ ... သောက်ရေအိုးထဲမှာ ရေကုန်နေတာ အဖေများ ယတြာလုပ်ထား တာလားမသိဘူး။" လို့ မေးယူရတဲ့အထိ။ ယောက္ခမဖြစ်တဲ့ အဖိုးကြီးလည်း မနေရရှာဘူး။ ထိန်ညိုနဲ့ ခြေစမ်းပွဲရှိတဲ့နေ့က

"အဖေ ... ဗေဒင်က စနေသား အသက်ကြီးကြီး လိုက်အားပေးရင်နိုင်မယ်ဆိုလို့ ဘောလုံးပွဲ အဖေလိုက်ခဲ့ပါ" ဆိုပြီး နေပူထဲ ခေါ်ချသွားပါရောလား။

အဲဒီနေ့က ညောင်ကြပ်ရွာနိုင်တာတော့ အမှန်ပဲ။ ဒါပေမယ့် ညလည်းကျရော အဖိုးကြီးခမြာ အပူရှပ်ပြီး အဖျားတွေတက်လို့ ဆေး



www.burmeseclassic.com

www.burmeseclassic.com



ဆရာ ပြေးပင့်ရပါရော။ ကြာတော့ ခင်အုန်းမြ မနေနိုင်တော့ဘူး။ စိတ်ဆိုးခါမှဆိုးရော ခတ်ပြတ်ပြတ်ပဲ တားမြစ်လိုက်ရတယ်။

"ကိုကံလှ ရှင် ယုံကြည်လို့ ယတြာ လုပ်ချင်လုပ်။ ကျုပ်တို့ မိသားစုတော့ မပါစေနဲ့" လို့ .....

ဟုတ်တယ်လေ .....။

အဖိုးကြီးပြီးလို့ လေဖြတ်ထားတဲ့ အဖွားကြီးဘက် လှည့်လာရင် မခက်ပါလား။ တော်ကြာ ... ဘောလုံးပွဲထဲထမ်းခေါ်သွားလို့ အမေ့ခမျာ အိုကြီး အိုမနဲ့ အသက်တောင် ဘယ်က လှည့်ထွက်ရမှန်း မသိရင် ဒုက္ခ။

ကိုကံလှတို့ကတော့ ပြောတဲ့အချိန်သာ "အေးပါဟာ ... အေးပါဟာ" နဲ့ ကွယ်ရာကျတော့ မထင်ရင် မထင်သလို ဇွတ်ရွတ်လုပ်တတ်တာရယ် ...။

ဒါကြောင့်လည်း အငယ်ကောင်လေးအတွက် ခမည်းပေးထားတဲ့ ဝက်ပေါက်လေး ဟင်းအိုးထဲ ရောက်သွားရတာပေါ့။ လက်ပံလှနဲ့နေ့က ဘောလုံးပွဲနိုင်ချင်ရင် ဝက်သားဟင်းနဲ့ ထမင်းစားသွားဆိုတာကို ဒင်းတစ်ယောက်ထဲ မစားဘဲ သူ့ယောက်ဖ ဘောလုံးတစ်ဖွဲ့သားလုံးအိမ်ခေါ် ထမင်းကျွေးတာ တစ်ကောင်နဲ့တင် ရပ်သွားလို့ တော်သေးတယ် ပြောရမယ်။

အဲဒီနေ့က ခြောက်ဂိုး၊ ဂိုးမရှိတဲ့ ...။

ရှုံးလာတာများ နည်းတောင် နည်းသေးတယ်။ ငိုကြောရှည်တဲ့ အငယ်ကောင်လေးကို ဝက်ပေါက်တစ်ကောင် အစားဝယ်ပေးပါမယ်လို့ ချော့ရတာတစ်ဖက်။ ဘောပွဲရှုံးပြီးပြန်လာတဲ့ သူ့ဘက် ရန်လှည့်ဖြစ်ရတာ တစ်ဖက်နဲ့ နောက်တစ်နေ့ကျ ခင်အုန်းမြတစ်ယောက် အသံတွေ ဝင်ပါရောလား။ ကိုကံလှကတော့ အဲဒီကိစ္စလည်းပြီးရော ကတိပေးပါတယ်။

"ငါ ... နောက်ဆို ဆင်ခြင်ပါ့မယ်ဟာ" တဲ့။ ဘာ ဆင်ခြင်မယ် မသိဘူး။ အကြီးမကတော့ သူ့ကြက်တွေ စိတ်မချလို့တဲ့။ ဘကြီးအိမ်ကို ပို့လိုက်တာ ကိစ္စကို ပြတ်ရော။

ကိုကံလှတို့ လက်ပံလှကို အခဲမကြေဖြစ်ပြီး ညှိုးလိုက်တဲ့ အညှိုးဟာ ခြေစမ်းပွဲ၊ ခြေစစ်ပွဲနဲ့ အုပ်စုပွဲကိုကျော်လို့ အကြိုဗိုလ်လုပွဲ ရောက်တဲ့ အထိပဲ။





"တခြားအသင်းတွေကို ရှုံးချင်ရှုံး၊ လက်ပံလှကို နိုင်ရင် ကျေနပ်ပြီ" တဲ့။

ဟိုကလည်း "ကံလှရဲ့ ညောင်ကြပ်ရွာကိုနိုင်ရင် တစ်ရွာလုံး မီးနိုးတိတ် အလှူပေးမလို့တဲ့။ အခဲမကြေကြပုံများ ပြောပါတယ်။ ကိုကံလှရဲ့ ညောင်ကြပ်ရွာက လက်ပံလှကို ခြောက်ဂိုးပြတ်နဲ့ ရှုံးပြီးကတည်းက နောက်ပိုင်း သရေချည်း ခံကန်လာခဲ့တာ ဒီနေ့အထိဆိုတော့ ပြိုင်ဘက်ဟောင်းတွေ နိုင်ချင်ကြက်တွေလို ဖြစ်နေတယ် ပြောရမှာပေါ့။

ဒါကြောင့် အကြိုဗိုလ်လုပွဲ နီးလာလေလေ။ နှစ်သင်းစလုံးက လှုပ်ရှားလာလေလေ ဖြစ်လာတော့တာ။ လက်ပံလှအသင်းက ကိုကံလှတို့ကို နိုင်ဖို့ နေ့ရောညပါ လေ့ကျင့်သတဲ့။ နည်းပြကလည်း မြို့နယ်ဘောသမားဟောင်းတစ်ဦးဆီမှာ အကြံဉာဏ်သွားတောင်းသတဲ့။ လက်ပံလှလူကြီးတွေကတော့ အားကစားသမားတွေကို နေ့တိုင်း အသားဟင်းနဲ့ ကျွေးသတဲ့။

တစ်ဘက်အသင်းက အဲဒီလို တက်တက်ကြွကြွဖြစ်နေတဲ့ အချိန်မှာ ကိုကံလှကတော့ မိုးလင်းမိုးချုပ်လွယ်အိတ်တစ်လုံးနဲ့ ရွာစဉ်လှည့်နေလေရဲ့။ သူ့ရောင်းရင်းကြီး ကြက်ဆွဲကိုမြရဲ့ အဆိုအရတော့ ဆရာလိုက်ရှာနေတာတဲ့။

ဘာ ဆရာလဲ။ အားကစား ဆရာလား ... ဆိုတော့ ... မဟုတ်ဘူး ...

ဗေဒင်လက္ခဏာဆရာ၊ ယတြာ အခါတော်ပေးဆရာတဲ့။ ဖြစ်မှ ဖြစ်ရလေဆိုပြီး ခင်အုန်းမြ ရင်ဘတ်ဖိမိတယ်။

"နင့်ယောကျ်ားက အဲဒီကိစ္စတွေ ကျွမ်းတယ်ဟ။ ဆရာကောင်းများ တွေ့လို့ကတော့ လက်ပံလှအသင်း ဒီနှစ်ပြုတ်ပြီ မှတ်"

ကိုကံလှ လေကြောတွေ ဘယ်လောက်တောင် မိထားတယ် မဆိုနိုင်ဘူး။ ကြက်ဆွဲဆရာကိုမြ ပြောပုံကိုက သူ့လူဘက် ခပ်ပါပါရယ်။ ကိုမြတင်လား မှတ်တယ်။ ဘောသမားတွေလည်း ဘာထူးလဲ။ လက်ပံလှကိုနိုင်ဖို့ကိစ္စမှာ ဗေဒင်ယတြာဟာ သူတို့ခြေထောက်တွေလိုပဲ အရေးပါတယ်လို့ မှတ်ယူထားကြလေရဲ့။ ဒီလိုနဲ့ အကြိုဗိုလ်လုပွဲနေ့ကို နီးလာတာနဲ့အမျှ ဘောသမားတွေရော ရွာသားတွေပါ စိတ်လှုပ်ရှားလာကြ



www.burmeseclassic.com

www.burmeseclassic.com





သလို၊ ခင်အုန်းမြကိုယ်တိုင်လည်း ရင်တွေဘာတွေတောင် ဖိုလာသေးရဲ့။ အကြိုပွဲနေ့ မတိုင်ခင် နှစ်ရက်လောက် အလိုမှာတော့ .....။

အများ မျှော်လင့်ထားကြတဲ့အတိုင်းပါပဲ။ ကိုကံလှ တစ်ယောက် ဆရာကောင်းနဲ့ တွေ့တယ်ပြောပါတော့။ ဆရာစိန်တဲ့။ ယတြာဆန်းဆန်းတွေပေးတတ်တဲ့ နေရာမှာတော့ နာမည်ကြီးလေရဲ့၊ ကျန်းမာရေးကိစ္စအတွက် ဖော်ပိုင်ရဲ့ မြို့အဝင်ညကို ရှာပြင်ထွက်ပြီး အော်ဆိုပါဆိုတာမျိုး။ အချစ်ရေးအတွက် ပေါက်ဆီသုံးလုံး တပြိုင်တည်းစားပြီး လူစည်ကားတဲ့ နေရာမှာ "အောင်ပြီ" လို့ သုံးကြိမ်ကြွေးကြော်ပါ ဆိုတာမျိုး။

ကိုကံလှကိုတော့ အဲဒီနေ့က ဘယ်လိုယတြာပေးလိုက်တယ် မသိဘူး။ နောက်တစ်နေ့ မိုးလင်းတော့ ကိုကံလှတစ်ယောက် ဆေးရုံရောက်ပါလေရော။

သူ့သတင်းကြားတော့ ခင်အုန်းမြတစ်ယောက် ချုံးပွဲချပြီး ငိုရတော့ မလိုလို ...

တိုင်နဲ့ခေါင်းနဲ့ ပြေးဆောင့်ပြီးတော့ပဲ ဒေါသထွက်ရတော့မှာလိုလို။ ဘယ့်နှယ့် အရပ်ရပ်နေပြည်တော် ကြားလို့မှ မသင့်တော်။ ကြီးကောင်ကြီးမားကျမှ ဒင်းကို ရွာထဲက အပျိုလေး လှသုန်အခန်းမှာ ညကြီးသန်းခေါင် မိသတဲ့။

လှသုန်မောင်ဘွားတွေနဲ့ အချင်းများရာကနေ တုတ်တပြက်၊ ဓားတပြက် ဖြစ်ပြီး မိုးလင်းတော့ ဆေးရုံတန်းပို့ လိုက်ရဆိုပဲ။ ဒဏ်ရာကကွဲရာရှရာမို့ ကြီးကြီးကျယ်ကျယ် မဟုတ်ပေမယ့် အမှုအခင်းတော့ ဖြစ်ဦးမှာလိုလို ပြောကြလေရဲ့။

ဒင်းအပေါ် စိတ်ကလည်း ဆိုး၊ တွေ့လည်း တွေ့ချင်တာမို့ ဆေးရုံလိုက်သွားတော့ ခေါင်းမှာ ပတ်တီးအဖွေးသားနဲ့ ဒင်းက မချိ သွားဖြဲပြုံးပြရင်း ကမန်းကတန်း ရှင်းပြတယ်။



"ငါ့အပေါ် အထင်မလွဲနဲ့ အုန်းမြ။ ငါ ယတြာသွားခြေတာပါ။"

အလိုတော် ... ခြေစရာနေရာရှားလို့ အပျိုလေးအခန်းများ ယတြာသွားခြေရသတဲ့။

ဒေါသဖြစ်ဖြစ်နဲ့ ဒင်းကို ခပ်စိန်းစိန်းစိုက်ကြည့်လိုက်တော့ သူက ကယောင်ကတန်းနဲ့ ဆက်ရှင်းပြတယ်။ ဆရာစိန်က ဘောပွဲနိုင်အောင် အပျိုလေး ခေါင်းကပန်းကို မသိအောင်ယူပြီး ဆောင်ခိုင်းသတဲ့။ ကိုယ်ယူထားတာ သိသွားရင် ယတြာ ပျက်မယ်ဆိုတော့၊ မသိအောင်ခိုးယူမှရတော့မှာ ကိုး။ ပြီးတော့ လှသုန်က ပန်းကြိုက်တဲ့နေရာမှာ နာမည်ကြီး၊ ညအိပ်ရင်တောင် ပန်းပန်လျက်နဲ့ အိပ်တတ်တယ်ဆိုတော့ လှသုန်အခန်းပဲ တက်ကြံရတော့တာပေါ့ ... တဲ့။

ဖြစ်ပုံများ သြချလောက်ပါရဲ့ .....။

"ကျော်မကောင်း ကြားမကောင်း ကိုကံလှရယ် ..... ရှင့်မလည်း မကြီး မငယ်နဲ့ ဒီလောက်တောင် အဆင်အခြင် မဲ့ရသလား။ ခုလည်း အမှုတွေ ဘာတွေ ဖြစ်ဦးမှာဆို။ ဘယ်နှယ့် လုပ်ကြမလဲ။"

"မပူပါနဲ့ အုန်းမြရာ။ ငါ့မှာ ဆရာစိန်တစ်ယောက်လုံး ရှိပါတယ်"

"ဘာပြောတယ်။ လာပြန်ပြီဆရာစိန်။ အဲဒီဆရာစိန်ကြောင့် ရှင် ခုလိုဒုက္ခဖြစ်တာ မမှတ်သေးဘူးလား။"

စိတ်တိုတိုနဲ့ ခင်အုန်းမြ ကုန်းအော်လိုက်ပေမယ့် ကိုကံလှက လေအေးလေးနဲ့ တုန့်ပြန်တယ်။

"ခုဟာက ယတြာ မအောင်လို့ပါဟာ
ယတြာကောင်းကောင်းနဲ့ မိလိုက်ရင်
ခု ပြဿနာလောက်တော့
သေတောင်သွားဦးမယ်" ..... တဲ့။



www.burmeseclassic.com

www.burmeseclassic.com





၃။
(အချိန်ပို)

ကိုကံလှ ဆေးရုံတက်နေတုန်းမှာပဲ ညောင်ကြပ်ရွာက လက်ပံလှကို ခြောက်ဂိုး ဂိုးမရှိနဲ့ ရှုံးပါတယ်။ ဘောပွဲရှုံးတဲ့ညမှာ အပျိုလေး လှသုန် အထုတ်အပိုး တပွေ့တပိုက်နဲ့ ခင်အုန်းမြအိမ်ကို ရောက်ချလာလေရဲ့။ သူ့အိမ်ကရော သူ့ချစ်သူကပါ ကိုကံလှနဲ့ သူ့ကို မယုံတော့တာမို့ အိမ်ပေါ်က အပြီးဆင်းလာပါသတဲ့။

"ကိုကံလှက ညီးခေါင်းက ပန်းလာယူတာ မဟုတ်လား လှသုန်ရဲ့"

လို့ ခင်အုန်းမြကမေးတော့ ...။

"အစကတော့ ခေါင်းက ပန်းယူရုံပဲ ထင်ပါရဲ့ အစ်မ ခင်အုန်းမြရယ်' တဲ့။

အဲ့ဒီကတည်းက ခင်အုန်းမြ သဘောပေါက်လိုက်တယ်။ သူ့မှန့်တင် မကပဲ သူ့အိုးထဲက ဆန်ပါ လုစားမယ့် သူတစ်ယောက် အိမ်ပေါ် ရောက်လာတာပဲဆိုတာ။

ဒါကြောင့် ... ပြောပါရောလား။

ညောင်ကြပ်၊ လက်ပံလှနဲ့ ထိန်ညိုတစ်ကြောမှာ ယတြာဆိုရင် အသံတောင် မကြားချင်တဲ့သူတွေထဲမယ် ခင်အုန်းမြ ရှေ့ဆုံးက ပါလိမ့်မယ် ... လို့။

၊ ရှုလိုင်လ ၂၀၀၇ မဟေသီ၊



→ ရွေးချယ်တင်ဆက်မှု – ၁၀

# လေးလံနေသော ဦးခေါင်းတစ်လုံးဓါလားရော



www.burmeseclassic.com

www.burmeseclassic.com



# ဘယ်သူ ပစ်ထည့်သွားမှန်း မသိသော အမှိုက်တို့နှင့် ကျွန်တော့်ဦးခေါင်းက ပြည့်ကြပ်လျှံကျလာတော့သည်



သင်နှင့်တကွအပေါင်းပါများ သိသာရန် | နေရဲ

၁။

တော်ရိုရော်ရို ကိုယ့်ဖော့တတ်ရုံလောက် လူတွေကြားထဲ ရေကူးရတာ ပျင်းစရာ ကောင်းလှပါသည်။ လက်ရည်မတူသူချင်း ကျားထိုးသောအခါ တစ်ယောက်က လက်နာ၍ တစ်ယောက်က လက်သာသွားတတ်သည်။ ကံကြမ္မာသည် လက်အနာခံ၍ ကျွန်တော်နှင့် အတူ မကြာခဏ ကျားကွက်ရွှေ့ ပေးခဲ့၏။

သို့သော် ...

ပြဿနာမှာ 'နားလည်မှု' ဖြစ်သည်။ ကျွန်တော့်ဘဝ၌ 'နားလည်မှု' မှာ ရှားပါးကုန်တစ်ခု ဖြစ်နေခဲ့တာ အတော်ကြာပါပြီ။

ဂိုးတိုင်ရှေ့၌ ဗိုဒန်း ဘာလုပ်မည်ကို ကစားဖော်အွန်နရီနှင့် ရီဘာရီ သိနိုင်သည်။

ဒါရိုက်တာ အန်းလီလိုချင်သော အိုက်တင်ကို တွမ်ဟမ့်သိနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com

တိုက်ဂါးဝုဒ်၏ လက်အဖြန့်သည် ဘာကိုတောင်းဆိုကြောင်း ၄င်း၏ ကယ်ရီ သိနိုင်သည်။

ဂိုချောင်ဗျောင်၏အပြုံးကို လီဂွမ်ယုနားလည်နိုင်သည်။

သို့သော် ...

ကျွန်တော်ဘာလိုအပ်သလဲဆိုသည်ကို ကျွန်တော့်ချစ်သူ ကောင်မလေး မသိ။

ကျွန်တော့်မိတ်ဆွေများနှင့် ကမ္ဘာလောကကြီး မသိ။

ယုတ်စွအဆုံး ကျွန်တော် ညတိုင်း အုံးအိပ်နေကျ ခေါင်းအုံးလေးပင် မသိပါ။

## ၂။

ကျွန်တော်သည် ခပ်ညံ့ညံ့လူများအား အထင်တကြီး သဘောကျတတ်သူ မဟုတ်ပါ။ ထို့ကြောင့် ကမ္ဘာလောကကြီး အပါအဝင် ကျန်လူများကလည်း ကျွန်တော့်အား ခံတွင်းမတွေ့ကြသည်မှာ သိပ်တော့ အံ့သြစရာ မဟုတ်။ အနုပညာကို တရှိက်မက်မက်ဖန်တီးရန် ဝါသနာပါသော်လည်း လူတောထဲ တိုးရမှာကို အစဉ်အမြဲ ကျွန်တော် စိုးရွံ့နေတတ်သည်။ လူများစွာနှင့် လိုက်လျောညီထွေဖြစ်အောင် ပေါင်းသင်းတတ်ဖို့ဆိုသည်မှာ ပါရမီ လိုအပ်ကြောင်း ကျွန်တော် သဘောပေါက်ခဲ့တာ ကြာပါပြီ။

ထို့ကြောင့် ...

ကျွန်တော်၌ အဖွဲ့ မရှိ ...

ကိုယ်ပိုင်တီးဝိုင်း မရှိ ...

ဝမ်းမန်းရှီး စင်မြင့်တစ်ခုပြုလုပ်ကာ ကိုယ်ရည်သွေးသံစဉ်များကို ဟစ်ဟောလုပ်ဆိုချင်သော်လည်း နောက်ကနေ ပံ့ပိုးပေးမည့် ဂီတသမားများ မရှိ ...

မီးခိုးမှိုင်းထုတ်ပေးမည့်သူ၊ စပေါ့လိုက် မီးထိုးပေးမည့်သူနှင့် ပန်းကုံးစွပ်မည့်သူ မရှိ ...

ကြာတော့ ...

အနုပညာနှင့် ကျွန်တော်ဟာ (Allergicအလာ့ဂျစ်) ဖြစ်ချင်သလိုလိုပင်





ဖြစ်လာတော့၏။ ကျွန်တော့်လိုမျိုး နှလုံးသားအရေပြားယားယံပြီး ဒီလောကထဲက ထွက်သွားသူတွေ ဘယ်လောက်တောင် များခဲ့ပါပြီလဲ။ ထိုကိစ္စကို ခုခံရန် တစ်ချို့က နားမလည်ဖူးဝတ်စုံကို ဝတ်ပြီး၊ တစ်ချို့က ရိုးသားမှုဝတ်စုံကို ဝတ်ဆင်ကြပါသတဲ့။

ကျွန်တော်ကကော ... ဘာဝတ်စုံကို ဝတ်ရမှာပါလဲ။

စာတွေကို ဘယ်လောက် ကြိုးစားရေးရေး လက်မထောင်ပြမည့်သူ မရှိသောအခါ ကြိုးစားရကျိုးနပ်ပါရဲ့လား။

စိတ်မပူပါနဲ့မိတ်ဆွေ ...

ကျွန်တော်ကတော့ ဒီကွင်းမှာ ဆက်လက်ကစားနေအုံးမှာပါ။ တစ်ခုပဲ စိတ်ညစ်ရတာက အကြောင်းအရာစုံနှင့် လေးလံနေသော ဦးခေါင်းကြီးကို ဘယ်နားသွားချထားရမည်မသိမခြင်း ဖြစ်သည်။

သင် မြင်ဖူးနေကျ သာမန်အုန်းသီးတစ်လုံးထက် ပိုမကြီးသော ကျွန်တော့် ဦးခေါင်းထဲ၌ ကမ္ဘာလောကကြီးတစ်ခုလုံး ရောက်ရှိနေပါသည် ဟုဆိုလျှင် သင့်အတွက် ပြုံးစရာ ဖြစ်နေပေလိမ့်မည်။

သို့သော် ...

ထိုအတိုင်းဖြစ်ခဲ့တာကတော့ အမှန်ပါ။ မလိုသည်များကို ထုတ်ပစ်ရန် ချွန်မြသော နစ်သွားတပ်ဖောင်တိန်တစ်ချောင်းကို ဖြစ်စေ၊ မှင် မထစ်သော တစ်ခါသုံးဘောလ်ပင်တစ်ချောင်းကိုဖြစ်စေ၊ ကျွန်တော် အမြဲဆောင်ထားရသည်။

တစ်ခါတစ်ရံ ထိုကိရိယာများ အလုပ်လုပ်ပုံက နှေးကွေးလွန်းသောအခါ ပါးစပ်ကိုပင် အသုံးပြုရပါသည်။ ပါးစပ်ကို ခပ်ကျယ်ကျယ်ဟ၍ 'ဟေး' ခနဲအော်ဟစ်လိုက်တာမျိုး၊ 'တောက်' ခတ်သံ ကျယ်ကျယ်တစ်ခုကို ခတ်ထုတ်လိုက်တာမျိုးပေါ့။ ဒီတော့မှ ရင်ထဲမှာ အနည်းငယ်ပေါ့သွား၏။

သို့သော် ...

ခေါင်းထဲမှာတော့ အတွေးစီးကြောင်းတို့က ဆူဝေအိုင်ထွန်းကာ ပြည့်လျှံ၍ပင် လာတတ်ပါသည်။ ခံစားချက်ကို လက်က မလိုက်နိုင်တော့သည့် အခါများမှာတော့ ...

ကျွန်တော် စာမရေးဖြစ်တော့ပါ ...

ဒီကြားထဲ ... ကိုယ့်အပေါ် နားမလည်သူတွေနှင့် အတူတကွ ယှဉ်တွဲ



www.burmeseclassic.com

www.burmeseclassic.com



နေထိုင်ရခြင်းကလည်း ပြဿနာ ...

ဆံထုံးမြင့်မြင့်ထုံး၍ ချိတ်လုံချည်ဝတ်ရန် မလို ... လာသမျှဧည့်သည်များအား အပြုံးအတုနှင့် နှုတ်ဆက်စရာ မလိုသော နည်းလမ်းတစ်မျိုးဖြင့် ကျွန်တော်နှင့်အတူ ပေါင်းသင်းနေထိုင်ခဲ့သော 'သူမ'က ကျွန်တော်အပေါ် နားမလည်သောအခါ ...

မိခင်နှင့် ညီအစ်ကို မောင်နှမများက ကျွန်တော့်အပေါ် နားမလည်သော အခါ ...

မိတ်ဆွေအပေါင်းအသင်း ...

ငွေစက္ကူ ...

နည်းပညာနှင့် လူနေမှုစနစ် ...

စာရေးစားပွဲများက ကျွန်တော့်အပေါ် နားမလည်သောအခါ ...

ကျွန်တော့် ကောင်းကင်က ကျဉ်းမြောင်းသွား၏ ...

ကျွန်တော့် အိပ်မက်တို့က ခြောက်ကပ်သွား၏ ...

ကျွန်တော်အနာဂတ်တို့က ဆွဲဆောင်မှု ကင်းမဲ့သွား၏ သည်တော့မှ ... ဆော့ခရတ္တီ၊ ဗင်းဆင့်ဗန်ဂိုး၊ အားနက်(စ်)ဟဲမင်းဝေး တို့သည် လောကကြီးထဲမှ ထွက်ပေါက်ရှာသွားခြင်း မဟုတ်ဘဲ၊ စိတ်ပျက်စရာ ကိုယ်ဖော့တတ်ရုံလောက် လူများကို ချန်ထားရစ်ခဲ့ခြင်းဖြစ်ကြောင်း ကျွန်တော် သဘောပေါက်လာတော့သည်။

သို့သော် ...

သဘောပေါက်ချိန်က ကျွန်တော့်အတွက် နောက်ကျခဲ့ပါပြီ။ လူနေမှုနွံထဲ၌ ကျွန်တော် ခြေတစ်ဖက် ကျွံဝင်နေခဲ့ပြီဖြစ်၏။

အင်းလေ ... တစ်နေ့နေ့မှာ ဆွဲထုတ်မှု မအောင်မြင်နိုင်ဘူးလို့ ဘယ်သူအာမခံမလဲ။

၃။

မနက်မိုးလင်းတိုင်း တစ်ညလုံး စီးဆင်းအိုင်ထွန်းခဲ့တဲ့ အတွေးစီးကြောင်းတို့ကို သုတ်သင်ရှင်းလင်းရခြင်း။ (တစ်ချို့တစ်လေကိုတော့ စာမျက်နှာပေါ် ပစ်တင်ရ၏။) တကူးတက လိုက်မရှာဘဲ ခေါင်းထဲဝင်လာသော ဇာတ်လမ်းများကို





နေရာချရခြင်း၊ အသံမထွက်အောင် တမင်သတိထား၍ တိတ်တိတ်ကလေးနေရခြင်း ... အိပ်မက်တွေကို ဆားရည်စိမ်ရခြင်းတို့ဖြင့် ကြာတော့ ကျွန်တော့်ဘဝက ထစ်နေသော စီဒီလိုပင် ထပ်တလဲလဲ ဖြစ်လာတော့၏။

တကူးတက လေ့ကျင့်စရာ မလိုဘဲ လူသန်းငါးထောင်ကတစ်ဘက်၊ ကျွန်တော်ကတစ်ဘက် နေတတ်လာ၏။ နှလုံးသားများအပေါ် ကြောတင်းလာ၏။ (နူးညံ့အောင် ပြန်လုပ်ပေးနိုင်သူများရှိက ကျေးဇူးပြုပါ။)

တစ်ခါတစ်ခါ ကျွန်တော် တွေးကြည့်ပါသည်။ ကျွန်တော်သည် သာမန်လူတစ်ယောက်မျှသာ ဖြစ်ခဲ့လျှင် ကောင်းမည်ဟု။

ဆိုလိုသည်မှာ ...

အငှားဆိုက်ကားနှင့်ပင် ဖြစ်စေ၊ တစ်နေ့လုံး ကိုယ်ကာယနှင့် ပင်ပင်ပန်းပန်းစီးပွားရှာပြီး ညနေ အိမ်ပြန်ရောက်သောအခါ ထမင်းသုံးလေးပန်းကန်လောက်ကို ပါးစပ်ထဲ ပစ်သွင်း ...

ဆေးပေါ့လိပ်လေး တစ်ဖွာနှစ်ဖွာ ... ဖွာ ...

ထို့နောက် ... မောမောပန်းပန်းနှင့် ဘာမှ မတွေးတောနိုင်ဘဲ ခြေပစ်လက်ပစ် အိပ်မောကျသွားတတ်သူမျိုးပေါ့ ...

ယင်းသို့ဆိုလျှင် ... ဘဝသည် အတော့်ကို ရိုးစင်းကာ အေးချမ်းပါလိမ့်မည်။

ခုတော့ ...

ကိုယ်နှင့်လည်း ဘာမှ မပတ်သက်သော ဖန်လုံအိမ်အာနိသင်ကြောင့် ကျွန်တော့်မှာ ခေါင်းရှုပ်ရသည်။ ကက်ထရီနာနှင့် ဆူနာမီကြောင့် ထမင်းမစားနိုင်ဖြစ်ရသည်။ တစ်ခါက ဆိုက်ကားငှားစီးရင်း "မာလာကြောင့် ပြဿနာပဲ" ဟု ကျွန်တော် ငြီးမိသွားသည်။ ဒီတော့ ဆိုက်ကားဆရာကြီးက ကျွန်တော့်အား လှည့်ကြည့်အကဲခတ်ရင်း ...

"မာလာက မောင့်ရင့်မိန်းမလား"

"မဟုတ်ပါဘူးဗျာ"

"ဘာတော်လဲ"

"ဘာမှ မတော်ပါဘူး။ မုန်တိုင်းပါ။"

"ဘာမှမတော်လည်း ခပ်ကင်းကင်း နေပါကွာ။ သူ့အကြောင်းတွေး မနေစမ်းပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



အမှန်ပဲ ... အဲ့ဒီလိုဖြစ်ရမှာ ...

အဲ့လိုမျိုးနေတတ်အောင် လေ့ကျင့်ထားရမှာ ...

ခု ... ဟော့ဒီကောင် ငမိုက်သားက အသက်လေးဆယ်နား နီးတာတောင် အမှန်နဲ့ အမှား မကွဲပြားချင်သေး။ ဘာရက်ပစ် စွန့်ခွာသွားသည့် ဂျန်နီဖာကို လုံးသနားချင် သနားနေတတ်သလို၊ မိုက္ကရိုဆော့ကြောင့် ယိုင်နဲ့နဲ့ဖြစ်နေသော ဂူဂဲအုပ်စုအတွက်လည်း စိတ်ပူချင် ပူနေတတ်၏။

ဒီကြားထဲ ... ဘာဒ်ဖလူ ... အကြမ်းဖက်ဝါဒနှင့် အေအိုင်ဒီအက်စ်တို့ကိုလည်း ကမ္ဘာမြေပေါ်မှ ပျောက်ကွယ်စေချင်သေး၏။

မနိုင်ဝန်တွေထမ်းပြီး ခါးချိုးသွားသော ပုံပြင်ထဲမှ နွားကောင်ကို မသနားမိဖို့တော့ ကိုယ့်ကိုယ်ကို အထူးသတိပေးနေရပါသည်။ ·

၄။

ယခင်က ကျွန်တော့်မိသားစုဝင်များအား ကျွန်တော် မကြာခဏပြောခဲ့ဖူးသော စကားတစ်ခွန်း ရှိ၏။

"ကျွန်တော့်ခေါင်းထဲကို အမှိုက်တွေ လာမထည့်ကြပါနဲ့" ဟု၍ ဖြစ်သည်။

ယခု ... ဘယ်သူပစ်ထည့်သွားမှန်း မသိသော အမှိုက်တို့နှင့် ကျွန်တော့်ဦးခေါင်းက ပြည့်ကြပ်လျှံကျလာတော့သည်။

မလိုသည်များနှင့် ပြည့်ကြပ်လေးလံနေသော ဦးခေါင်းတစ်လုံးအား စနစ်တကျ စွန့်ပစ်ရန် နည်းလမ်းသိသူများရှိက ကူညီပါလေ။ သင့်အား ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်။

၊ စက်တင်ဘာလ ၂၀၀၆ အလင်္ကာဝတ်ရည် ၊





ရွေးချယ်တင်ဆက်မှု - ၁၁

# ဂျမ်မီရဆပ်ကာပ်



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့စိတ်ခံစားမှုတွေ အားကောင်းလွန်းလို့ပဲလား မသိဘူး။
မှောင်နက်မည်းမည်းထဲမှာတောင်
ဓားစက်အောက် **လူတစ်ယောက်**
တကယ်ရောက်ရှိနေသလိုမျိုး မြင်ယောင်ခံစားလာရတယ်





၁။

အဲဒီညဟာ မြို့ငယ်လေးအတွက် ဆပ်ကပ်ပွဲဆိုတာကို ပထမဆုံးအကြိမ် နမ်းဖူးတွေ့ဖူးတွေ့ကြုံဖူးတဲ့ညပါ။ မြို့အဖြစ်ကို တိုးမြှင့်ရောက်ရှိလာတာ နှစ်ပေါင်းသုံးဆယ်နီးပါးရှိခဲ့ပေမယ့် လမ်းဘေးမျက်လှည့်ပွဲ၊ အရိပ်ပြပွဲနဲ့ ရိုးရာနတ်ပွဲတွေလောက်နဲ့သာ ကျေနပ်တင်းတိမ်ခဲ့ရတဲ့ မြို့နေလူထုအတွက် ဆပ်ကပ်ပွဲဆိုတာကြီးကို မျက်ဝါးထင်ထင် တွေ့မြင်ခွင့်ရလိုက်တာပါ။ ဒါကို မဟာအခွင့်အရေးကြီးအဖြစ် ယူဆနိုင်သလို နတ်ဒေဝတာတွေရဲ့ ဆုလာဒ်အဖြစ်တောင် သတ်မှတ်နိုင်ပါတယ်။

မြို့နေလူထု အစဉ်အဆက် ယုံကြည်ခဲ့တဲ့ ရိုးရာနတ်ကို ပူဇော်ပသတဲ့ ညမှာ ဆပ်ကပ်အဖွဲ့ကြီးကို ရုံသွင်းပြသနိုင်ခဲ့လို့ပေါ့။ ဒါကြောင့်၊ အဲ့ဒီညမှာ ပွဲဈေးတန်းတစ်လျှောက် လူတွေ တိုးမပေါက်အောင် ကြိတ်ကြိတ်တိုး စည်ကားနေခဲ့ကြတာပါ။

မြို့လူထုပိုင် မီးစက်ကြီးကြောင့် လင်းထိန်နေတဲ့ ပွဲဈေးတန်းမှာ လက်ဖက်ရည်ဆိုင်၊ အအေးဆိုင်အပြင် ရေမုန့်နဲ့ မုန့်လေပွေလို အနီးအနားရွာတွေက လာရောင်းကြတဲ့ ဈေးသည်တွေ ဧည့်ပရိသတ်တွေနဲ့ ပြည့်ကျပ်နေတဲ့အပြင်၊ နွားဖြုတ်ထားကြတဲ့ လှည်းအိမ်တွေ၊ ပွဲဈေးတန်းလေးကို ဝိုင်းရံထားပုံကလည်းတပ်စည်းရိုးကြီးအလား အောက်မေ့ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပွဲဈေးထုံးစံအတိုင်း လူတွေက စုန်ချည်ဆန်ချည် လမ်းလျှောက်လိုက်၊ စိတ်ကူး တည့်ရာဆိုင်မှာ ဝင်ဝယ်လိုက်၊ ဝင်စားလိုက် လုပ်နေကြပေမယ့် ရောင်းသူတွေရော ဝယ်သူတွေအားလုံးရဲ့ အဓိက ချဉ်ခြင်းကတော့ ဆပ်ကပ်ပွဲကို အမြန်ဆုံး ကြည့်ချင် ကြခြင်းပါပဲ။ ဘယ်အချိန်များ ဘင်သံပေးပြီး လူခေါ်လေမလဲဆိုတာကိုသာ တစ်မျှော် ထဲ မျှော်နေကြတော့တာပါ။

မြို့မိမြို့ဖ လူကြီးတွေက မီးစက်မောင်းပြီး ပွဲကျင်းပရတာမို့ စောစောပြပြီး၊ စောစောသိမ်းဖို့ မေတ္တာရပ်ခံထားပေမယ့် ဆပ်ကပ်အဖွဲ့ကြီးက ခုချိန်ထိ တုပ်တုပ်မလှုပ် သေးလို့ လူတွေ မရိုးမရွ ဖြစ်လာကြတယ်။ ဆန္ဒစောတဲ့ လူငယ်တချို့ကတော့ ကမ္ဘာ လုံးကြီးထဲ ဆိုင်ကယ်စီးနေတဲ့ ရုပ်ပုံကားချပ်ကြီးနား သွားသွားရပ်ပြီးတော့ ... 'ပြပါ တော့ဗျို့' လို့ အော်ရတာလည်း အကြိမ်ကြိမ်ပါ။

ပရိတ်သတ်ရဲ့ စိတ်စောတောင်းဆိုမှုကြောင့် ထင်ပါရဲ့။ တအောင့်ကြာတော့ မိုက်ခွက်မှုတ်သံတဖူးဖူးနဲ့ လော်စပီကာကြီးထဲက အသံထွက်လာတယ်။

'မိဘလုပ်သားပြည်သူများခင်ဗျာ ... ကျွန်တော်တို့ရဲ့ ရွှေမြို့တော် ဆပ်ကပ် အဖွဲ့ကြီးဟာ ဆိုရင်ဖြင့် ... မကြာမီ မိဘပြည်သူများရဲ့ ရှေ့မှောက်မှာ မျက်ဝါးထင်ထင် အသုံးတော်ခံတော့မှာမို့ ရုံဝင်ခလက်မှတ်ကလေးများကို ဝယ်ယူပြီး ချီးမြှင့်ပေးကြ လေးစားစွာနဲ့ မေတ္တာရပ်ခံအပ်ပါတယ်။

အက်ကိုးသံ တဟိန်းဟိန်းနဲ့ ဆပ်ကပ်ရုံကြီးဆီက လူခေါ်သံကြားတယ် ဆိုရင် ပဲ ပရိတ်သတ်ဟာ 'ဟေး' ခနဲ အော်ပြီး စားလက်စအစားအစာတွေကို လက်စသတ်လို့ ဆပ်ကပ်ရုံကြီးဘက် ဦးတည်လိုက်ကြတယ်။ ဈေးရောင်းဖို့ထက် ပွဲကြည့်ဖို့ကို ရည်ရွယ် လာကြတဲ့ ဈေးသည်တွေကလည်း သူတို့ရဲ့ဆိုင်တွေကို ကပျာကရာ သိမ်းလို့ပေါ့ အကြော်သည်တစ်ယောက်ကတော့ စိတ်မောတ်ပြတ်သားစွာနဲ့ပဲ သူ့ရဲ့မီးဖိုကြီးကို ရေတွေ ရှဲခနဲလောင်းလို့ ငြိမ်းသတ်လိုက်ပါတယ်။

၂။

ဘင်သံ၊ ခရာသံတွေနဲ့အတူ အသက်ဝင်လာတဲ့ ဆပ်ကပ်အဖွဲ့ကြီးဟာ ဖွဲ့ဆော် ပြကွက်အဖြစ် ဆင်လိမ္မာ၊ မြင်းလိမ္မာတွေနဲ့ သူတို့ရဲ့ပြပွဲကို စတင်ဖွင့်လှစ်လိုက်တယ် လက်ခုပ်သံ၊ လက်ခေါက်မှုတ်သံတွေနဲ့အတူ ပြကွက်တွေက တစ်ခုပြီးတစ်ခု ပြောင်း သွားတယ်။



တိရစ္ဆာန်တွေရဲ့စွမ်းရည်ကို ပြသပြီးတဲ့နောက်၊ လူတွေရဲ့စွမ်းရည်ကို ဆက် လက်ပြသတယ်။ ပရိတ်သတ်ရဲ့ စိတ်ဝင်စားမှုကလည်း ပိုပြီး အရှိန်အဟုန် ကောင်းလာ တယ်။ မြို့ငယ်လေးရဲ့ အသက်ဓာတ်ဟာ ဆပ်ကပ်ရုံထဲမှာပဲ ရှိနေသလိုမျိုး၊ တစ်မြို့လုံး မှောင်မည်းတိတ်ဆိတ်လို့ ဆပ်ကပ်ရုံကြီး တစ်ခုသာ လင်းထိန်အသက်ဝင်နေတာပါ။

ကောင်းကင်ဘား၊ ကြိုးတန်းလျှောက်၊ လူပဒေသာစတဲ့ ပြကွက်တွေ ပြီးတော့ ကမ္ဘာလုံးကြီးထဲ ဆိုင်ကယ်စီးတဲ့ပြကွက်ကို ပြတယ်။ အံ့မခန်းပြကွက်ကြောင့် ပရိသတ် ဟာ မိန်းမောငြိမ်သက်သွားတယ်။ ဒါဟာ ... သူတို့ မမြင်ဘူး သေးတဲ့ ပြကွက်ဖြစ်သလို အံ့သြအထင်ကြီးလောက်စရာ ပြကွက်လည်း ဖြစ်တာမို့ အချင်းချင်း လက်တို့စကား မပြောနိုင်လောက်အောင်ကို ငြိမ်သက်သွားတာပါ။ ပြကွက်ပြီးချိန်မှာတော့ ပရိသတ်ရဲ့ လက်ခုပ်သံဟာ မိုးသီးမိုးပေါက်တွေ ပြိုဆင်းကျရောက်လာသလိုမျိုး ဝေါခနဲ ကျယ် ကျယ်လောင်လောင် ထွက်ပေါ်လာတယ်။

ဆပ်ကပ်အဖွဲ့ခေါင်းဆောင်ဟာ ပရိတ်သတ်ရဲ့ တုန့်ပြန်ပုံအရ ကိုယ့်ဘက်ပါ လာပြီဆိုတာ သဘောပေါက်လိုက်ပြီး ကျေနပ်စွာ ပြုံးလိုက်တယ်။ သူ တီထွင်ထားတဲ့ နောက်ဆုံးပြကွက်နဲ့ ပွဲသိမ်းဖို့ အချိန်တန်ပြီလို့လည်း ဆုံးဖြတ်လိုက်တယ်။ သမားစဉ် ဆက်ဆက်ရဲ့ထုံးစံအရ ပွဲသိမ်းတော့မယ်ဆိုရင် ပတ်တုတ်လို့ မရလောက်အောင်ကို အံ့သြတကြီး ဖမ်းစားနိုင်တဲ့ ပြကွက်မျိုးနဲ့ သိမ်းရတာပါ။ သူ တီထွင်ထားခဲ့တဲ့ ပြကွက် ဟာလည်း အဲဒီလို ပြကွက်မျိုးမို့ ယုံယုံကြည်ကြည်နဲ့ ပရိသတ်ကို စကားစလိုက်တယ်။

'ရွှေပွဲလာ ဧည့်ပရိသတ်များ ခင်ဗျာ ...။ အခုပြသမယ့် ပြကွက်ဟာ နောက်ဆုံး ပြကွက်ပဲဖြစ်ပါတယ်။ မျက်လှည့်ဆရာကြီး ဒေးဗစ်ကော့ပါးဖီးရဲ့ နည်းနာကို မွှားယူ ဟာ ကျွန်တော်ကိုယ်တိုင် အကြိမ်ကြိမ်အထပ်ထပ် လေ့ကျင့်တီထွင်ခဲ့တဲ့ ဒီပြကွက်ဟာ ဆပ်ကပ်နဲ့ မဆိုင်တဲ့ မျက်လှည့်ပြကွက်အဖြစ် ယူဆနိုင်သလို ဂမ္ဘီရပြကွက်အဖြစ် လည်း သတ်မှတ်နိုင်ပါတယ်။ ချစ်ခင်လေးစားရပါသော ဧည့်ပရိသတ်ကြီးခင်ဗျား။ ကဲပါတော့ ... လူတစ်ယောက်ကို ခေါင်းဖြတ်လိုက်ပြီဆိုရင် ဘာဖြစ်သွားမယ် ထင် ပါသလဲ"

ခေါင်းဆောင်လုပ်သူဟာ ပြောပြောဆိုဆိုနဲ့ စင်ထောင့်မှာ အဝတ်နက်ကြီး ခြုံမြဲခြုံထားတဲ့ စက်ကိရိယာကြီးတစ်ခုနားကို ချဉ်းကပ်သွားတယ်။ အဲ့ဒီနောက် ပရိသတ်ဘက်ကို ဦးတစ်ချက်ညွှတ်ပြီး ကြည့်ကြပါ ... ဆိုတဲ့ သဘောနဲ့ အဝတ် နက်ကြီးကို ဆတ်ခနဲ ဆွဲချလိုက်တယ်။ ပရိသတ်ဟာ အဝတ်နက်ကြီးအောက်က ရုတ်ခနဲ ပေါ်လာတဲ့အရာကို ငေးကြည့်မှင်သက်သွားကြပြီးတဲ့ နောက်မှာတော့



www.burmeseclassic.com

www.burmeseclassic.com



အာမေဋိတ်သံတွေ တီးတိုးထွက်ပေါ်လာတယ်။ စိတ်မထိန်းနိုင်တဲ့ မိန်းမတစ်ယောက်ကတော့ ... 'ဘုရား ... ဘုရား ...ခေါင်းဖြတ်စက်ကြီးပါလား'... လို့ ထိတ်လန့်တကြား လွှတ်ခနဲ ရေရွတ်လိုက်တယ်။

မီးရောင်အောက်မှာ သံမဏိရောင် ပြာလဲ့နေတဲ့ ဓားသွားတွေ တပ်ဆင်ထားတဲ့ ခေါင်းဖြတ်စက်ကြီးဟာ ထိတ်လန့်တုန်လှုပ်စရာ ကောင်းလှသလို စိတ်မသတီစရာလည်း ကောင်းလှပါတယ်။ အဲ့ဒီ ခေါင်းဖြတ်စက်ဟာ လူ့ဝိဘုရင်နဲ့ ပြင်သစ်ပြည်ကို သတိရစေသလို ပရိသတ်ရဲ့သိလိုစိတ်ကိုလည်း အံ့ဘနန်း ဆွဲဆောင်ထားနိုင်ခဲ့တယ်။

'ပရိသတ်ထဲက တစ်ယောက်ယောက်များ ဟော့ဒီ ခေါင်းဖြတ်စက်အောက်မှာ လာနေပေးနိုင်မလား'

အံ့ဩထိတ်လန့်မှုတွေကြောင့် ပရိသတ်က တုပ်တုပ်မှ မလှုပ်နိုင်ကြပါဘူး။ ဒါကို သိထားတဲ့ ခေါင်းဆောင်ဟာ သူ့အမေးကို သူ့ဘာသာပဲ အဆုံးသတ်လိုက်တယ်။

'ဒါဆိုရင်တော့ ကျွန်တော့်ရဲ့ တပည့်မလေးနဲ့ပဲ စမ်းသပ်ပြပါ့မယ်။ ကဲ ... မိန်းကလေးရေ'

ခေါင်းဆောင်ရဲ့ ခေါ်သံကြောင့် လိုက်ကာနောက်ကနေ အားကစားကိုယ်ကြပ်အကျီဝတ်ထားတဲ့ မိန်းမလှလေးတစ်ယောက် ပြေးထွက်လာတယ်။ အဖွဲ့ခေါင်းဆောင်ဟာ ဖြူသွယ်နုနယ်တဲ့ မိန်းမချောလေးကို မညှာမတာဘဲ ဓားစက်အောက် ဆွဲသွင်းလိုက်ပါတယ်။ မိန်းကလေးဟာ ဒူးကလေးတုပ်၊ လက်ကလေးနှစ်ဖက် နောက်ပစ်ပြီး သူမရဲ့ ရွှေလည်တိုင် ဖော့ဖယောင်းကို ဓားသွားပြုတ်ကျလာမယ့် အောက်တည့်တည့် ငုံ့စင်းပေးလိုက်တယ်ဆိုရင်ပဲ ပရိသတ်ဆီက အသံတွေ ထွက်ပေါ်လာတယ်။

ပရိသတ်ဟာ ပြကွက်ကို ဖျော်ဖြေရေးအဖြစ် မမြင်တော့ဘဲ ရက်စက်ကြမ်းကြုတ်မှုအဖြစ် သတ်မှတ်ကာ ဒေါသတွေနဲ့ ဆူဝေရုန်းကြွလာကြလေရဲ့။ ရှေ့ဆုံးတန်းက ကလေးငယ်တစ်ယောက်က 'ဟေ့လူကြီး မတရား မလုပ်နဲ့' လို့တောင် လှမ်းအော်လိုက်ပါတယ်။ အဖွဲ့ခေါင်းဆောင်ကတော့ ပရိသတ်ရဲ့ စိတ်အခြေအနေကို မသိကျိုးကျွံပြုပြီး ဓားစက်ဘေးနား သွားရပ်ကာ မောင်းတံတစ်ခုကို ခပ်တည်တည် ညွှန်ပြလိုက်တယ်။





"ဒီမောင်းတံကတော့ ဒီဓားစက်ကြီးရဲ့ ခလုတ်ပဲ။ မောင်းတံကို ဆွဲလိုက်တာနဲ့ ဟော့ဒီ သံမဏိဓားသွားကြီးဟာ ဝုန်းခနဲ ပြုတ်ကျလာလိမ့်မယ်။ ကောင်းပြီ။ ကျွန်တော်ဟာ ဒီမောင်းတံကို ဆွဲချလိုက်ပြီဆိုပါတော့ ...၊ အောက်က မိန်းကလေး ဘာဖြစ်သွားမလဲ။ ကဲ ... ကြည့်လိုက်ကြရအောင် ..."

အဖွဲ့ခေါင်းဆောင်ဟာ ပရိသတ်ကို စဉ်းစားချိန် သိပ်မပေးဖို့ ဆုံးဖြတ်ထားဟန် တူပါတယ်။ ဒါကြောင့် စကားဆုံးတယ်ဆိုရင်ပဲ ကြေးဝါပိုက်စွပ်ထားတဲ့ သံမဏိမောင်းတံကို တအားဆွဲချလိုက်တယ်။ ပြာလဲ့နေတဲ့ သံမဏိဓားသွားဟာ ပထမရုပ်ရှင်အနှေးပြကွက်တစ်ခုလို ဖြည်းညှင်းစွာ...။ အဲ့ဒီနောက် ... ခပ်မြန်မြန် ...။ နောက်ဆုံး... အရှိန်ပြင်းစွာ... တဟုန်ထိုး ...။

ဝုန်းခနဲ...။ သွေးစက်အချို့...။ ခေါင်းတခြား... ပြီးတော့ ... ကိုယ်တခြား...။

တစ်ရုံလုံး ထိတ်လန့်တကြားတိတ်ဆိတ်လို့၊ အပ်ကျသံကြားရမတတ် ငြိမ်သက်သွားတယ်။ 'ဟာ'ခနဲ 'ဟင်'ခနဲ အာမေဋိတ်သံတွေ မထွက်နိုင်လောက်အောင်ကို ငြိမ်သက်သွားတာပါ။

အဖွဲ့ခေါင်းဆောင်ဟာ ပခုံးကို တွန့်ရင်း စိတ်မကောင်းဟန်နဲ့ သက်ပြင်း ချလိုက်တယ်။ အဲ့ဒီနောက် အပြုံးလှလှလေးနဲ့ ငြိမ်သက်နေတဲ့ မိန်းမချောလေးရဲ့ ဦးခေါင်းကို အသာ မယူပြီး ကိုယ်လုံးသွယ်သွယ်လေးနဲ့ ဆက်ပေးလိုက်တယ်။ ဓားသွားကို ပြန်တင်လိုက်ပြီး အဝတ်နက်နဲ့ မိန်းမငယ်ကို ခေတ္တလွှမ်းခြုံထားလိုက်တယ်။ အဲ့ဒီနောက် အဝတ်စကို ပြန်လည်ဆွဲယူလိုက်ချိန်မှာတော့ မိန်းမလှလေးဟာ ဖြတ်ခနဲ ပြုံးရွှင်စွာ ထရပ်လာပြီး ပရိတ်သတ်ဘက်ကို ဦးညွှတ် အရိုအသေပြုလိုက်ပါတော့တယ်။

ပြကွက် ပြီးဆုံးသွားချိန်မှာတော့ တိတ်ဆိတ် မိန်းမောနေတဲ့ မြို့ငယ်လေးဟာ ဆူညံကျယ်လောင်လွန်းလှတဲ့ လက်ခုပ်သံတွေနဲ့ ပြန်လည်နိုးထအသက်ဝင်လာတယ်။ ဆပ်ကပ်ပွဲပြီးသွားပြီဖြစ်လို့ လူတွေဟာ လမ်းတွေပေါ်ကို အလျှိုလျှို ပြန်လည်ရောက်ရှိလာကြတယ်။ သူတို့ရင်ကို အစွဲငြိဆုံးဖြစ်စေခဲ့တဲ့ နောက်ဆုံးပြကွက်အကြောင်း စားမြုံ့ပြန်သံတွေဟာ ဟိုနားတစ်စ ဒီနားတစ်စ တီးတိုးထွက်ပေါ်နေကြတယ်။

တချို့က အဖွဲ့ခေါင်းဆောင် ဂမ္ဘီရဆပ်ကပ်ဆရာကို ချီးကျူးပြီး တချို့



www.burmeseclassic.com

www.burmeseclassic.com



ကတော့ မိန်းမလှလေးရဲ့ သတ္တိကို အံ့သြကြတယ်။ ဘာပဲဖြစ်ဖြစ် မြို့ငယ်လေးရဲ့ တစ်ခုတည်းသော မီးစက်ပိတ်ချိန်မှာတော့ သူတို့အားလုံးဟာ ကိုယ့်အိမ်ကိုယ့်ယာကို ပြန်ရောက်ပြီး အိပ်ရာဝင်ဖို့ အဆင်သင့်ဖြစ်နေကြပြီ။ ဒါကြောင့် ... တအောင့်ကြာတယ်ဆိုရင်ပဲ ... သက်ပြင်းချသံ၊ ဟောက်သံတွေနဲ့အတူ မြို့ငယ်လေးဟာ နှစ်ခြိုက်စွာ အိပ်မောကျသွားပါတော့တယ်။

နယ်မြို့လေးတစ်မြို့ရဲ့ ပွဲညတစ်ညဟာ အဲ့ဒီနည်းနဲ့ အဆုံးသတ်သွားတယ်လို့ နိဂုံးချုပ်ရမှာဖြစ်ပေမယ့် ဒီဝတ္ထုကို ဇာတ်သိမ်းဖို့ ခက်စေတာကတော့ အိပ်မပျော်သူ နှစ်ယောက်ကြောင့်ပါ။ သူတို့နှစ်ယောက်ဟာ မြို့လေးနဲ့အတူ အိပ်စက်ခြင်းထဲကို အလွယ်တကူ လိုက်ပါမသွားဘဲ စားမြုံ့ပြန်နေခဲ့ကြတယ်။ သူတို့ရဲ့အတွေးတွေထဲကိုသာ ဝင်ကြည့်ခွင့်ရမယ်ဆိုရင်တော့ အောက်ပါအတိုင်း တွေ့မြင်နိုင်မှာပါ။

**(အိပ်မပျော်သူ–တစ်)**

သူ့ဘဝမှာ ဓားစက်ဆိုတာကို တစ်ခါမှ မတွေ့မြင်ခဲ့ဖူးဘူး။ ရုပ်ရှင်တွေထဲမှာ အမှတ်တမဲ့ မြင်ခဲ့ဖူးပေမယ့် ခုလောက် ထိတ်လန့်စရာ ကောင်းလိမ့် မယ်လို့ မထင်မိခဲ့ဘူး။ ခုတော့ ... ဓားစက်တစ်ခုရဲ့ဓားသွားတွေက သူ့ကို ထိတ်လန့်တကြား ဆွဲဆောင်နိုင်ခဲ့သလို မိန်းမလှလေးရဲ့ သတ္တိကလည်း တအံ့တသြဖြစ်စေခဲ့တယ်။

ဘယ်လို ယုံကြည်စိတ်ချမှုတွေနဲ့ အဲ့ဒီမိန်းကလေးဟာ ဓားစက်အောက်ကို ဝင်ရဲတာပါလိမ့်။

ကိုယ့်လည်ပင်းပေါ် အချိန်မရွေး ပြုတ်ကျလာနိုင်တဲ့ ဓားသွားတစ်ခုရဲ့အောက်မှာ လည်စင်းပေးရဲတာဟာ တော်ရုံသတ္တိတော့ မဖြစ်နိုင်လောက်ဘူး။ ဒါဟာ ... မိုက်ရူးရဲစိတ်ဓာတ်ကြောင့် မဟုတ်ရင်၊ စိတ္တဇဆန်တဲ့ ယုံကြည်မှုလွန်ကဲတာကြောင့်ပဲ ဖြစ်မယ်။

အဲ့ဒီအချိန် သူမရဲ့စိတ်ထဲမှာ ဘယ်လိုဖြစ်နေမလဲ။ ထိတ်လန့်ကြောက်ရွံ့နေမလား။ ခိုးကိုးရာမဲ့ အားငယ်နေမလား။ ဒါမှမဟုတ် စာနဲ့ မဖော်ပြနိုင်တဲ့ ခံစားမှုတစ်ခုခုကို သူမ ခံစားနေရမှာလား ...။ ခုချိန်မှာ တန်ခိုးရှင်တစ်ယောက်ယောက်ကသာ သူလိုချင်သမျှ ဖန်ဆင်းပေးမယ်ဆိုရင် အဲ့ဒီ မိန်းကလေးရဲ့ ခံစားမှုမျိုး ခံစားကြည့်ချင်တယ်လို့ တောင်းဆိုလိုက်မိမယ် ထင်ပါရဲ့။ ။





**(အိပ်မပျော်သူ–နှစ်)**

သူကတော့ ပထမလူနဲ့ ဆန့်ကျင်ဘက်လို့ ပြောရမယ်။

သူသိချင်တာက အဖွဲ့ခေါင်းဆောင်ရဲ့ မောင်းတံဆွဲချရဲတဲ့ စိတ်ဓာတ်ကိုပါ။ ကိုယ်ခလုတ်ဖြုတ်လိုက်ရင် အောက်ကလူ ခေါင်းတခြား၊ ကိုယ်တခြား ဖြစ်သွားနိုင်တာကို သိသိကြီးနဲ့ မောင်းတံဆွဲဖြုတ်ရဲတာဟာ တော်ရုံသတ္တိတော့ မဟုတ်ပေဘူး။ ခေါင်းနဲ့ကိုယ် ပြန်ဆက်ပေးနိုင်တာကတော့ နောက်ကိစ္စပါ။ လောလောလတ်လတ် မောင်းတံဆွဲဖြုတ်ရဲဖို့ဆိုတာက ... အင်း ... သူသာဆိုရင် လုပ်ရဲပါ့မလား။ သူ့ရင်ထဲမှာ သိချင်စိတ်တွေနဲ့ တအုံနွေးနွေး မှုလောင်လာတယ်။ ။

၃။

ဒီလိုနဲ့ မြို့ငယ်လေးတစ်ခုလုံး အိပ်မောကျချိန်။ ပွဲအကူးအသန်းကြောင့် ပင်ပန်းပြီး ဆပ်ကပ်တစ်ဖွဲ့လုံး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေချိန်မှာ။ ဆက်ကပ်ရုံနားကို လူရိပ်နှစ်ခုဟာ မတူကွဲပြားတဲ့ နေရာနှစ်ခုကနေ ချဉ်းကပ်လာကြတယ်။ မီးရောင်မရှိဘဲ မည်းမှောင်နေတဲ့ လမိုက်ညဖြစ်ပေမယ့် ပထမလူရိပ်ဟာ ချောချောမောမောပဲ၊ ဆပ်ကပ်ရုံနားကို အရင်ဆုံး ချဉ်းကပ်နိုင်ခဲ့တယ်။

ဇာတ်စင်ရှိရာကို စမ်းတဝါးဝါး လျှောက်လာပြီး စင်ပေါ်ကို ဖြည်းဖြည်းချင်းစမ်းတက်ကာ ဓားစက်နားကို ရောက်လာတယ်။ အမှောင်ထဲ ဖြစ်ပေမယ့် သံမဏိဓားသွားတွေက တဖိတ်ဖိတ် လက်နေတုန်းပဲ။ ကြောက်ရွံ့မှုကြောင့် အာခေါင်တွေ ခြောက်ကပ်လာပေမယ့် သိချင်စိတ်က သူ့တစ်ကိုယ်လုံးကို မောင်းနှင်နေတာမို့ ...။

မိန်းမလှလေး ထိုင်သလိုမျိုး ဒူးနှစ်ဖက် တုပ်၊ လက်ကလေးနှစ်ဖက် နောက်ပစ်ပြီး သူ့ခေါင်းကို ဓားသွားအောက်တည့်တည့် လျှိုသွင်းကာ မျက်စေ့မှိတ်လိုက်တယ်။ ပြီးမှ အဖွဲ့ခေါင်းဆောင် မောင်းတံနားရပ်သလို စိတ်ကူးပြီး မိန်းမလှလေးရဲ့ ခံစားမှုမျိုး သူ့ရင်ထဲမှာ ဖြစ်ပေါ်လာဖို့ ကိုယ့်ကိုယ်ကို လှုံ့ဆော်လိုက်တယ်။

ကြောက်ရွံ့မှု၊ ဒါမှမဟုတ် အသည်းအေးမှု တစ်ခုခု ဖြစ်ပေါ်ဖို့ ပထမလူ ကြိုးစားနေတုန်းမှာပဲ ဒုတိယလူဟာ မောင်းတံနားကို ချဉ်းကပ် ရောက်ရှိ



www.burmeseclassic.com

www.burmeseclassic.com



လာတယ်။ ကြေးပိုက်စွပ်ထားလို့ အမှောင်ထဲမှာတောင် ဝင်းဝါနေတဲ့ မောင်းတံကို လက်ဖျားထိပ်နဲ့ တို့ထိကြည့်ရင်း ဒုတိယလူဟာ သူ့ကိုယ်သူ အဖွဲ့ခေါင်းဆောင်အဖြစ် စိတ်မှာ ပြဋ္ဌာန်းလိုက်တယ်။ ပြီးတော့ ... ဓားသွားအောက်မှာ မိန်းမလှလေး ရောက်ရှိသလိုမျိုးလည်း စိတ်ကူးပုံဖော်ကြည့်လိုက်တယ်။

သူ့ရဲ့ စိတ်ခံစားမှုတွေ အားကောင်းလွန်းလို့ပဲလား မသိဘူး။ မှောင်နက်မည်းမည်းထဲမှာတောင် ဓားသွားအောက် လူတစ်ယောက် တကယ်ရောက်ရှိနေသလိုမျိုး မြင်ယောင် ခံစားလာရပါတယ်။ ဒုတိယလူဟာ ... စိတ်ထဲကနေ တိုးတိုးလေး ရွတ်လိုက်တယ်။

"မောင်းတံကို ဆွဲချလိုက်ပြီ ဆိုပါတော့။ ဘာဖြစ်သွားမလဲ။ ကဲ ... ကြည့်ကြရအောင်"

အဲဒီနောက်တော့ မောင်းတံကို တကယ်ပဲ ဆွဲဖြုတ်လိုက်ပါတော့တယ်။ ပြာလဲ့ထက်မြတဲ့ သံမဏိဓားသွားဟာ ဝုန်းခနဲ ...။

၄။

မြို့ငယ်လေးဟာ အိပ်စက်ခြင်းထဲမှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတုန်းပဲ။ ဆပ်ကပ်ရုံကြီးကတော့ သူ့ရင်ဘတ်ထဲက ဂမ္ဘီရဆန်ဆန် ပြကွက်တစ်ခုအတွက် တအံ့တသြငြိမ်သက်လို့ ...။ ။

(ဩဂုတ်လ - ၂၀၀၇ ကလျာ)





ရွေးချယ်တင်သက်မှု - ၁၂

# သရုပ်ဆောင်ကောင်းတဲ့ ပုံပြင်



www.burmeseclassic.com

www.burmeseclassic.com

ချိတ်ချိတ်ချင်းငြိဖို့ဆိုတာ ကာယကံရှင်တွေအတွက်
သာမန်ကာလျှံကာ အမှုမဲ့၊ အမှတ်မဲ့ ဖြစ်ပေမယ့်၊
ဘေးကကြည့်ရတဲ့ လူတွေအတွက်တော့
အသည်းတယားယား ရင်တဖိုဖိုနိုင်လှပါတယ်





၁။

ဒီရပ်ကွက်လေးထဲမှာတော့ လှမောင်ကြီးဆိုရင် ဘေးမဲ့ပေးထားကြတယ်။ ခေါင်းကို အောက်စိုက်ထားပေမယ့် မျက်ထောင်နီကြီး လှန်ကြည့်ပြီး၊ လမ်းလျှောက်လာတဲ့ လှမောင်ကြီးကို မြင်ပြီဆိုရင် အားလုံးက မသိကျိုးကျွန်ပြုပြီး မျက်နှာလွှဲထားလိုက်တယ်။ ရှောင်မရလို့ အကြည့်ချင်း တည့်တည့်တိုးမိရင်တော့ အပြုံးတစ်ဝက်နဲ့ လှမ်းပြီး ခေါင်းဆပ်ပြလိုက်ကြတယ်။ ဒီကောင်ပဲ။

လှမောင်ကြီးကတော့ အဲ့လို နှုတ်ဆက်တာကို တောင် ဘုကြည့် ကြည့်ချင် ကြည့်သွားသေးတာ။ လှက်ရည်ဆိုင်ထဲများ လှမောင်ကြီး ဝင်လာပြီဆိုရင် အလှို့အလှို့ ပိုက်ဆံရှင်းပြီး ထလစ်ကြတော့တာပါ။ အချိန်မမီလို့ မထနိုင်ကြတဲ့လူတွေနဲ့ သူ့ကို သိပ်မမှုလောက်ဘူးဆိုတဲ့ လူတွေကတော့ ဟန်မပျက် ဆက်သောက်နေကြပေါ့။


www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ... အချင်းချင်း စကားပြောနေတာတွေကိုတော့ ရပ်ထားလိုက်ကြ တယ်။ အထူးသဖြင့် တိုးတိုးတိုးတိုး ပြောတတ်ကြတဲ့ လူတွေပေါ့။ အဲ ... သိပ် အကြောင်းနိုင်လုံလို့ဖြစ်စေ၊ မပြောမဖြစ်မို့ဖြစ်စေ၊ ပြောကြရမယ်ဆိုရင်တော့ ကျယ် ကျယ်သာ ပြော။ တတ်နိုင်ရင် အော်ပြီးတော့သာ ပြော။ ဒါဆိုရင် ရတယ်။

အဲ့ဒီလို မဟုတ်ဘဲ ကိုယ့်အချင်းချင်း လက်ကုတ်ပြီး တီးတိုး တီးတိုး သမန်းမိုး လုပ်နေလို့ကတော့ ... သူ့ပြောပါတယ်ဆိုပြီး အရစ်ခံရတော့မှာ သေချာတယ်။ ကံဆိုး ရင် လွှတ်ရည်ဆိုင်က ခွေးခြေနဲ့တောင် ကောက်ပြီး အရိုက်ခံရနိုင်သေးတယ်။

ဓာတ်သိ အကြောင်းသိတွေကတော့ ရှင်းတယ်။ လှမောင်ကြီးဟေ့ ... ဆိုတာ နဲ့ ဝေါင်ဝေါင်ရှေးပြီး ဝေးဝေးရှောင်ကြတော့တာပဲ။ အရစ်မခံနိုင်ဘူးလေ။ သူလိုလူနဲ့ ဖက်ပြီး အချိန်ကုန်ခံ ဖြေရှင်း မနေနိုင်ဘူး။ လွှတ်ရည်ဆိုင်ပိုင်ရှင် ကိုမောင်ကြည်ကတော့ လှမောင်ကြီးများ သူ့ဆိုင်ထဲ ရောက်လာပြီဆိုရင်၊ ညီညစ်ညစ်ဆံပင်ဘုတ်သိုက်ကြီးကို ဘယ်ညာစုံကုတ်လို့ 'ခက်ရန်ကောကွာ ... '... ဆိုပြီး တညီးထဲ ညီးနေတော့တာပဲ။

လှမောင်ကြီး ရှိနေရင် သူ့ဆိုင် လူမလာတော့ဘူးပေကိုး။ ဒါပေမယ့် ... နှင်လည် မထုတ်ရဲတော့ ချိုပြစ်ချွဲတစ်ခွက်ဖျော်ပြီး သူ့ရှေ့သွားချ။ ကွမ်းချိုးတက်နေတဲ့ သွားအရ သားတွေပေါ်အောင် ဟီခနဲ ရယ်ပြနဲ့သာလုပ်နေရတော့တယ်။ စိတ်ထဲမတော့ ... ဒင်၊ မြန်မြန်ပြန်ပါစေ ... ပေါ့။ ကိုမောင်ကြည် မိန်းမ မခင်မြကတော့ ညအိပ်ရင်တောင် လှမောင်ကြီးဆိုင် မလာပါစေနဲ့လို့ ဆုတောင်းပြီးမှ အိပ်သတဲ့။ သူနဲ့ပတ်သက်ရင် အဲ့ဒီ လောက်ကို အဖြစ်သည်း နေကြတာပါ။

အားလုံးက လှမောင်ကြီးလို့ အလွယ်ခေါ်နေကြတဲ့ လှမောင်ကြည်ဟာ အရ တုန်းကတော့ ကောလိပ်ကျောင်းသား လူရည်သန့်ပါပဲ။ မိဘများကလည်း တတ်နိုင်ရ တော့ ဂိုက်နဲ့ဆိုက်နဲ့။ ဒေသကောလိပ်ဆိုတာကို အမောက်ကလေး တထောင်ထောင် လေချွန်ပြီး တက်နိုင်ခဲ့တဲ့လူပါ။ ပျိုတိုင်းမဟုတ်တောင် အရပ်ထဲက ပျိုတချို့တလေ ကြိုက်ခဲ့ရတဲ့ နှင်းဆီခိုင်တောင် ဖြစ်ခဲ့သေးသတဲ့။

ဒါပေမယ့် လှမောင်ကြည်ဟာ အပေါင်းအသင်းမှားပြီး မူးယစ်ဆေးရဲ့ သာ ကောင်ဘဝကို မျက်စေ့လည်လမ်းလွှဲသွားခဲ့တယ်။ ချောင်းဆိုးပျောက် ဆေးရည်နဲ့ အ ပြုပြီး ဆေးလုံးတွေ ဆေးပြားတွေ နောက်ဆုံးဆေးမှုန့်တွေ အဆင့်အထိ ရောက်သွ ခဲ့တယ်။ ကြားဖူးနားဝ ပုံပြင်တွေအတိုင်းပဲ ပြောပါတော့။ ပညာတစ်ဝက်တစ်ပျက် ကျောင်းထွက်။ ထောင်ကျ။ ထောင်က ပြန်ထွက်လာတော့လည်း ခွေးအမြီးကောက်က





ခြေထောက် ပြန်စွပ်နေလို့ နှစ်ခါသုံးခါလောက် ဝင်လိုက်ထွက်လိုက် လုပ်လိုက်ရ သေးတယ်။

နောက်ပိုင်းတော့ ခြေငြိမ်သွားပါရဲ့။ ဒါပေမယ့် ဦးနှောက်က မမှန်ချင်တော့ ဘူး။ ကြောင်တောင်တောင် ပျက်တက်တက်ရယ်။ ဆေးကြောင်ကြောင် တယ်ထင်ပြီး ဘာသာနေလိုက်ကြတာပါပဲ။ အရပ်ကိုလည်း ဒုက္ခမပေးလောက်ဘူး မှတ်တာပေါ့။ ဘယ်နှယ့် ... နောက်ပိုင်းပျမှ ဒင်းကြောင့် လွှတ်ရည်တောင် သောက်ကောင်းခြင်း မသောက်ရတဲ့အဖြစ်ကို ရောက်ရတော့တာပဲ။ ကိုယ့်အိမ်ရှေ့ကိုယ် ရပ်စကားပြော တာတောင် သူ့မြင်တာနဲ့ ပါးစပ်ပိတ်လိုက်ကြရတယ်။

ဘယ့်နှယ့် ... ကိုယ့်ဟာကိုယ် ဘာပြောပြော သူ့အကြောင်း ပြောပါတယ်ဆိုပြီး အတင်း လိုက်ရိုက်တော့တာကိုး။ ဗွေဆော်ဦး ခံလိုက်ရတာက ကျောင်းဆရာရယ်။ အဲ့ဒီနေ့က မိုးလေးက အုံ့တုံ့တုံ့ဆိုတော့ လွှတ်ရည်ဆိုင်ထိုင်ရတာ တယ်ဖိမ်ရှိတဲ့ ရာသီ ကိုး။ ဆိုင်ထဲမှာလည်း လူအတော်များတယ်ပြောပါတော့။ အဲ့ဒီအခင်းဖြစ်နေ့က ကျောင်း ဆရာရယ်၊ စတိုးဆိုင်ပိုင်ရှင်ရယ်၊ အိမ်ခြံမြေ ပွဲစားရယ်ဟာ ဆိုင်ပေါက်ဝဘက် စားပွဲ တစ်လုံးမှာ ထိုင်နေပြီး လှမောင်ကြီးကတော့ ခပ်လှမ်းလှမ်းမှာ ထိုင်နေသတဲ့။

မြင်ကွင်းအနေအထားအရ လှမောင်ကြီးမျက်နှာမူရာအရပ်မှာ သူတို့ စားပွဲဝိုင်း ရှိတော့၊ လှမောင်ကြီးရဲ့ မျက်စေ့လမ်းကြောင်းပေါ်ကို တည့်တည့်ကြီး ရောက်နေတော့ တာပေါ့။ သူတို့ သုံးယောက်က ဒါကို သတိမထားမိဘဲ အကြောင်းအရာတစ်ခုကို စိတ်ဝင်တစားနဲ့ ခပ်တိုးတိုး ပြောဆိုနေခဲ့ကြတယ်။ ဘာအကြောင်းအရာလည်း၊ ဘာကြောင့် တီးတိုးပြောရတာလဲဆိုတာကို ဒီနေ့အထိ ဘယ်သူမှ စိတ်ဝင်တစား မေး မကြည့်ခဲ့ကြပါဘူး။ ဒါကြောင့် ... အကြောင်းအရာရဲ့ ဘယ်အစိတ်အပိုင်းလောက်မှာ လှမောင်ကြီး သူတို့နားကိုရောက်လာသလဲဆိုတာလည်း ဘယ်သူမှ မသိခဲ့ကြဘူး။

တဆင့်စကားနဲ့ ပြန်ကြားရတာကတော့ 'ခင်ဗျားတို့ ဘာပြောနေကြတာလဲ' ဆိုပြီး၊ လှမောင်ကြီးက ခပ်ထန်ထန်အသံနဲ့ လာမေးသတဲ့။ စတိုးဆိုင်ပိုင်ရှင်က ဘာဖြစ် လို့လဲဆိုတော့ "ကျုပ်မေးတာသာဖြေဗျာ" ... တဲ့။ အသံက မာရည်ကျောရည် နိုင်လွန်း လို့ ဒီသူငယ် ရိုင်းရန်ကောလို့ စိတ်ထဲက တွေးလိုက်မိပေမယ့် ကျောင်းဆရာက ပညာ တတ်ပီပီ ရည်ရည်မွန်မွန်ပဲ ပြန်ရှင်းပြလိုက်ပါတယ်။

သူတို့ဘောပွဲအကြောင်း ပြောနေကြတာ ဖြစ်ကြောင်း။ လှမောင်ကြီးနဲ့ ဘာမှ မဆိုင်ကြောင်းပေါ့။ ဒါပေမယ့် လှမောင်ကြီးက လက်မခံဘဲ 'ခင်ဗျား တို့ ကျုပ်အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ပြောနေကြတာ မဟုတ်လား။ ကျုပ်မကောင်းကြောင်း အတင်းပြောနေကြတာ မဟုတ်လား' လို့ အတင်းစွပ်စွဲတော့တာပဲ။ ကျောင်းဆရာက မဟုတ်ပါဘူးကွာလို့ ငြင်းပေမယ့် ...

'ဘာ မဟုတ်ရမှာလဲ။ ဒီသုံးယောက်ထဲမှာ ခင်ဗျား အပြောဆုံးပဲ'

ဆိုပြီး ကျောင်းဆရာရဲ့ ဂျိုစောင်းကို ခွေးခြေနဲ့ ကောက်ရိုက်တော့တာပဲတဲ့။ ဘေးလူတွေအဆွဲမြန်တယ်ဆိုပေမယ့် သုံးချက်တော့ ချုပ်လိုက်ရသေးတာပဲ။

၂။

အဲ့ဒီနည်းနဲ့ ရပ်ကွက်လေးရဲ့ အေးဆေးငြိမ်သက်မှုကို လှမောင်ကြီးက ဝှမ်းခနဲရိုက်ခွဲခဲ့တယ် ပြောပါတော့။ လူငယ်တချို့က ကျောင်းဆရာဘက်က မခံမရပ်နိုင် ဖြစ်ကြပေမယ့် ... တစ်ဖက်က လက်မှတ်ရပုဂ္ဂိုလ်ဆိုတော့လည်း ဘာတတ်နိုင်မှာလဲ။ လှမောင်ကြီး မိဘတွေကတော့ ညတွင်းချင်းဆိုသလိုပဲ ကျောင်းဆရာအိမ်ကို ရောက်လာပြီး တောင်းပန်ကြပါတယ်။ လှမောင်ကြီးရဲ့ အခြေအနေမှန်ကိုလည်း ရှင်းပြလိုက်ကြတယ်။

လှမောင်ကြီးဟာ မူးယစ်ဆေးရဲ့ဆိုးဝါးစွာ တိုက်ခိုက်ဖျက်ဆီးမှုကြောင့် ဘယ်သူတွေ ဘာပြောပြော ဘာလုပ်လုပ် သူ့အပေါ်မကောင်းပြောတယ်။ မကောင်းကြံတယ်လို့ပဲ ထင်မြင်ယူဆတဲ့ စိတ်စွဲရောဂါတစ်မျိုးလဲ ခံစားနေရပါသတဲ့။ လျှပ်စစ်နဲ့ နှိပ်ပြီး ကုနေပေမယ့်လည်း မသက်သာပါဘူးတဲ့။ အိမ်သားတွေနဲ့ မကြာခဏ ပြဿနာတက်လွန်းလို့ ခုဆိုရင် တစ်အိမ်သားလုံး သူ့ရှေ့မှာ စကားတောင် မပြောရဲတဲ့အဖြစ်ကို ရောက်နေကြပါသတဲ့။ မယုံမှာစိုးလို့ စိတ်ကုဆေးရုံမှတ်တမ်းကိုလည်း ထုတ်ပြကြတယ်။

လှမောင်ကြီးရဲ့ အစ်မနှစ်ယောက်ဆိုရင် ကျောင်းဆရာကို ထိုင်ပြီးတော့ တောင် ဦးချကြတာပါ။ မဆီမဆိုင် အရိုက်ခံရတာကို အောင့်သက်သက်နိုင် လှပေမယ့် စာသင်ခန်းထဲမှာ ကြိမ်လုံးတောင် မကိုင်တတ်တဲ့ကျောင်းဆရာကလည်း ဘာတတ်နိုင်မှာတဲ့လဲ။ ရှိစေတော့ပေါ့။

ဒီလိုနဲ့ ဆေးရုံလက်မှတ်ရ လှမောင်ကြီးဟာ အရပ်ထဲမှာလည်း နေရာတစ်ခုရလာတော့တာပဲ။ သူ့မိဘများ ခမျာတော့ နှစ်လတစ်ကြိမ်၊ သုံးလတစ် ကြိမ်လောက်ကို အိမ်တကာလှည့်ပြီး တောင်းပန်နေရတာပါ။ နောက်ပိုင်း အကြောင်းသိလာတဲ့ လူတွေကတော့ လှမောင်ကြီးကို ရှောင်တတ်ရှားတတ်လာကြတယ်။ သိပ်ပြီး အားစိုက်စရာ မလိုပါဘူး။





သူလာရင် မမြင်ချင်ယောင်ဆောင်ပြီး။ သူရှိရင် ပါးစပ်မလှုပ်ဘဲနေတဲ့ နည်းပါ။ ထိရောက်မှုရှိပေမယ့်လည်း အနေတော့ နည်းနည်းကျုံ့တာပေါ့လေ။ လွှက်ရည်ဆိုင်ပိုင်ရှင် ကိုမောင်ကြည်ကတော့ ဒင်းရောက်လာရင် ဆိုင်ကို လူအလာနည်းလို့ တစ်မြစ်တောက်တောက်နဲ့ပေါ့။ ခေါင်းမှာ တစ်ပတ်လောက် ပတ်တီးစည်းခဲ့ဖူးတဲ့ ကျောင်းဆရာကလည်း အကွက်ကောင်းကို ချောင်းနေတော့တာရယ်။

ဘာကြာလဲ။

သုံးလမ်းထဲကို ခင်မောင်ရင် ဆိုတဲ့ကောင်လည်း ပြောင်းလာရော၊ ကျောင်းဆရာတို့ လူစုနဲ့ လွှက်ရည်ဆိုင်ပိုင်ရှင် ကိုမောင်ကြည်တို့ ခေါင်းချင်း ဆိုင်ကြတော့တာပဲ။ ခင်မောင်ရင်ဆိုတဲ့ကောင်လေးက လူပုံကဖြူဖြူချောချော လေးပေမယ့် အရက်တအားသောက်သတဲ့။ အသောက်ကြမ်းသလို စရိုက်က လည်းကြမ်းဆိုပဲ။ ခြေမြန်လက်မြန်နိုင်လှတဲ့ တကယ့် အပေအတေလေး ပြောပါတော့။ မူးလာရင်း လူမရွေး နေရာမရွေးဘဲ ရိုက်တော့တာပဲတဲ့။

ခင်မောင်ရင်နဲ့ တစ်ရပ်ကွက်ထဲ နေခဲ့ဖူးသူတစ်ယောက်ရဲ့ အပြောအရ ... မူးလာရင် စိတ်ရောဂါရှင်တွေ ဘာတွေလည်း ငဲ့နေမှာ မဟုတ်ဘူး ဆိုသတဲ့။ အဲ့ဒီမှာတင် ကိုမောင်ကြည်က လွှက်ရည် အလကားတိုက်သင့်တဲ့လူ စာရင်းမှာ ခင်မောင်ရင် နာမည် တန်းထည့်လိုက်တော့တာပဲ။

တစ်ရက် ခင်မောင်ရင် သူ့ဆိုင်ရောက်လာတော့ ချိုပြစ်ခွဲတစ်ခွက် ချပေးရုံတင် မဟုတ်ဘူး။ ရှဘီတစ်လိပ်ပါ အဆစ် တိုက်လိုက်သေးတယ်။ နေ့လည်ပိုင်းတွေအားရင် လာခဲ့ကွာ။ ကျားထိုးကြရအောင်လို့လည်း ဆွယ်လိုက်သေးတယ်။ ဘေးနားရှိတဲ့ကျောင်းဆရာက ကိုမောင်ကြည် စကားကြားတော့ ပညာတတ် ပြုံးလေး ပြုံးတယ်။ နေ့လည်နေ့ခင်း အချိန်တွေဆိုတာ လှမောင်ကြီးလာတတ်တဲ့ အချိန်တွေ မဟုတ်လား။

တွေ့ကြပြီပေါ့။

ဆေးကြောင်ငနဲနဲ့ ရုပ်တာဘဲ။ ကြောင်ခံတွင်းပျက်နဲ့ တောင်ပံကျိုးတဲ့ ဇရက်။ အများအပြောအရ လေ့ကတော့လူးတာ သေချာပြီ။ လှမောင်ကြီး ရောက်လာဖို့နဲ့ လေ့ပေါ်တက်ဖို့ပဲ ကျန်တော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



၃။

ချိတ်ချိန်ခင်းငြိဖို့ဆိုတာ ကာယကံရှင်တွေအတွက် သာမန်ကာလျှံကာ အမှုမဲ့ အမှတ်မဲ့ ဖြစ်ပေမယ့်၊ ဘေးကကြည့်ရတဲ့လူတွေအတွက်တော့ အသည်းတယားယား ရင်တဖိုဖို နိုင်လှပါတယ်။ ကိုမောင်ကြည် ဆိုင်ထဲမှာလည်း ဘောလုံးစကားနဲ့ပြောရရင် ပရိသတ်က ကွင်းလုံးပြည့်ပါပဲ။

ကိုမောင်ကြည်နဲ့ ကျောင်းဆရာ ဘယ်သူက မော်ရင်ဟိုလဲဆိုတာ မသေချာရင် သာရှိမယ်။ နှစ်ဖက်အသင်း ကစားဖြစ်မယ့် ကစားကွက်ကိုတော့ ခန့်မှန်းမိနေကြပြီ။ အရင်က လှမောင်ကြီးလာရင် အလျှိုအလျှို ထပြန်တတ်တဲ့ လူတွေတောင် မပြန်ကြ တော့ဘူး။ ပွဲစမယ့် အချိန်ကို ထိုင်စောင့်နေကြပုံက ခပ်တည်တည်ပဲ။ ဂရုစိုက်လောက် စရာ မဟုတ်ပါဘူးဆိုတဲ့ လူတစ်ချို့က လှမောင်ကြီးရှိလျက်နဲ့တောင် ပုံမှန်လေသံ မျိုးနဲ့ တစ်ခွန်းစ နှစ်ခွန်းစ စကားပြောရဲလာကြပြီ။

ဒါပေမယ့် နှစ်ရက် သုံးရက် ကြာတဲ့အထိ ပွဲခရာသံ မကြားရသေးဘူး။ မနက်ပိုင်း ထမင်းမစားခင် အာဆွတ်ထားတတ်တဲ့ ခင်မောင်ရင်ကလည်း အေးအေးပဲ။ ကျားထိုးချင်ထိုး။ မထိုးတဲ့အခါ(ဖိုက်မူဗီ)ကိုငေးလို့။ လှမောင်ကြီးကတော့ ခြောင်တစ် ခြောင်မှာ မှုန်ကုတ်ကုတ်နဲ့ ငြိမ်သက်နေတာများ အတွေးသမားဆိုတဲ့ ရုပ်ထုလား အောက်မေ့ရတယ်။

အရင်က ဘေးနားက လူတစ်ယောက် ပါးစပ်လှုပ်တာ မြင်ရင်တောင် ... 'မင်းငါ့ အကြောင်း မကောင်းပြောနေတာ မဟုတ်လား' ... လို့၊ ထရစ်တတ်တဲ့ လှမောင်ကြီး ဟာ ခင်မောင်ရင်ရဲ့ ဟောင်ဖွာဟောင်ဖွာ အသံတွေ ကြားနေပေမယ့်လည်း၊ တုံဏှီ ဘာဝေပါပဲ။ ကိုယ့်ကိုယ်ကို စည်းကြပ်ဒိုင်အဖြစ် သတ်မှတ်ထားကြတဲ့ စတိုးဆိုင်ရှင် နဲ့ အိမ်မြေပွဲစားကတောင် စိတ်ဓာတ်ကျစ ပြုလာတယ်။

အားလုံးက ဒီရာသီမှာ မကန်ဖြစ်ကြတော့ဘူးနဲ့ တူပါရဲ့လို့ စိတ်လျှော့နေကြ တုန်းမှာပဲ တစ်ရက် သူတို့နှစ်ယောက် တည့်တည့်တိုးပါလေရော။ စီစဉ်ထားတဲ့ ကွင်း ထဲမှာ မဟုတ်ဘဲ အပြင်မှာ တွေ့ခဲ့ကြတာဆိုတော့ ဘယ်သူမှ မျက်ဝါးထင်ထင် မမြင် လိုက်ကြရဘူး။

အဲ့ဒီနေ့က တစ်ဦးတည်းသော အထူးတန်း ပရိတ်သတ်ဖြစ်ခဲ့တဲ့ ကွမ်းယာ ဆိုင်က ကိုလုံးရဲ့စကားနဲ့သာ ရိပ်ဖမ်းသံဖမ်း ပုံဖော်ယူခဲ့ကြရတာပါ။ သူတို့နှစ်ယောက် ဟာ ကွမ်းယာဆိုင်ရဲ့ ရှေ့နားလောက်မှာ ထိပ်တိုက်တွေ့ခဲ့ကြတာဆိုပဲ။





လှမောင်ကြီးက လမ်းသွယ်ထဲက ထွက်လာပြီး၊ ဆိုင်မှာ အာသွားစွတ်မယ့် ခင်မောင်ရင်ကတော့ လမ်းမကြီးအတိုင်း လျှောက်လာတာပါတဲ့။ ဆိုင်ရှေ့နား လောက်မှာ မျက်နှာချင်းဆိုင် ဆုံကြပေမယ့် ဘယ်သူမှ လမ်းဖယ် မပေးကြဘူးတဲ့။ တစ်ယောက်ရင်ဘတ်ကို တစ်ယောက် လှမ်းကိုင်နိုင်လောက်တဲ့ အနေအထားရောက်မှ ရပ်လိုက်ကြပါသတဲ့။

မျက်မြင်သက်သေဖြစ်ခဲ့တဲ့ ကိုလုံးတော့ ဘယ်လိုနေမယ် မသိဘူး။ လ္ဘက်ရည် ဆိုင်ထဲမှာ ကိုလုံးပြောသမျှ ထိုင်နားထောင်နေကြတဲ့ လူတွေကတော့ အဲ့ဒီနေရာ လည်းရောက်ရော အသက်မရှူရဲဘူး။ တစ်ယောက်နဲ့တစ်ယောက် ခပ်ပေပေစိုက် ကြည့်ရင်း စတင် ဖောက်ခွဲသူကတော့ လှမောင်ကြီးပဲဖြစ်ပါသတဲ့။

'မင်း ငါ့အကြောင်းတွေ လျှောက်ပြောနေသလား'

လှမောင်ကြီးက အဲ့လိုမေးလိုက်တော့ ခင်မောင်ရင်က ခပ်ရှုးရှုး ပြန်ကြည့် သတဲ့ ပြီးတော့မှ ...

'မင်း သိချင်သလား'

'အေး'

'ဒါဖြင့် ... ငါ့နောက် လိုက်ခဲ့'

ခင်မောင်ရင်က ဓောင်းငန်းဓောင်းငန်းနဲ့ စထွက်သွားပြီး လှမောင်ကြီးကတော့ ပေဓောင်းဓောင်းနဲ့ လိုက်ပါသွားပါသတဲ့။

ကိုရီးယားကား အပိုင်းဆက်ကြည့်ရသလို ကောင်းခန်းရောက်မှ အီလည် လည်ကြီး ရပ်သွားလို့ ကိုမောင်ကြည်တစ်ယောက် သူ့ဆံပင်ဘုတ်သိုက်ကြီးကို အား မလိုအားမရ စုံကုတ်ရင်း 'ခွီးကွာ' ... တဲ့။ မချင့်မရဲ ရေရွတ်တယ်။

ဘေးနားက လူတွေကတော့ ... 'ဘောလုံးကွင်းထဲများ သွားကြသလား' 'ရေကူးကန်ဘက်လည်း ဖြစ်နိုင်တယ်။ အဲ့ဒီဘက်က လူပြတ်တယ်' 'ငါ ... စက်ဘီးနဲ့ တစ်ခေါက်လောက် ပတ်ရှာကြည့်လိုက်ဦးမယ်' တစ်ယောက်တစ်ပေါက် ထင်ရာမြင်ရာ ပြောရင်း ဆူညံနေကြတော့တာပါပဲ။ ကိုယ့်အတွေးနဲ့ကိုယ် ထွက်ရှာတဲ့ လူလည်း ရှာပေါ့လေ။ ကျောင်းဆရာကတော့ ဦးနှောက်အားကိုးသူပီပီ မျက်စေ့စုံမှိတ်ပြီး ဖြစ်နိုင် ခြေတွေကို စဉ်းစားတယ်။ ဒါပေမယ့် ... ပညာတတ်အတွေးတွေကလည်း အဖြေ မပေးနိုင်ခဲ့ပါဘူး။

အဲ့ဒီနေ့က နေသာဓောင်းရော သူတို့နှစ်ယောက်စလုံးကို ရှာမတွေ့နိုင်ခဲ့ ကြဘူးပြောပါတော့။ အတော်ကြီးမိုးချုပ်မှ ရပ်ကွက်ထဲကို ယိုင်ထိုးယိုင်တိုင်နဲ့ ပြမ်း



www.burmeseclassic.com

www.burmeseclassic.com



လျှောက်ဝင်လာတဲ့ အရိပ်နှစ်ခုကို သတိထားမိလာကြတယ်။ မှားစရာ မရှိပါဘူး။ အများ မျှော်လင့်ထားကြတဲ့ မှုံးမှုံးနဲ့ရှုံးရှုံး နှစ်ယောက်ပါပဲ။ သူငယ်ချင်းချင်း သတင်းလွှေ့ လွှေ့ နှစ်ယောက်ပါပဲ။ သူတို့ ချိုးတဲ့ ဖဲကို သူတို့ ဘာသာ ဝေရိုက်ပြီး၊ သူတို့အချင်းချင်း အရင်းပြန်လိုက်ကြသူ့နှစ်ယောက်ကို အမှောင်ထဲကနေ ကိုမောင်ကြည် စိမ်းစိမ်းကြီး စိုက်ကြည့်နေခဲ့မိတာ အတော်ကြာပါတယ်။ မြင်ကွင်းထဲကနေ သေးပြီး ပျောက်ကွယ် သွားကြတဲ့ အထိပါပဲ။

၄။

နောက်တစ်နေ့ကစပြီး စိတ်ကို ဒုံးဒုံးချလိုက်တဲ့ ကိုမောင်ကြည်ဟာ သူ့ရဲ့ လှောက်ရည်ဆိုင် လေးကို အပြီးပိတ်ပစ်လိုက်ပါတော့တယ်။ တစ်ယောက်ထဲနဲ့တောင် လူမဝင်သေးရင် နှစ်ယောက်သာဆို သူ့ဆိုင် အရင်းပြုတ်မှာ သေချာနေတော့တာကိုး။ ကျောင်းဆရာက မပိတ်ဖို့ တားချင်ပေမယ့် သူကိုယ်တိုင်လည်း ဂျုံစောင်းက ဒဏ်ရာလေးကို မကြာခဏ စမ်းနေမိတတ်တာပါ။ အရပ်ထဲက လူတွေကတော့ အဲဒီနေ့ကစလို့ တစ်ယောက်ပုခုန်း တစ်ယောက်ဖက်ထားတဲ့ အရိပ်နှစ်ခုကို အတော်ဝေးဝေးကနေ လှမ်းမြင်ပြီဆိုတာနဲ့ အိမ်ထဲပြေးဝင်ကြတော့တာပဲ။ အကြောင်းကြောင်းကြောင့် မဝင်ဖြစ်လိုက် သူတွေ ကတော့ မျက်စေ့ကိုမှိတ်ပြီး နှုတ်ခမ်းကို တင်းတင်းစေ့ထားလိုက်ကြတော့တယ်။

ကိုမောင်ကြည် အပါအဝင် ကျောင်းဆရာတို့ တစ်အုပ်စုလုံး မသိလိုက်ကြတဲ့ မှောက်ဖဲတစ်ခု ရှိတယ်။ အဲ့ဒါကတော့ ခင်မောင်ရင်ကိုယ်တိုင်လည်း နယ်နယ်ရရ မဟုတ်တဲ့ လက်မှတ်ရ ငနဲဆိုတာပဲ။

(မေလ-၂၀၀၇၊ မဟေသီ)





→ ရွေးချယ်တင်ဆက်မှု - ၁၃

# နားနားပြီးပြောသော်လည်း ဘဝင်ကြောမထိ၍ အသိပင်မဝင်



www.burmeseclassic.com

www.burmeseclassic.com



ခုဆို ကလေးနှစ်ယောက်ကပါ။ အကယ်ဒမီချိန်လာကြပြီ။
'အမေ့ခြေရာ' တဲ့။ သေသွားမယ်။
မသေတောင် လေတော့ဖြတ်သွားမယ် ဆိုတာ
သူတို့မှ အစစ်။





၁။

အောင်မင်းကတော့ လွှန်ပြီးရင်း လွှန်ရင်း ဖြစ်တော့မှာပါပဲ။

ပြောရတာလည်း အာပေါက်လှပါပြီ၊ ဟောရင်းနဲ့ ပျံလွှန်တော်မူမယ်ဆိုတာ ကိုယ်မှ အစစ်ပဲ၊ မိုးလင်းကတည်းက ပြောလိုက်ရတဲ့အပြောဆိုတာ ကက်ဆက်နဲ့ဖမ်းထားပြီး နောက်ခံတီးလုံးထည့်လိုက်ရင်တောင် ဟာစ်ဟော့သီချင်းရှည်ကြီး ဖြစ်လောက်တယ်၊ မျက်ခွံနှစ်လုံးပွင့်ကတည်းက မြင်လိုက်ရတဲ့ အလွဲတွေဆိုတာ တစ်ခုပြီးတစ်ခု။

အိမ်သာလုတက်ရင်း ရန်ဖြစ်ကြ၊ ပဲပြုတ်သည် မမီလိုက်လို့ အမေနဲ့သမီး စကားများကြ၊ ဆံပင်ထောင်ချင်တဲ့ မူလတန်းကောင်က ဘီးရှာမတွေ့လို့ ပွစိပွစိဖြစ် တအောင့်ကြာတော့ ကြားလိုက်ရတယ်။

ဟော ... တွေ့ပြီ၊ ဘယ်မှာ တွေ့တာလဲ၊ ဟဲ့ ... ဘယ်လို ရေခဲသေတ္တာထဲ ရောက်နေရတာလဲ၊ အမေပဲ ခုန ... ဟင်းရွက်တွေ ထုတ်ရင်း ယောင်ပြီးတင်ထားခဲ့မိတာ ဖြစ်မှာပေါ့...၊ ဟော ...။



www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ မျက်စိနှစ်လုံးပွင့်ပြီး ဆယ်မိနစ်လောက်အတွင်း ကြားလိုက်ရတဲ့ အမေနဲ့ သူ၏သား(၁) သမီး(၁) အော်ပရာရဲ့ နောက်ခံဂီတသံတွေပါ၊ သူတို့သုံးယောက်တည်းနဲ့ ကမ္ဘာပျက်မတတ်ဖြစ်နေတော့ ညက ညဥ့်နက်တဲ့အထိ စာဖတ်ခဲ့တဲ့ ကိုယ်လည်း မနေသာတော့ဘူးပေါ့။ အိပ်ရာက လူးလဲထလိုက်ရတော့တယ်။

ကိုယ့်လူတို့လည်း သိကြတဲ့အတိုင်းပါပဲ ကမ္ဘာဦးကတည်းက စခဲ့တဲ့ ဓာတ်ညွှန်းတွေအတိုင်း ကိုယ်ကလည်း ဆတ်ဆော့ပြီး အိမ်ထောင်ပြုခဲ့မိတာကိုး။ တစ်ယောက်တည်းနေလည်း ဖြစ်သားနဲ့ သွားပြီး အပူရှာခဲ့မိတာဆိုတော့ ကိုယ့်အပြစ်နဲ့ကိုယ် ခံရုံရှိတော့တာပေါ့။

မျက်နှာသစ်မယ်လုပ်တော့ ဆပ်ပြာတုံးက ရှာမတွေ့ဘူး။ အောက်များကျသွားလား၊ လိုက်ရှာတော့ သူတို့သားအမိမွေးထားတဲ့ ခွေးနှစ်ကောင်က ဆပ်ပြာတုံးကို ကိတ်မုန့်အမှတ်နဲ့ တစ်စစီကိုက်ဖဲ့နေတော့တာကိုး၊ ရှိစေတော့ ဆိုပြီး ဒီတိုင်းပဲ သစ်လိုက်ရတယ်။ ကျောင်း လွယ်အိတ်ပြင်နေတဲ့ ငါးတန်းကျောင်းသူ သမီးအကြီးက ဘောလ်ပင် ရှာမတွေ့လို့ ဗျစ်တောက်ဗျစ်တောက် ဖြစ်နေတယ်။ ညက သူတို့အမေ ထီဂဏန်း ယူတွက်တာတွေ့သားပဲ၊ ဝင်ပြော မလို့ရှိသေး မဟာဝါက 'ရှာမနေနဲ့၊ ကျောင်းရှေ့ရောက်ရင် အသစ်တစ်ချောင်း ဝယ်ပေးမယ်' ဆိုပြီး ပတ္တောပိတ်လိုက်လို့ အသာငြိမ်နေလိုက်တယ်။ အဲ့ဒီလိုနဲ့ အိမ်မှာလည်း ခဲတံဘော်လ်ပင်တွေ များလှပေါ့။

'စားပွဲပေါ်မှာ ကော်ဖီ ဖျော်ထားတယ်။ ကလေးတွေကို ကျောင်းသွားပို့လိုက်ဦးမယ်နော်'

နားအေးပြီးရော ခေါင်း မြန်မြန်ညိတ်ပြလိုက်ပေမယ့် အိမ်ဝရောက်တော့ အသံတွေကို ကြားရပြန်တာပဲ၊ သော့ရှာမတွေ့လို့တဲ့၊ အိမ်ထဲက ထွက်မရကြဘူးပေါ့၊ ရှာပါဟဲ့ ...၊ ဖွေပါဟဲ့၊ ပွက်လောရိုက်နေကြတာ မျက်စိရောနားရော မူးလာလို့ ငြိမ်ငြိမ်လေး ထိုင်နေလိုက်ရတယ်။ တော်တော်ကြီးကြာတော့မှ ဆန်ကောထဲက သင်လက်စချုဉ်ပေါင်ရွက်ပုံထဲမှာ အိမ်တံခါးသော့က ပြုံးဖြီးဖြီးနဲ့ ခန့်ခန့်ကြီး။

သူတို့နဲ့ အောင်မင်းနဲ့ကတော့ အဲ့ဒီမှာ စတွေ့တာပဲ၊ လွှတ်ခနဲ ပြောမလို့ ပါးစပ်ပြင်ပြီးမှ ကော်ဖီရည်တွေ ကမန်းကတန်း လောင်းထည့်လိုက်ရ





တယ်။ နေဦး၊ ခုလို အိပ်ရာနိုးစ စောစောစီးစီး အချိန်မျိုးမှာတော့ ခဏလေးနေဦး။ နောက်မှ ပြောလို့ရတယ်၊ တစ်နေ့လုံး နားနားပြီး ပြောလို့ရတယ်၊ လက်ကျန်ကော်ဖီကို ဒေါသတကြီး မော့ချလိုက်မိတယ်။

၂။

အိမ်ထောင်မှု ဘုရားတည် ဆေးမင်ရည်စုတ်ထိုး ကိစ္စဟာ၊ မြန်မာဘောလုံးအသင်း လူရွေးသလိုမျိုး ပြင်လို့ပြုလို့ မလွယ်ဘူးဆိုတာ ကိုယ်လည်း နားလည်ပါရဲ့။ ဒါပေမယ့် ... ဒီလောက်ကြီး လွဲလိမ့်မယ်လို့မှ ထင်မထားမိခဲ့တာပဲ၊ အသက်လေးလည်း ကိုယ့်ထက်ငယ်တော့ ပုံသွင်းလို့ရလိမ့်မယ်၊ ထား ရာနေ စေရာသွားမဟဲ့ပေါ့ မျှော်လင့်မိခဲ့တာ ပြောပါတယ်။ ဘယ်နှယ့် ... လွဲချက်ကတော့ လက်လန်တယ်၊ အလန်ဇယားဆိုတာ သူမှအစစ်၊ အကျော့က မာသလားမမေးနဲ့၊ သတိမေ့တတ်လိုက်တာလည်း လွန်ပါရော၊ ဒီထား ဟိုမေ့၊ နပြော တော်ကြာမေ့၊ ဒီကြားထဲ ဗရမ်းဗတာကလည်း နိုင်လိုက်သေးတယ်။ ခုဆို ကလေးနှစ်ယောက်ကပါ အကယ်ဒမီ ချိန်လာကြပြီ၊ 'အမေ့ခြေရာ' ... တဲ့။

သေသွားမယ်၊ မသေတောင် လေတော့ဖြတ်သွားမယ်ဆိုတာ သူတို့မှအစစ်ပဲ၊ ကိုယ်က စာလေးပေလေးရေးပြီး ခါနာရိုက်ရတဲ့သူ မဟုတ်လား၊ ဒီတော့ စာရေးကိရိယာဆိုတာ ကိုယ့်အတွက် အသက်သွေးကြောပဲ ပြောပါတော့။ ဒါပေမယ့် ... စာရေးမယ်ကြံရင် ဘောလ်ပင် ရှာမတွေ့ဘူး၊ သူတို့အမေက ထီဂဏန်း ယူမှတ်တယ်၊ ပြန်မထားဘူး၊ ကလေးတွေက ပုံ ယူဆွဲကြတယ်၊ ပြန်မထားဘူး။ တစ်ခါတစ်လေ အတွေးလေးပေါ်လာလို့ ဗိုက်ဘုတ်မှာ မှတ်မယ်ကြံရင် ဗိုက်ဘုတ်မာကာက ရှာမတွေ့ဘူး၊ လိုက်ရှာတော့ ကလေးနှစ်ယောက် အိမ်နံရံမှာ ပုံဆွဲရင်း ထိပ် ပဲ့ပြီးနေပြီ၊ ဒီတော့ ဖျက်ခနဲ ပေါ်လာတဲ့ အတွေးတွေလည်း ဆတ်ခနဲ ပြန်ပျောက်သွားတော့တာပါပဲ။

ဒေါသစိတ်က အတွေးတွေကို အငွေ့ပြန်သွားစေခဲ့ပြီဆိုတော့ စာမရေးဖြစ်တော့ဘူးပဲ ပြောပါတော့၊ တစ်လ သုံးပုဒ်ရေးမယ့်ဟာ၊ တစ်ပုဒ်ပဲ ရေးဖြစ်တော့တယ်၊ တစ်ပုဒ်စာ စိတ်ကူးရရင် တစ်ကြောင်းပဲ ချရေးနိုင်တော့တယ်၊ အဲ့ဒီအကြောင်း အတိအလင်း ဖွင့်ပြောဆူပူခဲ့ပေမယ့်လည်း



www.burmeseclassic.com

www.burmeseclassic.com



တောစကား တောပျောက်ပါပဲ၊ အရေးဟဲ့အကြောင်းဟဲ့ဆိုရင် ရှာလေဦးတော့ ဘောလ်ပင်ရယ် ...၊ ကမ္ဘာကုန်ကျယ်သရွေ့ပါပဲ၊ ကိုယ်ကလည်း သူ့ကိုမှ သူငယ်ချင်းလို့ပဲ ဆက်၍ ခေါ်နေမိတော့ ခက်သွားရယ်ပဲ။

တကယ်ဆို ကိုယ်က ဒီယုန်တွေမြင်လို့ ဒီခြံတွေ ကြိုထွင်ပြီးသားပါ၊ ဆိုလိုတာက အပြင်က ပြန်လာရင် သော့ချိတ်ဖို့ နေရာလုပ်ပေးထားတယ်၊ ထီးထားဖို့၊ ပိုက်ဆံအိတ်တင်ဖို့ ပြင်ဆင်ပေးထားတယ်၊ ဘီးထည့်ဖို့ခွက်၊ ဆပ်ပြာနဲ့ သွားတိုက်ဆေးတင်ဖို့စင်။ ဦးထုတ်ချိတ်ဖို့ ချိတ်၊ အဝတ်လှန်းဖို့တန်း။ အားလုံး စံနစ်တကျပါပဲ။

ဒါပေမယ့် ... သူတို့က စနစ်တကျကို လွဲတော့တာပါ။

ခုမနက် ဘီးနဲ့ အိမ်သော့ နေရာလွဲတယ်၊ မနေ့ကတော့ လက်နှိပ်ဓာတ်မီးနဲ့ ပလာယာ လုံးလုံး အစပျောက်သွားတယ်၊ ညဘက် သူတို့ တီဗွီကြည့်ပြီးလို့ အိပ်ရာထဲဝင်သွားကြပြီဆိုရင် အိမ်ရှေ့တံခါးက ဟောင်းလောင်း၊ ဧည့်ခန်းထဲမှာ ခြင်ဆေးခွေတွေက အငွေ့တထောင်းထောင်း၊ အလွန်ဆော့တဲ့ ခွေးနှစ်ကောင်က ခြင်ဆေးခွေကို တိုက်မိပြီး မီးထလောင်ရင် မခက်ပါလား၊ ဒီတော့ မနေနိုင်တဲ့ကိုယ်ကပဲ ထပြီး မီးငြိမ်းပေါ့၊ အိမ်တံခါးတွေပိတ် မီးတွေမှိတ်ပေါ့၊ မနေနိုင်လို့ ပြောချင်ရင်လည်း တစ်ညလုံးသာ နားနားပြီး ပြောပေတော့၊ ခမျာများကတော့ အိပ်ကြလေပြီ တခေါခေါနဲ့။

မကြာခဏ ပိန္နဲပင်ကို လာတိုက်တတ်တဲ့ နောက်ထပ်အကျင့်တစ်ခုကတော့ အပြင်ကပြန်လာလို့ အထုပ်အပိုးများ ပါရင် အိမ်ထဲရောက်ရောက်ချင်း ပထမဆုံးလှမ်းတင်တတ်တဲ့နေရာကတော့ ကိုယ့်စာရေးစားပွဲပဲ၊ ဝင်ခလုတ် ထွက်ခလုတ်ဆိုတာ အဲ့ဒီစာရေးစားပွဲကမှ အစစ်၊ ဒီအိမ်မှာ ဘုရားစင်ပြီးရင် အမွန်အမြတ် အလေးထားရမယ့်နေရာဟာ အဲ့ဒီစားပွဲပါလို့ ပြောခဲ့တာလည်း အာတွေကို ပေါက်ပေါ့။

စားပွဲပေါ်ကို ကိုရင်လေးတို့ နှစ်ဝိုင်းတို့လည်း ရောက်ဖူးတယ်၊ မုန့်ထုပ်တွေ အသားငါးထုပ်တွေ လာတင်တာကလည်း ခဏခဏ၊ ကျောင်းထမင်းဘူးတို့ ဆံပင်ညှပ်ကလစ်တို့ ပိုက်ဆံအိတ်၊ လက်ကိုင်ပဝါတို့ဆိုတာကတော့ မပြောနဲ့တော့ တစ်ခါတလေ မီးဖိုထဲကနေ သူ့သားသမီးတွေကို တစ်ခုခု ရှာခိုင်းရင် ... 'ဟဲ့ ... နင်တို့ အဖေစားပွဲပေါ်မှာ သွားကြည့်လေ' ဆိုတာက မကြားချင်မှ အဆုံးပါပဲ။





အဲ့ဒီတော့ ကိုယ့်လူရေ၊ ကိုယ်စာရေးကျဲတာလည်း မပြောနဲ့ ဘယ့်နယ့်လုပ် ရေးချင်စိတ် ရှိတော့မှာတုန်း၊ ခု ဒီစာရေးတာတောင် သူ့ သိုးမွေးချည်လုံးနဲ့ တစ်ချောင်းထိုးအပ်တွေ၊ ငါးတန်းကျောင်းသူကြီးရဲ့ ဟိုညှပ် ဒီကပ် ပန်းချီကားတွေကို ဘေးဖယ်ပြီး ရေးရတာခင်ဗျ၊ ကလေးတွေကလည်း အဖေ့စာရေးစားပွဲ၊ စာရေးကိရိယာနဲ့ စာအုပ်စင်ဟာ သူတို့ရဲ့ ကစားကွင်းလို့ တရားဝင်သတ်မှတ်ထားလေရဲ့။

ပြောရရင် ကလေးနှစ်ယောက်စလုံးဟာ ကိုယ့်သွေးသားတွေပါပဲ၊ ကိုယ်နဲ့ပဲ အကြောင်းပါခဲ့တယ်ဆိုတာလည်း သိပ်ကို သေချာပါတယ်။ ဒါပေမယ့် လွဲတယ်ဆရာရေ၊ ထိပ်စည်းလေးတောင် မတူဘူး။

သုံးတန်းကျောင်းသားက အဖေ့ကဗျာတွေကူးပြီး ဟစ်ဟော့လုပ်ဆိုဖော်ရလို့ ချီးကျူးမယ်ကြံကာရှိသေး၊ ရေးလက်စဝတ္ထုတိုစာရွက်ကို ခေါက်ပြီး လေယာဉ်ပျံလုပ်ဆော့ပါလေရော ...။ ငါးတန်းသမီးကတော့ ကော်ရက်ရှင်ဘူးနဲ့ စတက်ပလာ ယူသုံးတယ်။ စာရေးတဲ့ လျှောက်လွှာစာရွက်တွေယူပြီး ပုံဆွဲတယ်။ အရုပ်အကျီညှပ်တယ်၊ ကိုယ် စာရေးမယ်ကြံတော့ တစ်ရွက်မှ မရှိတော့ဘူး။

သူတို့အမေလည်း တစ်ခွန်းမှ ဝင်မပြောဘူး၊ ကိုယ့်လူရေ၊ ဒါဟာ ပြောကောင်းတဲ့ ကိစ္စ၊ ပြောအပ်တဲ့အရာလို့ ယူဆပုံကို မရပေဘူး၊ ဒါနဲ့ ကိုယ်လည်း စကားနည်းရန်စဲ စာဖတ်မယ်ဆိုတဲ့ စိတ်ကူးနဲ့ ကျောက်မြောင်းက ယူလာတဲ့ မောင်သင်ရဲ့ ဆရာဇာတ်လမ်းစုံကို လိုက်ရှာတော့ လားလား ... မဟာဝ့ါလုပ်လို့ တစ်အုပ်လုံး ရေစိုပြီး ပြတင်းပေါက်မှာ လှမ်းထားပါရောလား၊ ကိုယ်စိတ်ဆိုးတော့ သူက ယူပြီး မီးပူထိုးပေးတယ်၊ အဲဒီတော့မှ ပိုဆိုးတော့တာ ခင်ဗျ၊ စာရွက်တွေဟာ ကျွတ်ဆတ်ပြီး အကုန်တွန့်ကြေကုန်တော့တယ်။

စိတ်ဆိုးပြီး အသားတုန်ကာမှ တုန်ရော၊ သူကတော့ အေးဆေးပဲ၊ 'ဆောရီးဆရာရေ ... ပန်းပင်ရေလောင်းရင်း ရေစည်ထဲ ပြုတ်ကျသွားတာ' ... တဲ့။

အဲဒီလိုမျိုး (ကွန်ဖရန်တေးရှင်း) ဖြစ်ရတာကို စိတ်ကုန်လွန်းလို့ တတ်နိုင်သမျှ ဖာသိဖာသာ နေတာပါပဲ၊ ဒါပေမယ့် ... မရပါဘူး၊ မဟာဝ့ါနဲ့က မကြာခဏ ထိပ်တိုက်တွေ့ကြရတယ်၊ ဒီနေ့လည်း အိပ်ရာကနိုးပြီး ဝတ္ထု



www.burmeseclassic.com

www.burmeseclassic.com



တစ်ပုဒ်ထိုင်ရေးတယ်၊ သူလည်း ကလေးကျောင်းပို့ရာက ပြန်လာပြီး တစ်ချောင်းထိုးအပ်နဲ့ ချည်လုံးနဲ့ အိပ်ခန်းထဲမှာ ငြိမ်လို့၊ ဒီပုံအတိုင်းဆိုရင် ရာသီဥတုက မဆိုးလှဘူးပေါ့။

ဒါပေမယ့် မကြာပါဘူး စိတ်တိုစရာ ပေါ်လာတယ်၊ ရေးလက်စဝတ္ထု အသွားအရ ဂျာနယ်တစ်စောင်မှာပါဖူးတဲ့ ဝတ္ထုအဟောင်းတစ်ပုဒ်ကို ကိုးကားစရာ ဖြစ်လာတယ်။ လိုက်ရှာတော့ ဂျာနယ်က မတွေ့ဘူး။

'ဟော့ ... ငါ့ဝတ္ထုပါတဲ့ အလင်္ကာဝတ်ရည်ဂျာနယ် ဘယ်ရောက်သွားလဲ'

လို မေးတော့ မဟာဝါလည်း ပြုးပြဲနေအောင် လိုက်ရှာတာပါပဲ၊ ဒါပေမယ့် ... ရေကြည်လည်းနောက် ဂျာနယ်လည်းပျောက်၊ ဒီကတည်းက ထင်တော့ ထင်လိုက်ပါတယ်၊ ခများများ လက်ချက်ဖြစ်မှာပဲလို့၊ ဘယ့်နှယ့် ကိုယ့်ဟာကိုယ်ဆိုရင် ပျောက်စရာအကြောင်းမှ မရှိတာ၊ ကိုယ့်ဝတ္ထု ပါထားတဲ့ ဂျာနယ်ဆိုရင် ပိုပြီး မပျောက်နိုင်ဘူး၊ မဂ္ဂဇင်းဂျာနယ်မှန်သမျှ စာအုပ်စင်မှာ သူ့ဟာနဲ့သူ ထားနေကျပဲဥစ္စာ။

စက်ထဲဖွင့်ရှာတော့ ဝတ္ထုတိုပေါင်းချုပ်အတွက် ကွန်ပျူတာစာစီထားတဲ့ ဖိုင်ထဲလည်း မထည့်ရသေးဘူး၊ လက်ခံမိတ္တူလည်း မရှိဘူး၊ ဒါဆိုရင်တော့ ဂျာနယ်သာ ပြန်မတွေ့ရင် ရေးပြီးသား ဝတ္ထုတိုတစ်ပုဒ် အစပျောက်တော့မယ့် ကိန်းပဲ၊ ပြီးတော့ ဂျာနယ်ဆိုတာက မဂ္ဂဇင်းလို ခြေရာခံလိုက်ရှာဖို့က လွယ်တာ မဟုတ်ဘူး၊ တစ်အိမ်လုံး ဒေါင်းတောက်နေပေမယ့် အလင်္ကာဝတ်ရည်ဂျာနယ်ကတော့ အစအနတောင် မတွေ့ပါဘူး။

ညနေ ကလေးနှစ်ယောက် ပြန်လာလို့ ဂျာနယ်အကြောင်းမေးတော့ သမီးဆီက သဲလွန်စ ရတယ်။

'ဂူးဂူး စာမေးပွဲဖြေတုန်းက အမေပဲ အောက်က ခံရေးဖို့ ဆိုပြီး ချစ်သုဝေအဖုံးနဲ့ ဂျာနယ်ရယ်၊ အောက်ခံ ကတ်ပြားရယ်၊ ဂူးဂူးကို ပေးလိုက်တာ မဟုတ်လား'

ဒီတော့မှ မဟာဝါက မျက်စိမျက်နှာပျက်ပျက်နဲ့ ... ဟေ ... ဟုတ်လား ... တဲ့၊ ပြီးတော့ သူ့သားဘက်လှည့်ပြီး ... 'ဂူးဂူး ... မင်း အဲ့ဒီနေ့က စာမေးပွဲဖြေပြီး အဘွားတို့အိမ် ဝင်သေးလား၊ အဲ့ဒီမှာများ မေ့ကျန်ခဲ့သလား'





သူတို့ချင်း တိုးတိုးတိုးတိုးနဲ့ မေးမြန်းကြ၊ ဆွေးနွေးကြ၊ အဲ့ဒီနောက်တော့ သုံးယောက်သား ဂျာနယ်သွားရှာမယ်ဆိုပြီး အဘွားတို့အိမ်ကို ချီတက်သွားကြလေရဲ့၊ ဒါပေမယ့် ... ပြန်လာတော့လည်း ကိုရီးယားစကားနဲ့ဆို ... 'အာညီယား' ပါပဲ၊ မတွေ့ခဲ့ဘူးပေါ့၊ ကိုယ်ကလည်း ကိုရီးယားတွေ စိတ်ဆိုးသလို ဟက်ခနဲ မရယ်လိုက်ပါဘူး၊ မြန်မာပီပီ ထောင်းခနဲ ပေါက်ကွဲသွားတော့တယ်။

'ငါ့ဟာငါ ဆိုရင် ... ဘာဂျာနယ်မှ ပျောက်စရာ အကြောင်းမရှိဘူး၊ မင်းတို့တွေ စည်းကမ်း မရှိလို့၊ ဟိုတစ်ခါကလည်း ရေးပြီးသား ဆောင်းပါးတစ်ပုဒ်၊ ဗလာစာအုပ်နဲ့ရေးထားတာ နှစ်လလောက် ပျောက်သွားဖူးတယ်၊ တော်ပြီကွာ၊ ကိုယ့်ဟာကိုယ် နေကြတော့၊ ငါလည်း ကျောက်မြောင်းက အခန်းမှာ သွားနေမယ်၊ မနက်ဖြန် ... ငါ့အဝတ်တွေ အိတ်နဲ့ ထည့်ထားပေး'

ကလေးနှစ်ယောက်က မျက်စိမျက်နှာ ပျက်နေကြပြီ၊ သူလည်းပဲ မျက်နှာက ဘာမိတွန်ဆေးပြားသာသာ ရှိတော့တယ်၊ မတတ်နိုင်ဘူး၊ ပေါက်ကွဲတာက ပေါက်ကွဲပြီးသွားပြီ၊ နောက်တစ်နေ့ ကျောက်မြောင်းသွားနေမယ်လို့ ဆုံးဖြတ်လိုက်တော့တယ်။

၃။

နောက်နေ့ အိပ်ရာနိုးတော့ ကလေးနှစ်ယောက် ကျောင်းသွားနှင့်ကြပြီ။ သူတို့ရဲ့ ဆူဆူပူပူ မနက်ခင်းတေးသံသာကို (ဇော်လူး) တိုးထားလို့ ထင်ပါရဲ့။ အတော်နေမြင့်မှပဲ အိပ်ရာက နိုးတော့တယ်။ ခွေးသွားရာတွေ အချောင်းလိုက်ဖြစ်နေတဲ့ ဆပ်ပြာခဲနဲ့ မျက်နှာသစ်ပြီး သူ့ကို လှမ်းမေးလိုက်တယ်။

'ဟော့ ... ငါ့အဝတ်တွေကော'

'ရှင် ... ဘာအဝတ်လဲ'

မဟာဝါက ပြုးပြုးပျာပျာ ပြန်မေးလေရဲ့၊ သေချာတယ်၊ အဝတ်တွေ ထည့်ပေးထားဖို့ ဒင်း မေ့သွားပြန်ပြီ။ ဆက်ပြောရင် အားလုံးကို တစ်ကပြန်စနေရမှာစိုးတာနဲ့ မနေ့က ရေးလက်စစာမူကို လက်စသတ်ဖို့ စာရေးစားပွဲကို ထွက်လာခဲ့တယ်။ စားပွဲပေါ်မှာ ခန့်ခန့်ကြီး တွေ့လိုက်ရတာက ဒီနေ့ ရပ်ကွက်ကပေးမယ့် စားအုန်းဆီထုတ်ဖို့ ဆီပုလင်းနဲ့ သူ့ပိုက်ဆံအိတ်၊



www.burmeseclassic.com

www.burmeseclassic.com



စိတ်တိုတိုနဲ့ ယူပြီး လွှင့်ပစ်လိုက်ချင်ပေမယ့် ဆိုပုလင်းဆိုတော့ အသာပဲ ဘေးမှာ ချထားလိုက်ပါတယ်။ အံဆွဲထဲက စာမူထပ်ကိုထုတ်ပြီး ဘောလ်ပင် အဖုံးကို ချွတ်လိုက်တော့ ဘောလ်ပင်ထိပ်မှာ ဘောလ်စေ့မရှိဘူး ခင်ဗျ၊ တစ်ယောက်ယောက်ယူပြီး တစ်ခုခု လုပ်ခဲ့ပုံပါပဲ။ ဒါနဲ့ပဲ ... အံဆွဲတွေ ဖွင့်ပြီး ဘောလ်ပင်အသစ်တစ်ချောင်းကို လိုက်ရှာရတော့တယ်။

၄။

ဘုရားဟောထဲမှာ ချစ်သောသူနဲ့ ကွေကွင်းရင် ဒုက္ခလို့ ဆိုသလို မချစ်မနှစ်သက်သောသူနဲ့ အတူနေရရင်လည်း ဒုက္ခလို့ ဆိုပါတယ်။ ကိုယ့် ဇနီးမယားနဲ့ သားသမီးဆိုတာ ကိုယ်မချစ်တဲ့သူတွေမှ မဟုတ်တာပဲ၊ ဒါနဲ့တောင် တစ်ခါတစ်ခါ ဒီလောက် စိတ်ညစ်ရသေးရင် ... ကိုယ် တကယ် မချစ်နိုင်တဲ့ လူတွေနဲ့ တစ်မိုးအောက်ထဲမှာ အတူနေရင်ဖြင့် ...

ဘုရား ... ဘုရား ...

အတွေးနဲ့တင် အတော့်ကို ကျောချမ်းသွားပါတယ်။ ။

နေနော်



## နေနော် ● ထုတ်ဝေပြီးသော စာအုပ်များ


| | | | | |
|---|---|---|---|---|
| ၁။ | အသက်တမျှ | ပကြိမ် | ၉၁/၆ | (ဗီဒီယို) |
| | | ဒုကြိမ် | ၉၆/၈ | |
| ၂။ | နေလောင်ပန်းတစ်ပွင့်၏သမိုင်း | ပကြိမ် | ၉၁/၈ | (ဗီဒီယို) |
| | | ဒုကြိမ် | ၉၅/၃ | |
| | | တကြိမ် | ၀၄/၅ | |
| ၃။ | အဆိပ်မိလိပ်ပြာ | ပကြိမ် | ၉၂/၁ | (ဗီဒီယို) |
| | | ဒုကြိမ် | ၉၇/၉ | |
| ၄။ | အချစ်ရောင်ရှင့်ရှင့် | ပကြိမ် | ၉၂/၂ | (ဗီဒီယို) |
| | | ဒုကြိမ် | ၉၆/၁၁ | |
| | | တကြိမ် | ၀၄/၃ | |
| ၅။ | အက်ဆစ်ချို | ပကြိမ် | ၉၂/၈ | (ဗီဒီယို) |
| | | ဒုကြိမ် | ၉၄/၆ | |
| | | တကြိမ် | ၀၈/၂ | |
| ၆။ | ကြေကွဲကောင်းကင် | ပကြိမ် | ၉၂/၁၀ | (ဗီဒီယို) |
| | | ဒုကြိမ် | ၉၇/၁ | |
| ၇။ | နေနန်းနွယ်ရဲ့ည | ပကြိမ် | ၉၃/၃ | (ဝတ္ထုတို) |
| ၈။ | အရှုတ္တရုံး | ပကြိမ် | ၉၃/၄ | (ဝတ္ထုတို) |
| | | ဒုကြိမ် | ၀၀/၆ | |
| | | တကြိမ် | ၀၈/၉ | |
| ၉။ | အလင်းဖျော့ကောင်းကင် | ပကြိမ် | ၉၃/၇ | (ရုပ်ရှင်) |
| | | ဒုကြိမ် | ၉၈/၆ | |
| ၁၀။ | အတွင်းကြေ | ပကြိမ် | ၉၄/၄ | (ဗီဒီယို) |
| | | ဒုကြိမ် | ၀၁/၁ | |


www.burmeseclassic.com

www.burmeseclassic.com

## နေနော် ● ထုတ်ဝေပြီးသော စာအုပ်များ

| | | | | |
|---|---|---|---|---|
| ၁၁။ | သံမဏိဝတ်မှုန်<br>(နေနော်၊ ဇင်ဇင်၊ မင်းလူ) | ပကြိမ် | ၉၄/၁၀ | |
| ၁၂။ | အက်ကြောင်း၏နိဒါန်း | ပကြိမ်<br>ဒုကြိမ် | ၉၅/၁<br>၀၁/၇ | (ဗီဒီယို) |
| ၁၃။ | ဆုံမှတ်တစ်ခုမှ ဝေးရာဆီ | ပကြိမ်<br>ဒုကြိမ် | ၉၅/၈<br>၀၃/၆ | (ဗီဒီယို) |
| ၁၄။ | နှောင်ကြိုးတစ်မျှင် | ပကြိမ် | ၉၅/၁၀ | (ဗီဒီယို) |
| ၁၅။ | ပျားရည်နှင်းစက် | ပကြိမ်<br>ဒုကြိမ် | ၉၆/၉<br>၀၇/၇ | (ဗီဒီယို) |
| ၁၆။ | လေပြင်းခြွေတဲ့နွေ | ပကြိမ်<br>ဒုကြိမ် | ၉၇/၆<br>၀၄/၁၀ | (ဗီဒီယို) |
| ၁၇။ | ယုန်ကလေးရဲ့ကိုယ် | ပကြိမ်<br>ဒုကြိမ် | ၉၇/၈<br>၀၃/၄ | (ဗီဒီယို) |
| ၁၈။ | ကာရံပျက်ကဗျာ | ပကြိမ် | ၉၈/၁ | |
| ၁၉။ | ရင်ဘတ်ထဲက လိပ်ပြာ | ပကြိမ် | ၉၈/၂ | (ဗီဒီယို) |
| ၂၀။ | ကောင်းကင်ခါးခါး | ပကြိမ် | ၉၈/၉ | (ဗီဒီယို) |
| ၂၁။ | လျှော်ကြေး | ပကြိမ်<br>ဒုကြိမ် | ၉၈/၁၂<br>၀၄/၁၁ | (ဗီဒီယို) |
| ၂၂။ | လမ်းလျှောက်သူများ | ပကြိမ်<br>ဒုကြိမ် | ၉၉/၆<br>၀၅/၅ | |
| ၂၃။ | အိပ်မက်ရာသီ | ပကြိမ် | ၉၉/၁၀ | (ရုပ်ရှင်) |

## နေနော် ● ထုတ်ဝေပြီးသော စာအုပ်များ

| | | | | |
|---|---|---|---|---|
| ၂၄။ | သင်၏ချစ်လှစွာသော | ပကြိမ်<br>ဒုကြိမ် | ၀၁/၃<br>၀၅/၈ | (ရုပ်ရှင်) |
| ၂၅။ | မြစ်ကျိုးအင်း | ပကြိမ်<br>ဒုကြိမ် | ၀၀/၉<br>၀၅/၄ | (ဗီဒီယို) |
| ၂၆။ | အကြေကောက် | ပကြိမ် | ၀၀/၁၁ | (ဗီဒီယို) |
| ၂၇။ | တိမ်လွှာဝတ်ရုံ | ပကြိမ် | ၀၁/၂ | |
| ၂၈။ | ဆိပ်ကမ်းမဲ့တဲ့မြစ် | ပကြိမ် | ၀၁/၅ | (ဗီဒီယို) |
| ၂၉။ | နှင်းရိုင်းခတဲ့ည | ပကြိမ် | ၀၁/၈ | (ဗီဒီယို) |
| ၃၀။ | အာဒံပျိုးတဲ့ ပန်းခင်းလမ်း | ပကြိမ် | ၀၂/၂ | (ဗီဒီယို) |
| ၃၁။ | နေနန်းနွယ်ရဲ့နှောင်ကြိုး | ပကြိမ် | ၀၂/၉ | |
| ၃၂။ | မှော်နတ်သမီးရဲ့<br>အကြေကောက်ပုံပြင် | ပကြိမ် | ၀၅/၉ | (ဗီဒီယို) |
| ၃၃။ | သက်ပြင်းတွေနဲ့ဖွဲ့ထားတဲ့သံစဉ် | ပကြိမ် | ၀၅/၁၁ | |
| ၃၄။ | မှော်အတတ်နဲ့လုပ်ထားတဲ့<br>စကားလုံးတွေရဲ့ပဥ္စလက် | ပကြိမ် | ၀၆/၈ | |
| ၃၅။ | နှင်းစက်ကကြိုး | ပကြိမ် | ၀၇/၁၂ | (ဗီဒီယို) |

ယခု

| | | | | |
|---|---|---|---|---|
| ၃၆။ | သင်နှင့်တကွ<br>အပေါင်းပါများ သိသာရန် | ပကြိမ် | ၀၉/၃ | |
| ၃၇။ | ဖြောင့်ချက်(ကဗျာ) | ပကြိမ် | ၀၉/၃ | |

www.burmeseclassic.com